# မြဝတီ နေ့စဉ်

တိုင်းပြည်၏ စတုတ္ထမဏ္ဍိုင်ကိုဖော်ဆောင်ပေးသည့် မြဝတီ


**မြတ်ဗုဒ္ဓ၏အဆုံးအမတရား**

လောက၌ အမိကိုပြုစုလုပ်ကျွေးခြင်းသည် ချမ်းသာ၏။ အဖကိုပြုစုလုပ်ကျွေးခြင်းသည် ချမ်းသာ၏။ လောက၌ ရဟန်းတို့ကို ပစ္စည်းလေးပါးတို့ဖြင့် အရိုအသေပြုစုခြင်းသည် ချမ်းသာ၏။ မကောင်းမှုကင်းကုန်သော ဘုရား၊ ပစ္စေကဗုဒ္ဓါသာဝကတို့ကို ပစ္စည်းလေးပါးဖြင့် အရိုအသေ ပြုစုခြင်းသည် ချမ်းသာ၏။ **ဓမ္မပဒ**

**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

**တက်ညီလက်ညီ ရှေ့သို့ချီ ကိုယ်စီဆန္ဒ မဲပေးကြ။**


www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၅)၊ အမှတ်(၂၀၉)

၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၉ ရက်
၂၀၂၅ ခုနှစ်၊ နိုဝင်ဘာ ၁၂ ရက်၊ ဗြဒ္ဓဟူးနေ့


## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကိုအလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့်အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထု တစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ၏ဖြစ်ပေါ်တိုးတက်မှုအခြေအနေများကို သံတမန်များအား ရှင်းလင်းပြောကြား

**ရန်ကုန် နိုဝင်ဘာ ၁၂**

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် မြန်မာနိုင်ငံ၏ လက်ရှိဖြစ်ပေါ်တိုးတက်မှု အခြေအနေများနှင့်ပတ်သက်၍ ရန်ကုန်မြို့အခြေစိုက် သံတမန်များနှင့် ကုလသမဂ္ဂအဖွဲ့အစည်းမှ ကိုယ်စားလှယ်များအား ရှင်းလင်းပြောကြားခြင်းအစီအစဉ်ကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ရှိနိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ဇင်းမင်းရာဇာခန်းမ၌ ကျင်းပသည်။

ရှင်းလင်းပြောကြားမှုအစီအစဉ်သို့ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်ကျော်ကျော်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးအောင်လွင်ဦး၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာနနှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်တို့မှတာဝန်ရှိသူများ၊ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊


စာမျက်နှာ ၁၆ ကော်လံ ၁ ➤







နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေက မြန်မာနိုင်ငံ၏ လက်ရှိဖြစ်ပေါ်တိုးတက်မှုအခြေအနေများနှင့်ပတ်သက်၍ ရန်ကုန်မြို့အခြေစိုက် သံတမန်များနှင့် ကုလသမဂ္ဂအဖွဲ့အစည်းမှ ကိုယ်စားလှယ်များအား ရှင်းလင်းပြောကြားစဉ်။

**ဆောင်းပါး**

## နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့


စာ - ၁၃ သို့




## “နိုင်ငံအတွက်၊ မြို့နယ်အတွက်၊ ရပ်ကွက်၊ ကျေးရွာပါမကျန် အားလုံးဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးနိုင်မယ့်သူမျိုးကို ရွေးချယ်မဲပေးသွားမှာဖြစ်ပါတယ်”

အင်တာဗျူး စာ - ၅ သို့

## ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲဆိုင်ရာအသိပညာပေးနှိုးဆော်မှုများ ရိုက်ကူးရေးတွင် ဂီတအနုပညာရှင်များ ဆက်လက်ပါဝင်ဆောင်ရွက်


စာ - ၁၂ သို့





## အယ်ဒီတာ့အာဘော်

(၂၀၂၅ ခုနှစ်၊ နိုဝင်ဘာ ၁၃ ရက်)

# နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့

နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ခြင်း၏ အခြေခံအကြောင်းရင်းသည် ပညာတတ်လူသားအရင်းအမြစ်များ ပေါကြွယ်ဝခြင်းဖြစ်သည်။ နိုင်ငံတိုင်းတွင် လူငယ်များကို မိမိတို့နိုင်ငံ၏အနာဂတ်ကောင်းမွန်ရေးကို ကြိုတင်မြော်တွေးလျက် ပညာရေးကဏ္ဍကို လိုအပ်ချက်မရှိအောင် ဖြည့်ဆည်းဆောင်ရွက်လျက်ရှိကြသည်။ ယနေ့ခေတ်သည် ပညာခေတ်ဖြစ်သည့်အတွက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍစုံတွင် ပညာက လွှမ်းမိုးထားသည်။ ခေတ်နှင့်အညီ ခေတ်မီနည်းပညာတတ်မြောက်ရေးသည် ကျောင်းပညာရေးမှစတင်ခဲ့ကြခြင်းဖြစ်သည်။ အတန်းပညာရှိမှ အတတ်ပညာရှိမည်ဆိုသည့်အတိုင်း အတန်းပညာသည် အခြေခံလှေကားထစ်ဖြစ်သည်။ ရင်းနှီးမြှုပ်နှံမှုမှန်သမျှတွင် ပညာရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ရင်းနှီးမြှုပ်နှံပေးခြင်းမှာ အနာဂတ်နိုင်ငံတော်ကို နိုင်ငံတကာနှင့်ရင်ပေါင်တန်းနိုင်စေရန်ဖြစ်သည်။

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည် ဦးတည်ချက်(၄)ရပ်ချမှတ်ကာ နိုင်ငံတော်ကို ဘက်စုံထောင့်စုံ ကဏ္ဍစုံဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်လျက်ရှိသည်။ ထိုသို့ဆောင်ရွက်လျက်ရှိရာတွင် ပညာရေးကဏ္ဍနှင့်ကျန်းမာရေးကဏ္ဍသည်လည်း အဓိကအခန်းကဏ္ဍတွင်ပါဝင်လျက်ရှိသည်။ ထို့ကြောင့် **"နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်နိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး"** ကို ဦးတည်ချက်တစ်ရပ်အဖြစ်သတ်မှတ်ထားသည်။ ထို့ပြင် ပညာရေးနှင့်ပတ်သက်၍ "နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့" ဟူသော မူဝါဒကိုချမှတ်ထားသည်။

နိုင်ငံတော်တွင် အဆင့်မြင့်တက္ကသိုလ်များတည်ထောင်ပေးခြင်း၊ အသက်မွေးဝမ်းကျောင်းအထက်တန်းကျောင်းများတိုးချဲ့ဖွင့်လှစ်ပေးခြင်း စသည်ဖြင့်ဆောင်ရွက်ပေးလျက်ရှိသည်။ အထူးသဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်စက်မှု စသည့်အသက်မွေးဝမ်းကျောင်းပညာရပ်များကို အခြေခံပညာအလယ်တန်းဆင့်ပြီးမြောက်သည်နှင့်ဆက်လက်သင်ယူနိုင်ရေး ဆောင်ရွက်ပေးထားသည်။ ထို့ပြင် မြန်မာနိုင်ငံအောက်ပိုင်းတွင် စိုက်ပျိုးရေးနှင့် မွေးမြူရေးတက္ကသိုလ်တစ်ခုအား ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့တွင် ဖွင့်လှစ်ရန်ဆောင်ရွက်နေပြီဖြစ်သည်။ အဆိုပါစိုက်ပျိုးမွေးမြူရေးတက္ကသိုလ်(မအူပင်)၌ ယခုနှစ်တွင် ပထမနှစ်ဘွဲ့ကြိုသင်တန်းကိုစတင်ဖွင့်လှစ်မည်ဖြစ်ကြောင်းသိရှိပြီး လိုအပ်သည်များကိုပြင်ဆင်ဆောင်ရွက်လျက်ရှိသည်။

Naypyitaw State Academy တည်ထောင်ခြင်း(၃)နှစ်ပြည့်အခမ်းအနားကို နိုဝင်ဘာလ ၉ ရက်က အဆိုပါတက္ကသိုလ်ရှိ ဘက်စုံသုံးခန်းမ၌ကျင်းပခဲ့သည်။ Naypyitaw State Academy ကို "ပညာရှင်များဦးဆောင်မွေးထုတ်ရာ ဦးဆောင်တက္ကသိုလ်" ဖြစ်လာရန်မျှော်မှန်းချက်ဖြင့် မြန်မာနိုင်ငံ၏မြို့တော် နေပြည်တော်တွင် ၂၀၂၂ ခုနှစ် နိုဝင်ဘာလ ၉ ရက်က တည်ထောင်ဖွင့်လှစ်ခဲ့သည်။ ယခုအခါ(၃)နှစ်ပြည့်မြောက်ပြီဖြစ်ပြီး စဉ်းစားတွေးခေါ်ဖန်တီးမှုကိုအားပေးသော၊ အရည်အသွေးပြည့်ဝသော သင်ကြားသင်ယူလေ့ကျင့်မှုများမှတစ်ဆင့် အသုံးချသုတေသနနှင့် တီထွင်ဆန်းသစ်မှုကိုအားပေးသည့် အဆင့်မြင့်ပညာရပ်များကိုသင်ယူရာ ထိပ်တန်းတက္ကသိုလ်ဖြစ်လာစေရန် ဦးတည်ချက်ဖြင့်ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။

Naypyitaw State Academy ကိုစတင်ဖွင့်လှစ်သည့် ၂၀၂၂-၂၀၂၃ ပညာသင်နှစ်တွင် ဝိဇ္ဇာပညာမဟာဌာန၊ သိပ္ပံပညာမဟာဌာန၊ စီးပွားရေးပညာမဟာဌာန၊ ဥပဒေပညာမဟာဌာန စသည်ဖြင့် မဟာဌာနကြီးလေးခု၊ အထူးပြုဘာသာရပ် ၁၂ ခုတွင် ကျောင်းသား၊ ကျောင်းသူ ၁၂၆ ဦးကို လက်ခံသင်ကြားခဲ့သည်။ ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် ဆေးပညာမဟာဌာန၊ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် လူမှုရေးပညာမဟာဌာနနှင့် အားကစားပညာမဟာဌာနတို့ကို တိုးချဲ့ဖွင့်လှစ်ခဲ့ပြီး မဟာဌာနကြီးခုနစ်ခု၊ အထူးပြုဘာသာရပ် ၂၀ တွင် ပထမနှစ်မှ မဟာတန်းအထိ တန်းစုံဖွင့်လှစ်သင်ကြားနိုင်ခဲ့ပြီဖြစ်သည်။

၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် Nuclear Physics ကုန်ထုတ်ဓာတုဗေဒ၊ စာကြည့်တိုက်နှင့် သုတပညာ၊ သံတမန်ရေးရာအထူးပြုဘာသာရပ်လေးခုကို ထပ်မံဖွင့်လှစ်လိုက်သည့်အတွက် အထူးပြုဘာသာရပ် ၂၄ ခုကို ဖွင့်လှစ်သင်ကြားပို့ချနေပြီဖြစ်သည်။ အရည်အသွေးရှိသောသင်ကြားသင်ယူမှုကို ထိရောက်စွာဆောင်ရွက်နိုင်ရန် သင်ကြားရေးအထောက်အကူပစ္စည်းများ၊ ခေတ်မီလက်တွေ့ခန်းသုံးပစ္စည်းများကို ကိုယ်ကာယကြံ့ခိုင်မှုပစ္စည်းများ၊ ရည်ညွှန်းစာအုပ်များ၊ Internet Access နှင့် e-Library တို့ကို ဖြည့်ဆည်းပေးထားသည်။

နိုင်ငံတော်အစိုးရက ပညာရေးကိုအားပေးမြှင့်တင်ပေးနေသကဲ့သို့ အခွင့်အလမ်းကောင်းများကိုလည်း ဖန်တီးပေးထားသည်။ နိုင်ငံတော်တွင်ကြုံတွေ့ရသည့်အခက်အခဲနှင့် စိန်ခေါ်မှုများကြားမှ ပညာရေးကို အထူးအလေးထားကာ မဖြစ်မနေအားပေးနေခြင်းဖြစ်သည်။ ပညာတတ်များပေါများလာစေရေးအတွက် မသင်မနေရပညာရေး၊ အခမဲ့ပညာရေး၊ စဉ်ဆက်မပြတ်ပညာရေးစီမံချက်များဖြင့် အားပေးမြှင့်တင်လျက်ရှိသည်။ နိုင်ငံတော်တွင် အသိပညာ၊ အတတ်ပညာမြင့်မားရေး၊ အားကစားကဏ္ဍမြှင့်တင်ရေး၊ လူငယ်နှင့်ပညာရေးကဏ္ဍမြင့်မားရေး၊ ကုန်ထုတ်စွမ်းအားအဆင့်မြှင့်တင်ရေးတို့ကို စဉ်ဆက်မပြတ်ဆောင်ရွက်ပေးလျက်ရှိသည်။

ယခုအခါ ပညာရေးရင်းနှီးမြှုပ်နှံမှုများကို ပိုမိုတိုးချဲ့ဆောင်ရွက်ပေးနေပြီဖြစ်ရာ မြန်မာနိုင်ငံ၏ပညာရေးကဏ္ဍမြှင့်တင်မှုမှာ အောင်မြင်မှုများဆီသို့ဦးတည်နေပြီဖြစ်သည်။ ပညာရေးကိုအားပေးနေခြင်းမှာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက်ဖြစ်ပေရာ ပြည်သူလူထုများကလည်း "နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့" ဆောင်ပုဒ်နှင့်အညီ ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။ ။

## ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

**ရွေးကောက်ပွဲကျင်းပရန် ၄၅ ရက် သာ လိုတော့သည်။**

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

# ဒုတိယအကြိမ် မဲစာရင်းကပ်ထားရာတွင် မဲဆန္ဒရှင်စာရင်းများမှန်ကန်စေရေး စိစစ်ဆောင်ရွက်

ရပ်စောက် နိုဝင်ဘာ ၁၂

ရှမ်းပြည်နယ်(တောင်ပိုင်း) ရပ်စောက်မြို့နယ်ကော်မရှင်ရုံး အစည်းအဝေးခန်းမ၌ ဒုတိယအကြိမ် မဲစာရင်းကပ်ထားရာတွင် မဲဆန္ဒရှင်စာရင်းများ မှန်ကန်စေရေး စိစစ်ဆောင်ရွက်ခြင်းကို နိုဝင်ဘာလ ၁၁ ရက် မွန်းလွဲပိုင်းတွင် ဆောင်ရွက်သည်။

အဆိုပါလုပ်ငန်းများဆောင်ရွက်ရာနေရာသို့ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးရဲလင်းသူနှင့် တာဝန်ရှိသူများ၊ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်ကြမည့်သက်ဆိုင်ရာပါတီများမှ ကိုယ်စားလှယ်လောင်းများ၊ ရပ်ကွက်/ကျေးရွာများမှ အထွေထွေရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများတက်ရောက်ကြသည်။

ထိုသို့ ရပ်ကွက်/ကျေးရွာများမှ အထွေထွေရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ၏ မဲဆန္ဒရှင်စာရင်းများ မှန်ကန်စေရေးဆောင်ရွက်ရာတွင် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌက ဒုတိယအကြိမ်အဖြစ်မဲစာရင်းများမကြေညာခင်ကာလအတွင်း မဲစာရင်းများ မှန်ကန်စေရေး၊ မဲပေးပိုင်ခွင့်ရှိသူများ မဲစာရင်းတွင် ပါရှိရေး၊ သေဆုံး၊ ခရီးလွန်၊ မြေပြင်မရှိ၊ ထောင်ကျ၊ သာသနာ့ဝင်များမပါဝင်ရေးတို့ကို အလေးထားဆောင်ရွက်ရန် အရေးကြီးကြောင်း ရှင်းလင်းပြောကြားသည်။

ရပ်စောက်မြို့နယ်ရှိ ရပ်ကွက်/ ကျေးရွာအုပ်စု ၃၂ အုပ်စု၏ မဲစာရင်းများအား နိုဝင်ဘာလ ၁၁ ရက်မှ စတင်၍ တစ်ရက်လျှင် ၁၀ အုပ်စုအား မဲစာရင်းမှန်ကန်ရေးစစ်ဆေးဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ရပ်စောက်မြို့နယ်၌ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် ပါတီကိုးခုရှိကြောင်း မြို့နယ်ကော်မရှင်ရုံးမှ တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

(၄၀၅)

## MWD Education, Knowledge & Sports Channel

၁၃-၁၁-၂၀၂၅(ကြာသပတေးနေ့)

| | | | |
|---|---|---|---|
| ၁။ | ၀၇:၀၀ - ၀၈:၃၅ | Grade - 8 | မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ(၁) |
| ၂။ | ၁၅:၃၀ - ၁၆:၀၀ | Grade - 8 | သင်္ချာ(၂)၊ ပထဝီဝင် |
| ၃။ | ၁၆:၀၀ - ၁၇:၄၅ | Grade - 8 | သမိုင်း၊ သိပ္ပံ |

## သဇင်(FM)အသံလွှင့်အစီအစဉ်

၁၃-၁၁-၂၀၂၅(ကြာသပတေးနေ့)

| | | | | | |
|---|---|---|---|---|---|
| ၁။ | ၀၆:၃၀ | ခံစားနားဆင် မြန်မာသံစဉ် | ၄။ | ၁၇:၀၀ | အနုပညာခရီးလမ်း |
| ၂။ | ၁၀:၀၀ | Internet Pages | ၅။ | ၁၈:၂၀ | Thazin Request Song |
| ၃။ | ၁၄:၃၀ | Live For You | ၆။ | ၂၁:၂၀ | လွမ်းသဝဏ်လွှာ |


မြဝတီ နေ့စဉ် the Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

နေပြည်တော်
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၂၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။
ရန်ကုန်(ရုံးခွဲ)
စာတည်းအဖွဲ့ ၀၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

မန္တလေး(ရုံးခွဲ)
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

ကျိုင်းတုံ(ရုံးခွဲ)
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လှိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ် - ၀၀၃၇၈/၀၀၄၉၄
စတင်ထုတ်ဝေသည့်ရက် - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# ယခုနှစ်အတွင်း ပြည်ပသို့ ထောပတ်သီးတန်ချိန် ၅၀၀၀ ခန့်တင်ပို့နိုင်ရန် မျှော်မှန်းထား



ရန်ကုန် နိုဝင်ဘာ ၁၂

ပြည်တွင်းမှ စိုက်ပျိုးထွက်ရှိသော ထောပတ်သီးများကို ထိုင်းနိုင်ငံသို့ အဓိက တင်ပို့နေပြီး ယခုနှစ်အတွင်း ပြည်ပသို့ တန်ချိန် ၅၀၀၀ ခန့်တင်ပို့နိုင်ရန် မျှော်မှန်းထားကြောင်း မြန်မာနိုင်ငံ ထောပတ်သီး စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများ အသင်းမှ သိရသည်။

"ပြည်တွင်းက စိုက်ပျိုးထွက်ရှိတဲ့ ထောပတ်သီးတွေကို နေပြည်တော်၊ ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်ဈေးကွက်ကို အဓိကတင်ပို့တယ်။ တခြားဈေးကွက်ကိုတော့ အနည်းငယ်တင်ပို့ပါတယ်။ ပြည်ပဈေးကွက်အနေနဲ့ ထိုင်းနိုင်ငံကို အဓိက တင်ပို့ပါတယ်"ဟု မြန်မာနိုင်ငံ ထောပတ်သီး စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း အထွေထွေအတွင်းရေးမှူး ဦးကျော်စိုးမင်းကပြောသည်။

ထိုသို့တင်ပို့ရာတွင် ထောပတ်သီး အလုံးလိုက်တင်ပို့ခြင်းဖြစ်ကာ လတ်တလောတွင် အရည်အသွေးနှင့် အရွယ်အစားအလိုက် ဈေးနှုန်းအသီးသီးရရှိနေကြောင်း သိရသည်။

ပြည်တွင်း၌ စက်တင်ဘာလမှ ဒီဇင်ဘာလအတွင်း ထောပတ်သီးထွက်လေ့ရှိကာ Hass ထောပတ်သီးအပြင် Buccaneer၊ 034၊ Booth 7 နှင့်အမရာ စသည့် ထောပတ်သီးမျိုးများကိုလည်း တင်ပို့ရောင်းချလျက်ရှိကြောင်း၊ ယခုနှစ် ထောပတ်သီးရာသီတွင် မြန်မာနိုင်ငံမှ အေးခဲထောပတ်သီးတန်ချိန် ၂၀၀ ခန့်ကို အိန္ဒိယနိုင်ငံသို့ တင်ပို့နိုင်ရေးအတွက် မြန်မာနိုင်ငံ ထောပတ်သီးစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းမှ အိန္ဒိယနိုင်ငံသို့ နမူနာပေးပို့ရန်၊ မြန်မာ့ထောပတ်သီးကို အိန္ဒိယနိုင်ငံသို့ တင်ပို့ရာတွင် အိန္ဒိယနိုင်ငံ၏ ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို အိန္ဒိယနိုင်ငံဘက်မှပံ့ပိုးပေးရန် နှစ်နိုင်ငံဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။ ဝါဝါ

# မြန်အောင်ခရိုင်အတွင်း ယခုဘဏ္ဍာနှစ်တွင် ကတ္တရာလမ်းချဲ့ခြင်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းနှင့် ကတ္တရာလမ်း အနိမ့်အမြင့်ဖြေညှိခြင်းလုပ်ငန်းများ ဆောင်ရွက်မည်

မြန်အောင် နိုဝင်ဘာ ၁၂

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်ခရိုင်အတွင်း ယခုဘဏ္ဍာနှစ်တွင် ကတ္တရာလမ်းချဲ့ခြင်း၊ ကတ္တရာထပ်ပိုးလွှာခင်းခြင်းနှင့် ကတ္တရာလမ်း အနိမ့်အမြင့်ဖြေညှိခြင်း စသည့်လမ်းအဆင့်မြှင့်တင်ခြင်းနှင့် ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို ဆောင်ရွက်မည်ဖြစ်ကြောင်း မြန်အောင်ခရိုင်လမ်းဦးစီးဌာနမှ သိရသည်။

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်ခရိုင်၌ မြန်အောင်မြို့နယ်၊ ကြံခင်းမြို့နယ်နှင့် အင်္ဂပူမြို့နယ်တို့ပါဝင်ပြီး မြန်အောင်ခရိုင် လမ်းဦးစီးဌာနအနေဖြင့် ခရိုင်ချင်းဆက်လမ်းများ ကောင်းမွန်စေရေးနှင့်လမ်းကွန်ရက်များ တည်ဆောက်နိုင်ရေးအတွက် လမ်း ၁၂ လမ်း စုစုပေါင်း လမ်းအရှည် ၁၄၁ မိုင် ၂ ဖာလုံနှင့် ၁၉၈ ပေကိုတာဝန်ယူကာ ပြုပြင်ထိန်းသိမ်းဆောင်ရွက်ရသည်။

" ဒီဘဏ္ဍာနှစ်မှာ မြန်အောင်ခရိုင်အတွင်း ကတ္တရာလမ်းချဲ့ခြင်း ၅ ဖာလုံ၊ ကတ္တရာထပ်ပိုးလွှာခင်းခြင်း ၁ မိုင် ၃ ဖာလုံခွဲ၊ ကတ္တရာလမ်း အနိမ့်အမြင့်ဖြေညှိခြင်း ၂ မိုင် ၄ ဖာလုံ စတဲ့ လမ်းအဆင့်မြှင့်တင်ခြင်း လုပ်ငန်းတွေအပြင် ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းအနေနဲ့ ကတ္တရာလမ်းပေါက် ဖာထေးခြင်း၊ အမာခံကျောက်လမ်းပေါက် ဖာထေးခြင်း လုပ်ငန်းတွေကို ဆောင်ရွက်သွားမှာဖြစ်ပြီး လက်ရှိမှာတော့ လုပ်ငန်းတွေ ဆောင်ရွက်နေဆဲဖြစ်ပါတယ်"ဟု မြန်အောင်ခရိုင် လမ်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) ဒေါ်ကြည်ကြည်မွန်ကပြောသည်။

မြန်အောင်ခရိုင်၌ မြန်အောင်ခရိုင်နှင့် ဟင်္သာတခရိုင်ကို ဆက်သွယ်သော ခရိုင်ချင်းဆက်လမ်းများ၊ ပဲခူးတိုင်းဒေသကြီးနှင့်ဆက်သွယ်သော လမ်းမကြီးများပါဝင်ပြီး မြန်အောင်ခရိုင်လမ်းဦးစီးဌာနအနေဖြင့် ခရိုင်အတွင်း လမ်းများကောင်းမွန်ကာ ကုန်စည်စီးဆင်းမှု လွယ်ကူလျင်မြန်စေရန်နှင့် ခရီးသွားပြည်သူများ အဆင်ပြေချောမွေ့စွာသွားလာနိုင်စေရန်ရည်ရွယ်၍ လမ်းအဆင့်မြှင့်တင်ခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို ဘဏ္ဍာနှစ်အလိုက် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဆောင်းဦး

# ထန်းတပင်မြို့နယ်၌ (၁၀၅)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ်အကြို ပြိုင်ပွဲများကျင်းပ



ထန်းတပင် နိုဝင်ဘာ ၁၂

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ထန်းတပင်မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ (၁၀၅)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ်အကြို အသိပညာပေးဟောပြောပွဲ၊ စာစီစာကုံးပြိုင်ပွဲ၊ စကားပုံဆက်ပြိုင်ပွဲနှင့် နံရံကပ်စာအုပ်စာစောင်ပြပွဲကို နိုဝင်ဘာလ ၁၂ ရက်တွင် မြို့နယ်လူထုအခြေပြုဗဟိုဌာန၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးသန်းထွန်းအောင်က ကျောင်းသား၊ ကျောင်းသူများ အမျိုးသားအောင်ပွဲနေ့ကို အစဉ်သတိရလေးစားမြတ်နိုးတန်ဖိုးထားတတ်စေရန်၊ စာပေဖတ်ရှုလေ့လာပြီး အသိပညာဗဟုသုတ တိုးပွားစေရန်နှင့် ဉာဏ်ရည်ဉာဏ်သွေး ထက်မြက်စေရန် ရည်ရွယ်၍ စာစီစာကုံးပြိုင်ပွဲနှင့် စကားပုံဆက်ပြိုင်ပွဲများ ကျင်းပပေးခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ မြန်မာစကားပုံဆက်ပြိုင်ပွဲနှင့် စာစီစာကုံးပြိုင်ပွဲတွင် အခြေခံပညာအလယ်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူများက အမျိုးသားနေ့ တို့မမေ့ ခေါင်းစဉ်ဖြင့် ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲတွင် ဆုရရှိသော ကျောင်းသား၊ ကျောင်းသူများနှင့် ပါဝင်ယှဉ်ပြိုင်ကြသူများကို တာဝန်ရှိသူများက အမှတ်တရ ဆုလက်ဆောင်များ ချီးမြှင့်ပေးအပ်ခဲ့သည်။

ယင်းနောက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသော သုတ၊ ရသစာအုပ်စာစောင်များနှင့်အမျိုးသားအောင်ပွဲနေ့ အသိပညာပေးနံရံကပ်စာစောင်များအား ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာကြကြောင်း သိရသည်။

ချမ်းမြေ့

မြဝတီ ကာတွန်း



# တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များ

ရွှေဥဒေါင်း

**ယမန်နေ့မှအဆက်**

ညီ။ "ဘာတွေများ ဖြစ်ကုန်သေးလို့လဲ ခင်ဗျာ"

နုပ်။ "ခင်ဗျားတို့လုပ်လိုက်တာ သူတို့ အင်မတန်ရှက်သွားပြီဗျ။ ဒါလောက်ရှက်ရအောင် ဖြစ်ရဖူးတဲ့ တခြားကိစ္စတစ်ခုကို ကျွန်တော်ဖြင့် ရှာလို့မရဘူး။ မာနကြီးနေတဲ့လူတစ်ယောက် သို့မဟုတ် လူတစ်စု ရှက်သွားတယ်ဆိုရင် တော်တော်နဲ့မပြေပျောက်နိုင်ဘူးဆိုတာ ခင်ဗျားတို့ သတိထားဖို့ကောင်းတယ်"

ညီ။ "သူတို့ရှက်တာ ကျွန်တော်တို့အပူလားဗျာ"

နုပ်။ "တစ်သက်လုံးရန်သူအဖြစ်နဲ့ ခရီးသွားကြမှာဖြင့် ဟုတ်ပါတယ်။ အခုတော့ ခင်ဗျားတို့က ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ကြဖို့ ရည်ရွယ်ချက်ရှိတယ်ဆို။ ကျူးဘားကိစ္စမျိုးလို သူတို့ဘာသာသူတို့ ရှက်ရတာကတော့ ဘယ်တတ်နိုင်မလဲ။ ခင်ဗျားတို့က ဒူးထောက်တောင်းပန်ဖို့ အကျပ်ကိုင်ခံရတဲ့ဆီအထိ ကြုံရတာကတော့ မေ့နိုင်မယ်မဟုတ်ဘူးဗျ"

ညီ။ "မမေ့နိုင်တော့ ဘာဖြစ်သလဲ ခင်ဗျာ"

နုပ်။ "သင့်မြတ်ညီညွတ်ရေးနဲ့ပတ်သက်လို့ ခင်ဗျားတို့ဘက်က စကားကမ်းလှမ်းချက်လေးတွေ မစွံဘဲ ဖြစ်တတ်တာပေါ့"

ညီ။ "ဘယ်လိုဟာလဲ ခင်ဗျာ"

နုပ်။ "အာကာသစုံစမ်းရေးနဲ့ပတ်သက်လို့ လက်တွဲဆောင်ရွက်ဖို့ ကမ်းလှမ်းချက်မျိုးလေးတွေပေါ့ဗျာ"

ညီ။ "သူတို့က ဘယ်လိုမြင်သလဲ ခင်ဗျာ"

နုပ်။ "အလကားဝါဒဖြန့်တာလို့ မြင်ဟန်ရှိတယ်။ ယူတူးကိစ္စဖြစ်လိုက်ရကတည်းက အမေရိကန်ဟာ အခွံထဲဝင်သွားတဲ့ လိပ်ခေါင်းလို ခင်ဗျားတို့မြူလို့ တော်တော်နဲ့ထွက်တော့မှာမဟုတ်ဘူး။ ဒီလို တစ်ချက်ကောင်း၊ နှစ်ချက်ကောင်းလေးမျိုးလောက်နဲ့တော့ ခင်ဗျားတို့ကို မယုံတော့ဘူးဗျာ"

ညီ။ "ဘယ်လိုလဲ ခင်ဗျာ"

နုပ်။ "အရင်းအမြစ်ကစပြီး ကြိုးစားယူရမယ်"

ညီ။ "ဘယ့်နှယ်လဲ ခင်ဗျာ"

နုပ်။ "ငြိမ်းချမ်းစွာ အတူနေထိုင်ခြင်းဆိုတာဟာ ခင်ဗျားတို့ကလိုချင်တာလား၊ အမေရိကန်ကလိုချင်တာလား"

ညီ။" ဘယ်သူမဆို လိုချင်ထိုက်တာပေါ့ ခင်ဗျာ"

နုပ်။ "လိုချင်ထိုက်တာတော့ ဟုတ်တယ်။ သူက မလိုချင်တော့ ဘယ့်နှယ်လုပ်မလဲ"

ညီ။ "တကယ်လိုချင်ထိုက်တဲ့အခြင်းအရာတစ်ခုကို ဘာကြောင့် သူတို့က မလိုချင်တာလဲခင်ဗျာ"

နုပ်။ "ခင်ဗျားတို့ကိုလန့်တယ်၊ မယုံဘူး၊ စိတ်နာထားတယ်၊ အရှက်ခွဲခံထားရတယ်။ ဒါကြောင့် သူတို့က အနိုင်ရချင်တယ်။ ငြိမ်းချမ်းရေးကို မလိုချင်ဘူး"

ညီ။ "ဒီလိုဆို သူတို့က ဆိုးတာပေါ့ခင်ဗျာ"

နုပ်။ "ကျွန်တော်က သူဆိုးတာ၊ ငါဆိုးတာကို တင်ပြလိုခြင်းမဟုတ်ဘူး။ ခင်ဗျားတို့က ငြိမ်းချမ်းရေးကို လိုချင်တဲ့ဘက်ဖြစ်တော့ ရအောင်ယူဖို့ဟာ ခင်ဗျားတို့တာဝန်ဖြစ်နေတယ်"

ညီ။ "ခေါင်းငုံ့ခံတဲ့ နည်းလမ်းလား ခင်ဗျာ"

နုပ်။ "ကားလ်မာ့က်စ်ရဲ့မူနဲ့ပတ်သက်လို့ လက်တစ်လုံးလျှော့ပေးဖို့ ကျွန်တော်က မတိုက်တွန်းချင်ပါဘူး။ ကားလ်မာ့က်စ်က အရင်းရှင်နိုင်ငံတွေ ဒေါသဖြစ်အောင် တမင်တကာလုပ်ရမယ်၊ ပြောရမယ်လို့လည်း မညွှန်ခဲ့ပါဘူး။ ကိုယ့်ပြည်တွင်းရေးမှာ ဘယ်သူဝင်ရှုပ်တာကိုမှလည်း မခံထိုက်ပါဘူး။ သို့သော် ဝါဒချင်းပြိုင်ချင်တဲ့စိတ်မျိုးတွေ၊ သူ့စနစ်ထက် ကိုယ့်စနစ်က သာတယ်ဆိုတာကို နေရာတကာတိုင်း ယှဉ်ပြချင်တဲ့ စီစဉ်မှုမျိုးတွေကိုတော့ အလေသုံးဆယ်မလုပ်ကြဖို့ တောင်းပန်ချင်တယ်ဗျာ"

ညီ။ "ကမ္ဘာ့လူထု ချမ်းသာအောင် မဆောင်ရွက်ထိုက်ဘူးလား ခင်ဗျာ။ ကမ္ဘာ့ဖိနှိပ်ခံလူတန်းစားက ကျွန်တော်တို့ကို မျှော်ကြည့်နေကြတယ် မဟုတ်ဘူးလား ခင်ဗျာ"

နုပ်။ "ဒါကတော့ လုပ်ထိုက်ပါတယ်။ သို့သော် "ငါကွ" ဆိုတဲ့ သဘောမျိုးနဲ့ မလုပ်ဖို့၊ ဘယ်သူ့မှ ဂရုမစိုက်ဘူးဆိုတဲ့ သဘောမျိုးနဲ့မလုပ်ဖို့ တောင်းပန်ချင်တာပဲဗျာ"

ညီ။ "ကျွန်တော်တို့ လုပ်တာတွေမှာ "ငါကွ" ဆိုတဲ့ သဘောမျိုးနဲ့ ပါသလား ခင်ဗျာ"

နုပ်။ "ပါ ပါတယ်လေ။ ဒါမျိုးဟာ ကိုယ့်ဘာသာကိုယ် မမြင်ပေမယ့် ကြားလူတွေကတော့ မြင်နိုင်ပါတယ်။ မနာလိုတဲ့ တစ်ဖက်သားကဆိုတော့ ချဲ့ထွင်ပြီးတောင် မြင်တတ်တာကိုးဗျ"

ညီ။ "ဘယ်သူ့မှ ဂရုမစိုက်ဘူးဆိုတဲ့ သဘောမျိုးလည်း ပါ ပါသလားခင်ဗျာ။ တရားနည်းလမ်း ကျ၊ မကျ၊ မှန်၊ မမှန် အပြင် ဘယ်သူ့ကို ဂရုစိုက်ထိုက်သေးသလဲ ခင်ဗျာ"

နုပ်။ "ကိုယ့်ပြည်တွင်းရေးတော့ ဟုတ်တာပေါ့။ ပြည်ပရေးရာမျိုးတွေကျတော့ တစ်ဖက်က ဘယ်လိုလက်ခံမယ်ဆိုတာကိုပါ ထည့်ပြီးချင့်တွက်ထိုက်ပါတယ်။ ငါတို့လုပ်တာ နည်းလမ်းမှန်တယ်။ ဘယ်သူက ဘာပြောချင်သေးသလဲဆိုတဲ့ ပြယုဂ်မျိုးကိုတော့ ကျွန်တော်ကလန့်တယ်ဗျာ။ အထူးသဖြင့် အခုလို အလွန်တရာ အယုံအကြည်ကင်းမဲ့ပြီး သွေးလန့်နေကြတဲ့ အချိန်အခါမျိုးမှာ သာပြီး သတိပြုဖို့လိုတယ်ဗျ"

ညီ။ "ဘုရားသားက ကျွန်တော်တို့ အတွက် ကြောင့်ကြကြီးနေသလား"

နုပ်။ "ခင်ဗျားတို့အတွက် သက်သက်ဆိုရင်တော့ ကျွန်တော် မပြောဝံ့ပါဘူးဗျာ။ ခုတော့ ဖြစ်လိုက်တယ်ဆို လူမျိုးပြုတ်သွားမှာကြောင့် စိတ်ထဲရှိတာတွေ ထုတ်ပြောမိခြင်းဖြစ်ပါတယ်"

ညီ။ "ဘုရားသားက အမေရိကန်ဟာ နယ်ချဲ့တယ်လို့ မမြင်ဘူးလား"

နုပ်။ "ရှေးတုန်းကလို မြေကြီးကို နယ်ချဲ့တာတို့၊ ရွှေငွေအမြတ်ထုတ်တာတို့တော့ လုပ်တဲ့ခေတ်မဟုတ်တော့ပါဘူး။ ပြင်သစ်တို့၊ ဟော်လန်တို့၊ ပေါ်တူဂီတို့ဆိုတဲ့ အစိုးရတွေက လုပ်ချင်ကြသေးပေမယ့် ယုတ်စွအဆုံး အမေရိကန်နဲ့ရုရှားကတော့ မလုပ်ချင်ကြတော့ဘူးလို့ ကျွန်တော် ယူဆတယ်"

ညီ။ "ဖော်မိုဆာတို့၊ အိုကီနာဝါတို့၊ ထိုင်းတို့၊ လာအို၊ ဗီယက်နမ်တို့တွေမှာ ဝင်ရှုပ်နေတာက ဘာလဲခင်ဗျာ"

နုပ်။ "ဒါကတော့ ခင်ဗျားလည်း သိပါတယ်။ ရှေးတုန်းကလို သွေးစုပ်ဖို့မဟုတ်ပါဘူး။ နောက်လိုက်များအောင် လူစုတဲ့ ရည်ရွယ်ချက်ပါ။ သူတို့အိတ်ထဲက ဒေါ်လာတွေ အကုန်ခံပြီး လုပ်နေတယ်မဟုတ်ဘူးလား။ ခင်ဗျားတို့ကို ပြိုင်ချင်တဲ့ သဘော၊ ဗိုလ်လုတဲ့သဘောပါပဲ။ ခင်ဗျားတို့လည်း ဗိုလ်လုတဲ့သဘောမျိုး မကင်းပါဘူး။ သို့သော် အမေရိကန်ကတော့ ဗိုလ်ကျတဲ့သဘောပါတယ်ဗျ။ ဒါကြောင့် သာဆိုးတယ်"

ညီ။ "ဗိုလ်လုတာနဲ့ ဗိုလ်ကျတာနဲ့ ဘယ်လိုခြားနားသလဲ ခင်ဗျာ"

နုပ်။ "ဗိုလ်လုတယ်ဆိုတာက အမေရိကန်ရော၊ ခင်ဗျားတို့ရောဟာ ကမ္ဘာမှာ ဩဇာအာဏာနဲ့တကွ ကမ္ဘာ့သူကမ္ဘာ့သား အထင်ကြီးခံရတဲ့နေရာမှာ တစ်နံပါတ်တိုင်းပြည်ဖြစ်အောင် ကြိုးစားအားထုတ်နေကြတယ်မဟုတ်လား။ ဒါကို ဗိုလ်လုတယ်လို့ ခေါ်တယ်ဗျ"

ညီ။ "ကျွန်တော်တို့ကတော့ ဒီလို မဟုတ်ပါဘူး ဘုရားသား၊ ကမ္ဘာ့သူ ကမ္ဘာ့သားအားလုံး ဖိနှိပ်မှုခံရတဲ့အဖြစ်မျိုးကနေ လွတ်ကုန်ကြပြီး ချောင်ချိစွာနေထိုင်နိုင်ကြတယ်ဆိုရင် ကျေနပ်တာပါပဲ"

နုပ်။ "ဒီရည်ရွယ်ချက်မျိုး ရှိလိမ့်မယ်ဆိုတာကို ကျွန်တော်မငြင်းပါဘူး။ သို့သော် ဒီဆန္ဒဟာ အဓိက မဟုတ်သေးပါဘူးဗျ။ ခင်ဗျားတို့လူစုတွေက လူ့စိတ်အကြောင်းကို အသေးစိတ်လေ့လာဖူးခြင်းလည်း မရှိဘူး။ စိတ်အကြောင်းကို အစအဆုံးသိတဲ့ ပုဂ္ဂိုလ်မျိုးက ဟောပြထားခဲ့တဲ့ကျမ်းမျိုးလည်း မရှိဘူး။ ကျွန်တော်ပြောမယ်။ ကမ္ဘာမှာ ကိုယ်ကျိုးမပါဘဲ သူတစ်ပါးအကျိုးအတွက် သက်သက်ဆောင်ရွက်ခဲ့ပါတယ်ဆိုတဲ့ ပုဂ္ဂိုလ်တစ်ဦးတည်း ပြစမ်းပါ။ ကားလ်မာ့က်စ်ပြောမလား၊ လီနင်ပြောမလား။ ဘယ်သူ့ပြောမလဲ။ ပြောစမ်း။ ကားလ်မာ့က်စ်သည် တိုင်းပြည်စီးပွားရေးနဲ့ပတ်သက်လို့ လူများစု ချောင်ချိအောင် နည်းမှန်၊ လမ်းမှန်၊ စနစ်မှန်ကို ရှာဖွေတွေ့ရှိသွားတဲ့ ပုဂ္ဂိုလ်ကြီးတစ်ဦးဖြစ်တာမှန်တယ်ဆိုပါစို့။ လူသားလူများစု ချမ်းသာစေချင်တဲ့ စေတနာနဲ့အတူ ငါသည် ဤနည်း ဤလမ်းကို ပထမဦးဆုံးတွေ့ရှိတဲ့ ပုဂ္ဂိုလ်တစ်ဦးအနေနဲ့ နာမည်တစ်လုံး ကျန်ရစ်စေတော့ဆိုတဲ့ ရည်ရွယ်ချက်က ပိုပြီးကြီးကျယ်တယ်လို့ ကျွန်တော် နားလည်တယ်"

ညီ။ "ဘုရားသား ဘယ့်နှယ်သိနိုင်သလဲ"

နုပ်။ "လူ့စိတ်သဘာဝအကြောင်းကို ဆရာကောင်း၏တပည့်အဖြစ်နဲ့ လေ့လာထားလို့ သိတယ်"

**ဆက်လက်ဖော်ပြပါမည်။**

## ကော့မှူးမြို့နယ်၌ ကဗျာရွတ်ဆိုပြိုင်ပွဲ ဆေးရောင်ခြယ်ပြိုင်ပွဲနှင့် စာအုပ်ပြပွဲကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၁၂**

ရန်ကုန်တိုင်းဒေသကြီး တွံတေးခရိုင် ကော့မှူးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ ၂၀၂၅ ခုနှစ် နိုဝင်ဘာလ ၁၄ ရက်တွင်ကျရောက်မည့် (၁၀၅)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ်အကြိုဟောပြောပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲ၊ ဆေးရောင်ခြယ်ပြိုင်ပွဲနှင့် စာအုပ်ပြပွဲကို နိုဝင်ဘာလ ၁၂ ရက်တွင် ကျင်းပသည်။

အဆိုပါဟောပြောပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဇာခြည်စိမ့်နှင့် မြို့နယ်စာရေးဆရာအသင်းအတွင်းရေးမှူး ဦးခင်ဇော်(ခင်ဇော်-ကော့မှူး) တို့က အမျိုးသားအောင်ပွဲနေ့ဖြစ်ပေါ်လာပုံ၊ ၂၀၂၅ ခုနှစ် (၁၀၅) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ဦးတည်ချက်များ၊ ရန်ကုန်ယူနီဗာစီတီအက်ဥပဒေကို သပိတ်မှောက်ရန် သစ္စာဆိုအဓိဋ္ဌာန်ပြုခဲ့ကြသော ကျောင်းသားကြီး ၁၁ ဦးအကြောင်း၊ ၁၉၂၀ ခုနှစ်က စတင်ခဲ့သည့်အမျိုးသားအောင်ပွဲနေ့သည် ယခုအခါ နှစ်ပေါင်း ၁၀၀ ကျော်တိုင်ပြီဖြစ်ကြောင်း၊ ထိုစဉ်က နိုးကြားရှင်သန်ခဲ့သော အမျိုးသားရေးစိတ်ဓာတ်သည် နယ်ချဲ့အစိုးရ၏မတရားဖိနှိပ်မှုမှ လွတ်မြောက်ရန်ကြိုးပမ်းမှုတွင် ပြည်သူလူထုတစ်ရပ်လုံး နိုးကြားတက်ကြွစွာပူးပေါင်းပါဝင်လာစေသည့် အမျိုးသားရေးစိတ်ဓာတ်ဖြစ်ကြောင်း၊ ယင်းအမျိုးသားရေးစိတ်ဓာတ်သည် မြန်မာနိုင်ငံ၏ အကျိုးစီးပွား၊ နိုင်ငံသားတိုင်း၏အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရေးနှင့်ထိန်းသိမ်းရေးအတွက်ဖြစ်ကြောင်း နှင့် အမျိုးသားအောင်ပွဲနေ့နှင့်ပတ်သက်သောအကြောင်းအရာများကို ကျောင်းသား၊ ကျောင်းသူများ ကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်ရန် ဟောပြောခဲ့ကြောင်း သိရသည်။

ဆက်လက်၍ ကဗျာရွတ်ဆိုပြိုင်ပွဲနှင့်ဆေးရောင်ခြယ်ပြိုင်ပွဲကိုကျင်းပရာ အခြေခံပညာအထက်တန်းကျောင်း(ကော့မှူး) မှ ကျောင်းသား၊ ကျောင်းသူ ၁၅ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲတွင် ဆုရရှိသူများကို တာဝန်ရှိသူများက အမှတ်တရလက်ဆောင်များ ပေးအပ်ခဲ့ကြောင်း သိရသည်။ **ကျော်သူရ(ကော့မှူး)**

## (၁၀၅)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ်အကြို ဟောပြောပွဲနှင့် ကာယ ဉာဏပြိုင်ပွဲများကျင်းပ

ရန်ကုန် နိုဝင်ဘာ ၁၂

(၁၀၅)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ်အကြို အသိပညာပေးဟောပြောပွဲနှင့် ကာယ၊ ဉာဏပြိုင်ပွဲများကို နိုဝင်ဘာလ ၁၁ ရက်က ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ် ဆင်မင်းရပ်ကွက် အလုံလမ်းရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးရဲကိုကိုက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်အိအိမွန်က ဟောပြောပွဲကျင်းပရခြင်း၏ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အမှတ်(၄) အခြေခံပညာမူလတန်းကျောင်း၊ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၊ အမှတ်(၇) အခြေခံပညာအထက်တန်းကျောင်းတို့မှ ကျောင်းသား၊ ကျောင်းသူများက ဉာဏပြိုင်ပွဲများဖြစ်သော ကဗျာရွတ်ဆိုပြိုင်ပွဲ၊ ပုံပြောပြိုင်ပွဲများ၊ ကာယပြိုင်ပွဲများဖြစ်သော ခါးလှည့်ကွင်း Team Work ပြိုင်ပွဲ၊ ပူဖောင်း Team Work ပြိုင်ပွဲ၊ ခွက်ကောက်ပြိုင်ပွဲများကိုယှဉ်ပြိုင်ခဲ့ကြရာ ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများအသီးသီးချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

ယောရော(ပြန်/ဆက်)

# “နိုင်ငံအတွက်၊ မြို့နယ်အတွက်၊ ရပ်ကွက်၊ ကျေးရွာပါမကျန် အားလုံးဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပေးနိုင်မယ့်သူမျိုးကို ရွေးချယ်မဲပေးသွားမှာဖြစ်ပါတယ်”

**ဦးသက်တင်ဦး(မြဝတီမြို့)**

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို လာမည့်ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပတော့မည်ဖြစ်သည်။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပရန် ရက်ပေါင်း ၄၅ ရက်သာလိုတော့သည်။ ရွေးကောက်ပွဲအပိုင်း(၂)ကိုလည်း ၂၀၂၆ ခုနှစ် ဇန်နဝါရီလ ၁၁ ရက်တွင် ကျင်းပသွားမည်ဖြစ်သည်။ ထို့အတူ ရွေးကောက်ပွဲအပိုင်း(၃)ကိုလည်း ရွေးကောက်ပွဲအပိုင်း(၂)ကျင်းပပြီး နှစ်ပတ်ခြား အကြာတွင် ကျင်းပသွားမည်ဖြစ်သည်။

ထိုသို့ မကြာမီကျင်းပတော့မည့် ရွေးကောက်ပွဲနှင့်အတူ ပြည်သူများအနေဖြင့် ဖြစ်လိုသည့်ဆန္ဒကို ထပ်တူ သို့မဟုတ် အနီးစပ်ဆုံးဖြည့်ဆည်းပေးနိုင်မည့်၊ နိုင်ငံတော်၏ အကျိုးစီးပွား၊ ပြည်သူလူထု၏ အကျိုးစီးပွားကို ကိုယ်စားပြုဖော်ဆောင်ပေးနိုင်မည့်သူများကို ကိုယ်တိုင်ရွေးချယ်ခွင့်ရရှိတော့မည်ဖြစ်သည်။ ထိုသို့ ပြည်သူများ၏ဆန္ဒနှင့်အညီကျင်းပတော့မည့် ရွေးကောက်ပွဲအပေါ် မြဝတီဒေသခံပြည်သူများ၏ မျှော်လင့်ချက်စကားသံများကို မေးမြန်းဖော်ပြအပ်ပါသည်-


ဦးဇော်ဝင်းလှိုင် (မြဝတီမြို့)


ဦးရဲညွန့် (မြဝတီမြို့)


ဦးသက်တင်ဦး (မြဝတီမြို့)


ဦးရဲသွေး(မြဝတီမြို့)


ဒေါ်နန်းသူဇာ(မြဝတီမြို့)

**ဦးဇော်ဝင်းလှိုင် (မြဝတီမြို့)**

မကြာခင်မှာကျင်းပတော့မယ့် အထွေထွေရွေးကောက်ပွဲကြီးမှာ မဲပေးနိုင်ဖို့အတွက်ရပ်/ကျေးကော်မရှင်ရုံးမှာ မဲစာရင်းပါ၊ မပါ သွားကြည့်ခဲ့ပြီးပါပြီ။ မြဝတီမြို့အမှတ်(၁)ရပ်ကွက် မဲဆန္ဒနယ်(၁)မှာ မဲပေးရတော့မှာဖြစ်တဲ့အတွက် ဝမ်းသာပါတယ်။ ဘာကြောင့်လဲဆိုတော့ မဲပေးပြီးသွားရင် တက်လာမယ့်အစိုးရရဲ့ ဦးဆောင်မှုနဲ့ ကျွန်တော်တို့နိုင်ငံအေးအေးချမ်းချမ်းဖြစ်သွားမယ်။ စီးပွားရေးတွေလည်း ဖြောင့်ဖြောင့်ဖြူးဖြူးနဲ့ လုပ်ကိုင်နိုင်ကြမယ်။ အခြေခံလူတန်းစားတွေအနေနဲ့ အဆင်ပြေနိုင်မယ့်အနေအထားတွေ တွေ့ရပါတယ်။

ရွေးကောက်ပွဲကြီး အောင်မြင်စွာကျင်းပပြီးစီးသွားတဲ့အချိန်မှာ ကျွန်တော်မြင်မိတာကတော့ လမ်းပန်းဆက်သွယ်ရေးတွေ ပိုကောင်းမွန်လာမယ်။ စီးပွားရေးလုပ်ငန်းတွေလည်း ကောင်းကောင်းမွန်မွန်နဲ့ လုပ်ဆောင်နိုင်မှာဖြစ်တဲ့အပြင် အခြေခံလူတန်းစားတွေအတွက် ကုန်ဈေးနှုန်းတွေ ကျဆင်းလာနိုင်တယ်။ ဒါတွေက ဝမ်းသာရမှာဖြစ်ပါတယ်။

အခုကျင်းပမယ့်ရွေးကောက်ပွဲမှာ မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM)စက်နဲ့ မဲပေးရမှာဖြစ်တဲ့အတွက် တိကျမှန်ကန်မှုအများကြီးရှိမယ်လို့ ယုံကြည်ပါတယ်။ မဲသွားရောက်ပေးနိုင်ဖို့အတွက် နိုင်ငံသားစိစစ်ရေးကတ်နဲ့ ကိုယ်ရေးရာဇဝင်အချက်အလက်တွေကို စုဆောင်းထားပါတယ်။ ပြည်သူတွေအနေနဲ့ မဲပေးကြရမယ်။ ရွေးကောက်ပွဲကြီး အောင်မြင်သွားလို့ရှိရင် ဆင်းရဲသားလူတန်းစားတွေ တိုးတက်လာမယ်။ စီးပွားရေးလုပ်ငန်းတွေ အဆင်ပြေလာမယ်။ ကုန်ဈေးနှုန်းကျဆင်းလာမယ်လို့ ပြောချင်ပါတယ်။ မဲပေးတဲ့အခါမှာလည်း ကိုယ်ပေးချင်တဲ့ပါတီကို တိတိကျကျလေး ရွေးချယ်ပြီး မဲပေးဖို့တိုက်တွန်းချင်ပါတယ်။

**ဦးရဲညွန့် (မြဝတီမြို့)**

လာမယ့်ဒီဇင်ဘာလ ၂၈ ရက်မှာ ဆန္ဒမဲပေးကြမယ်။ ကျွန်တော်တို့လို ငွေကြေးအားနည်းတဲ့ ဆင်းရဲသားတွေကတော့ ရွေးကောက်ပွဲအတွက် မဲတွေထည့်ချင်တယ်။ ဘာဖြစ်လို့လဲဆိုတော့ လမ်းပန်းဆက်သွယ်ရေးကအစ၊ ရပ်ရွာကအစ၊ အေးချမ်းလာမယ်လို့မျှော်လင့်တယ်။ ယူဆတယ်။ အခုလာမယ့် ရွေးကောက်ပွဲမှာ မြဝတီမြို့ မဲဆန္ဒနယ်အမှတ်(၁)မှာ သွားရောက်ပြီးတော့ မဲပေးရမှာဖြစ်ပါတယ်။ ရွေးကောက်ပွဲကြီး အောင်မြင်စွာကျင်းပပြီးစီးတဲ့နောက်ပိုင်းမှာ ရပ်ရွာအေးချမ်းမယ်။ လမ်းပန်းဆက်သွယ်ရေးတွေဖြောင့်ဖြူးလာမယ်၊ သွားလာနေထိုင်မှုနဲ့ လုပ်ကိုင်စားသောက်မှုတွေအတွက် ကောင်းတဲ့ပြောင်းလဲမှုတွေဖြစ်လာမယ်လို့ ထင်မြင်မိပါတယ်။ ဒါကြောင့် ရွေးကောက်ပွဲမှာ ဒေသခံပြည်သူတွေ လာရောက်ပြီးတော့ မဲလာထည့်ဖို့အတွက် နှိုးဆော်ပေးမယ်။ ဝိုင်းဝန်းကူညီဆောင်ရွက်သွားမယ်။

အခုလိုရွေးကောက်ပွဲကို ကျင်းပပေးတဲ့အတွက် ဝမ်းသာပါတယ်။ အရင်ရွေးကောက်ပွဲတွေမှာတော့ ကိုယ်ပေးချင်တဲ့ပါတီကို အမှန်ခြစ်ပြီး ရွေးချယ်ရတာဖြစ်ပါတယ်။ အခုကတော့ စက်ကိရိယာနဲ့ မဲပေးရမှာဖြစ်တဲ့အတွက် ကိုယ့်ရဲ့အမည်ပါတယ်ဆိုရင် အမည်နံပါတ်နဲ့ မှတ်ပုံတင်ပြလိုက်ရင် တာဝန်ကျတဲ့အဖွဲ့တွေက စိစစ်ပြီး မဲရုံထဲကိုဝင်မယ်။ စက်မီးဖွင့်တဲ့အခါမှာ ကြိုက်နှစ်သက်ရာကို ရွေးချယ်ပြီး ခလုတ်နှိပ်မဲထည့်ရမှာဖြစ်တယ်လို့ သိထားပါတယ်။

ဘယ်ပါတီကိုတော့ ပေးပါလို့တော့ မပြောလိုပါဘူး။ ကိုယ်ကြိုက်နှစ်သက်ရာ ကိုယ့်မှာ လုပ်ပိုင်ခွင့်ရှိပါတယ်။ ကိုယ်ကြိုက်နှစ်သက်ရာ ပေးပိုင်ခွင့်ရှိပါတယ်။ သူ့ဘာသာသူ လိုလားတဲ့သူကို ထည့်ကြရမှာပါ။ မကြာခင်မှာ ကျင်းပတော့မယ့် အထွေထွေရွေးကောက်ပွဲကြီးအတွက် ကြိုးစားပေးတဲ့ နိုင်ငံတော်အကြီးအကဲများကိုလည်း ကျေးဇူးအများကြီးတင်ပါတယ်။ ကျွန်တော်တို့ နိုင်ငံတော်ကြီးက ဒီထက်မက တိုးတက်မယ်လို့လည်း ယူဆပါတယ်။

**ဦးသက်တင်ဦး (မြဝတီမြို့)**

အခုလာမယ့်ရွေးကောက်ပွဲမှာ မဲပေးတဲ့အခါမှာ မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) စက်နဲ့ မဲပေးရွေးချယ်ရမှာဖြစ်တဲ့အတွက် ပိုပြီးတော့ အဆင်ပြေပါတယ်။ ကျွန်တော်တို့ မဲပေးရွေးချယ်မယ့်လူမျိုးကတော့ နိုင်ငံအတွက်၊ မြို့နယ်အတွက်၊ ရပ်ကွက်၊ ကျေးရွာပါမကျန် အားလုံး ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးနိုင်မယ့်သူမျိုးကို ရွေးချယ်မဲပေးသွားမှာဖြစ်ပါတယ်။ ဆန္ဒမဲလာရောက်ပေးဖို့အတွက် ပြည်သူလူထုတစ်ရပ်လုံး၊ ညီအစ်ကိုမောင်နှမအပါအဝင် သူငယ်ချင်းအပေါင်းအသင်းတွေပါမကျန် မဲပေးဖို့ တိုက်တွန်းထားပါတယ်။

နိုင်ငံတော်ကကျင်းပပေးမယ့် အထွေထွေရွေးကောက်ပွဲ အောင်မြင်သွားမယ်ဆိုရင် တိုင်းပြည်လည်းတိုးတက်လာမယ်။ လူနေမှုအဆင့်အတန်းတွေလည်း မြင့်မားလာမယ်လို့ယုံကြည်ပါတယ်။ ဒါကြောင့် ပြည်သူတွေက သေချာဆန်းစစ်ပြီး ရည်မှန်းရွေးချယ်ပြီးတော့ မဲပေးရမှာဖြစ်ပါတယ်။ မဲတစ်ပြားကလည်း ကျွန်တော်တို့အတွက် အများကြီးတန်ဖိုးရှိပါတယ်။

**ဦးရဲသွေး(မြဝတီမြို့)**

မကြာခင်ကျင်းပတော့မယ့်ရွေးကောက်ပွဲမှာ ကျွန်တော် မဲပေးရွေးချယ်မယ့်လူမျိုးကတော့ နိုင်ငံအတွက် အားကိုးအားထားထိုက်တဲ့သူတစ်ယောက် ဖြစ်စေချင်တယ်။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲမှာ အားလုံးပူးပေါင်းဆောင်ရွက်ပေးကြပါလို့ နှိုးဆော်တိုက်တွန်းစကားဆိုချင်ပါတယ်။ အခုလိုမျိုး ရွေးကောက်ပွဲ ကျင်းပပေးတဲ့အတွက် ဝမ်းမြောက်မိတယ်။ ကိုယ်ရွေးချယ်မယ့်လူပုဂ္ဂိုလ်ကို အများကြီးအားကိုးအားထားပါတယ်။ ရွေးကောက်ပွဲကြီး အောင်မြင်စွာကျင်းပပြီးစီးတဲ့နောက်ပိုင်းမှာ တိုင်းပြည်အေးချမ်းစေချင်တယ်။ အလုပ်အကိုင်တွေအားလုံး အဆင်ပြေချောမွေ့စေချင်တယ်။ ကိုယ်ရွေးချယ်လိုက်တဲ့လူတွေလည်း ဖြစ်ပါစေလို့ ဆုတောင်းပါတယ်။

**ဒေါ်နန်းသူဇာ(မြဝတီမြို့)**

အခုလာမယ့် ရွေးကောက်ပွဲကနေ ကျွန်မတို့ သဘောကျတဲ့ အစိုးရတစ်ရပ် တက်လာဖို့အတွက် အလွန်မျှော်လင့်ပါတယ်။ ကျွန်မတို့ နှစ်သက်တဲ့ပါတီကို မဲပေးခွင့်ရမှာဖြစ်တဲ့အတွက် ပျော်ပါတယ်။ ကိုယ့်နိုင်ငံတော်ကောင်းဖို့အတွက် ရပ်တည်ပေးမယ့် နိုင်ငံ့ခေါင်းဆောင်ကောင်းတစ်ယောက်ဖြစ်လာဖို့ကိုလည်း မျှော်လင့်ပါတယ်။ ကျွန်မတို့မြန်မာနိုင်ငံအတွက် အခွင့်အလမ်းတွေလည်း အများကြီးရရှိလာမှာဖြစ်ပါတယ်။ ကျွန်မတို့မျှော်လင့်တဲ့ အရာတွေ၊ လုပ်ငန်းခွင်တွေ အဆင်ပြေဖို့အတွက်၊ ပြည်သူလူထုတွေရဲ့ အခက်အခဲတွေထဲကနေ လွတ်မြောက်ဖို့အတွက် အများကြီးမျှော်လင့်တယ်။ ကျွန်မတို့ မြန်မာနိုင်ငံတော် အစိုးရကြီးတစ်ရပ်၊ ပြည်သူလူထုအတွက် အကောင်းဆုံးဖြစ်လာမယ့် နိုင်ငံတော်အစိုးရသစ်တစ်ရပ်ကိုတော့လိုချင်ပါတယ်။ ဒါအမှန်ဆုံးပဲ ပြောတာပါ။

**အောင်ဂျိုင်း၊ ဓာတ်ပုံ– မင်းမင်း**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် နိုဝင်ဘာ ၁၂

တနင်္သာရီတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကချင်ပြည်နယ်နှင့်မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

(မိုး/ဇလ)

## ညအပူချိန်များ အနည်းငယ် လျော့နည်းနိုင်

နေပြည်တော် နိုဝင်ဘာ ၁၂

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်သည်။

(မိုး/ဇလ)

# ထားဝယ်မြို့၌ မီးဘေးလုံခြုံရေးအသိပညာပေးဟောပြောပွဲနှင့် လက်တွေ့မီးငြိမ်းသတ်နည်း သရုပ်ပြလေ့ကျင့်



ထားဝယ် နိုဝင်ဘာ ၁၂

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ် မီးသတ်ဦးစီးဌာနမှကြီးမှူး၍ မီးဘေးလုံခြုံရေး အသိပညာပေးဟောပြောပွဲနှင့် လက်တွေ့မီးငြိမ်း သတ်နည်း သရုပ်ပြလေ့ကျင့်မှုများကို နိုဝင်ဘာလ ၁၁ ရက်က ထားဝယ်မြို့ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်းနှင့် အမှတ်(၃)အခြေခံပညာ အထက်တန်းကျောင်းတို့၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးဖြိုးကိုကိုအောင်က မီးလောင်မှုဖြစ်ပွားရခြင်း ၏အကြောင်းရင်းများ၊ မီးလောင်မှုဖြစ်ပွားနိုင် သည့်အခြေအနေများ၊ မီးဘေးအန္တရာယ်ကင်းဝေး စေရေးအတွက် လိုက်နာရမည့်အချက်များနှင့် ရှောင်ကြဉ်ရမည့်အချက်များကို အသိပညာပေး ဟောပြောသည်။

ဆက်လက်၍ မြို့နယ်မီးသတ်ဦးစီးမှူး ဦးဆောင်၍ မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ဆေးဘူးအသုံးပြု ၍မီးငြိမ်းသတ်နည်း၊ အောက်ဆီဂျင်ဖြတ်တောက် သည့်နည်းစနစ်ဖြင့် ဖုံးအုပ်မီးငြိမ်းသတ်နည်း၊ ရေစို အဝတ်များအသုံးပြု၍ မီးငြိမ်းသတ်နည်း၊ လောင်စာဆီကြောင့် လောင်ကျွမ်းသောမီးအား ငြိမ်းသတ်နည်းများကို လက်တွေ့သရုပ်ပြသရာ ကျောင်းသား၊ ကျောင်းသူများက လိုက်ပါဆောင်ရွက် ကြကြောင်း သိရသည်။ **ငွေဇင်ယော်(ထားဝယ်)**

# နန်းယွန်းမြို့နယ်၌ မျိုးစေ့ ပျိုးပင်ပေးအပ်ပွဲနှင့် တောင်သူအသိပညာပေးသင်တန်းဖွင့်

နန်းယွန်း နိုဝင်ဘာ ၁၂

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နန်းယွန်းမြို့နယ်၌ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ကြီးမှူးကျင်းပသော ၂၀၂၅-၂၀၂၆ ခုနှစ် နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဘိန်းအစားထိုးသီးနှံစိုက်ပျိုးရေးစီမံချက်ဖြင့် မျိုးစေ့၊ ပျိုးပင် ပေးအပ်ပွဲနှင့် တောင်သူအသိပညာပေးသင်တန်းဖွင့်ပွဲကို နိုဝင်ဘာလ ၁၁ ရက်က ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဝင် ဦးကေနုတ်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးမျိုးမြင့်က မျိုးစေ့နှင့်ပျိုးပင်များ ပေးအပ်ရခြင်းရည်ရွယ်ချက်များကို ပြောကြားသည်။ ယင်းနောက် မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီအတွင်းရေးမှူး ရဲမှူးခင်မောင်ထွေးနှင့် တာဝန်ရှိသူများက မြို့ပေါ်သုံးရပ်ကွက်ရှိ ရပ်ကွက်အုပ်ချုပ်ရေးမှူးများထံ မျိုးစေ့နှင့် ပျိုးပင်များ ပေးအပ်သည်။

ထိုသို့ မျိုးစေ့နှင့်ပျိုးပင်များပေးအပ်ရာတွင် မျိုးစပါး ၃၅ တင်း၊ အစေ့ထုတ်ပြောင်း ကီလို ၄၀၊ ဟင်းသီးဟင်းရွက်မျိုးစုံ မျိုးစေ့ထုပ် ၃၀၀၀၊ လက်ဖက်ပင် ၂၀၀၀၊ ထောပတ်ပင် ၅၀၀၊ ကော်ဖီပင် ၄၀၀၀ နှင့် လိမ္မော်ပင် ၁၀၀ တို့ကိုပေးအပ်သည်။

ဆက်လက်၍ သင်တန်းတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက တောင်သူများအား လက်တွေ့သရုပ်ပြ အသိပညာပေးသည်။

ယင်းသင်တန်းသို့ သင်တန်းသား၊ သင်တန်းသူများနှင့် စိုက်ပျိုးရေးဝါသနာရှင် တောင်သူများတက်ရောက်ပြီး အပြန်အလှန်ဆွေးနွေးကြရာ လိုအပ်သည်များကို တာဝန်ရှိသူများက ဖြည့်စွက်ဆွေးနွေးကြသည်။

အဆိုပါအခမ်းအနားသို့ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီအတွင်းရေးမှူး ရဲမှူးခင်မောင်ထွေးနှင့်အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် တောင်သူများ တက်ရောက်ကြကြောင်း သိရသည်။

**ချမ်းမြေ့**

# အမှိုက်အမျိုးအစား ခွဲခြားစွန့်ပစ်ခြင်းနှင့် စပ်လျဉ်း၍ အသိပညာပေး


ရန်ကုန် နိုဝင်ဘာ ၁၂

ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ မြို့ပြပတ်ဝန်းကျင်ထိန်းသိမ်း ရေးနှင့် သန့်ရှင်းရေးဌာနမှကြီးမှူး၍ အမှိုက်အမျိုးအစား ခွဲခြားစွန့်ပစ်ခြင်းနှင့် စပ်လျဉ်း၍ အသိပညာပေးဆွေးနွေးပွဲ ကို နိုဝင်ဘာလ ၁၂ ရက်တွင် ဒဂုံမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်း ကျောင်း ဒဂုံသီရိခန်းမ၌ ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် မြို့ပြပတ်ဝန်း ကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာန ဒုတိယဌာနမှူး (ညွှန်ကြားရေးမှူး) ဒေါက်တာအောင်မြင့်မော်က နှုတ်ခွန်း ဆက်စကားပြောကြားပြီး မြို့ပြပတ်ဝန်း ကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာန ဦးစီးအရာရှိ ဒေါက်တာမိုးမိုးက စွန့်ပစ် အမှိုက်များကိုလျှော့ချခြင်း၊ ပြန်လည် တီထွင်အသုံးပြုခြင်း၊ အမှိုက်များကို အမှိုက်စို၊ အမှိုက်ခြောက်၊ ပလတ်စတစ် အမှိုက်နှင့်အန္တရာယ်ရှိအမှိုက်ဟူ၍ အမှိုက် အမျိုးအစားလေးမျိုး ခွဲခြားစွန့်ပစ်ခြင်း၊ တာမွေမြို့နယ် ကျိုက္ကဆံလမ်းရှိ Training Center and Eco Center တွင် အိမ်ထောင် စုထွက် ကြီးမားသောစွန့်ပစ်အမှိုက်များန ှင့်ပရိဘောဂစွန့်ပစ်ပစ္စည်းများ စွန့်ပစ် နိုင်ရန်ဆောင်ရွက်ထားရှိမှုနှင့် နေ့စဉ် အမှိုက်သိမ်းဆည်းဆောင်ရွက်မှုလုပ်ငန်း စဉ်များကို ပရိဂျက်တာဖြင့်ရှင်းလင်းပြော ကြားပြီး မြို့ပြပတ်ဝန်းကျင်ထိန်းသိမ်းရေး နှင့် သန့်ရှင်းရေးဌာနမှဝန်ထမ်းများက စနစ်တကျအမှိုက်စွန့်ပစ်ရန် အသိပညာ ပေးတေးသရုပ်ဖော်သီချင်းများဖြင့် သီဆို ပညာပေးကြသည်။

ဆက်လက်၍ ကျောင်းသား၊ ကျောင်း သူများအား လက်ကမ်းစာစောင်များထဲမှ အမှိုက်နှင့်ပတ်သက်သည့်မေးခွန်းများ မေး မြန်းသည့်အစီအစဉ်ကိုပြုလုပ်ခဲ့ရာ ကျောင်း သား၊ ကျောင်းသူများက စိတ်ပါဝင်စား စွာဖြေဆိုကြကြောင်း သိရသည်။ **လင်းခန့်**

## မိုးလေဝသ သတင်း




# သရက်မြို့တွင် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှု အခြေခံသင်တန်းဖွင့်လှစ်



သရက် နိုဝင်ဘာ ၁၂

မကွေးတိုင်းဒေသကြီး သရက်မြို့တွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည် နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ကြီးမှူးကျင်းပ သည့် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှု အခြေခံသင်တန်းဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာလ ၁၁ ရက်က ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် သရက်ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဝင်(၂) ဦးစိုးလှမြင့် က သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများလျော့နည်းစေရန် သဘာဝဘေးမဖြစ်မီ ကြိုတင်ပြင်ဆင်ခြင်း၊ ကြိုတင်ကာကွယ်ခြင်းလုပ်ငန်းများကို ထိရောက်စွာဆောင်ရွက်နိုင်မည်ဆိုပါက သဘာဝဘေးအန္တရာယ်များကြောင့်ဖြစ်ပေါ်လာ မည့် ပျက်စီးဆုံးရှုံးမှုများ သက်သာစေမည်ဖြစ်ကြောင်း အမှာစကားပြောကြားသည်။

ထို့နောက် ခရိုင်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန ဦးစီးမှူး ဒေါ်မြထွေးက သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ အဆိုပါသင်တန်း ကို နိုဝင်ဘာလ ၁၁ ရက်မှ ၁၃ ရက်အထိ သင်ကြားပို့ချပေးလျက်ရှိကြောင်း သိရ သည်။

**ဇော်ထက်(သရက်)**

# ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (ရန်ကုန်၊ စစ်ကိုင်း)သို့ တက်ရောက်မည့် သင်တန်းသား၊ သင်တန်းသူများ ရှမ်းပြည်နယ်ဝန်ကြီးချုပ်ထံမှ ဩဝါဒခံယူ

တောင်ကြီး နိုဝင်ဘာ ၁၂

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်နှင့် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များစွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (ရန်ကုန်၊ စစ်ကိုင်း)သို့ တက်ရောက်မည့်သင်တန်းသား၊ သင်တန်းသူများ ရှမ်းပြည်နယ်ဝန်ကြီးချုပ်ထံမှဩဝါဒခံယူခြင်းကို ယနေ့နံနက် ၈ နာရီခွဲတွင် တောင်ကြီးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။



ဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်က မောင်တို့မယ်တို့အနေဖြင့် သင်တန်းတက်ရောက်နေစဉ်ကာလအတွင်း သင်တန်းကချမှတ်ထားသည့် အမိန့်၊ ညွှန်ကြားချက်၊ စည်းကမ်းများကို တိကျလေးစားစွာ အလေးအနက်ထားလိုက်နာသွားကြရန်နှင့် အချင်းချင်းစည်းလုံးညီညွတ်စွာ ညီအစ်ကိုမောင်နှမသဖွယ် နေထိုင်ကြရန် မှာကြားလိုကြောင်း၊ ပြည်ထောင်စုဖွား တိုင်းရင်းသားပေါင်းစုံ တက်ရောက်ကြသည့် ကျောင်းတော်ကြီးတွင် စာပေပညာရပ်များကိုသာမက ပြည်ထောင်စုစိတ်ဓာတ်ဘာသာရပ်များ၊ ခေတ်နှင့်လျော်ညီသည့် အတတ်ပညာဘာသာရပ်များကိုပါ သင်ကြားပေးမည်ဖြစ်သည့်အတွက် ပညာရပ်အားလုံးကို စိတ်ပါဝင်စားစွာသင်ယူကြရန်နှင့် နောင်တွင်မောင်တို့မယ်တို့ တာဝန်ထမ်းဆောင်မည့် လုပ်ငန်းခွင်အထိ လက်တွေ့အသုံးချလိုက်နာကျင့်သုံးကြရန် အထူးမှာကြားလိုကြောင်း မှာကြားသည်။

ထို့နောက် သင်တန်းသား၊ သင်တန်းသူများအတွက် ပြည်နယ်ဝန်ကြီးချုပ်က ချီးမြှင့်ငွေပေးအပ်ရာ သင်တန်းသား၊ သင်တန်းသူ ကိုယ်စားလှယ်နှစ်ဦးက လက်ခံရယူကြပြီး သင်တန်းသား၊ သင်တန်းသူများကိုယ်စား ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်တက်ရောက်မည့် သင်တန်းသူတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် သင်တန်းသား၊ သင်တန်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။ အဆိုပါပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်နှင့် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များစွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (ရန်ကုန်၊ စစ်ကိုင်း)သို့ ရှမ်းပြည်နယ်မှတက်ရောက်မည့် သင်တန်းသား၊ သင်တန်းသူ ၁၁၅ ဦး ရှိကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

# ပဲခူးတိုင်းဒေသကြီး(အရှေ့ခြမ်း)ရှိ တောင်သူများအတွက် စပါးတိုက်ရိုက် မျိုးစေ့ချကိရိယာ(Drum Seeder) လွှဲပြောင်းပေးအပ်


ပဲခူး နိုဝင်ဘာ ၁၂

ပဲခူးတိုင်းဒေသကြီး (အရှေ့ခြမ်း)ရှိ တောင်သူများအတွက် စပါးတိုက်ရိုက်မျိုးစေ့ချကိရိယာ(Drum Seeder) ချီးမြှင့်ပေးအပ်ပွဲကို ယနေ့ နံနက်ပိုင်းတွင် ပဲခူးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက ပဲခူးတိုင်းဒေသကြီးအတွင်း စိုက်ပျိုးသီးနှံအလိုက် "မျိုး၊ မြေ၊ ရေ၊ နည်း" ပြောင်းလဲဆောင်ရွက်ပေးနိုင်ခဲ့မှုကြောင့် အဓိကသီးနှံ ၁၃ မျိုးတွင် နွေစပါးအပါအဝင် သီးနှံခုနစ်မျိုး ပန်းတိုင်အထွက်နှုန်းကျော်လွန်ရရှိပြီဖြစ်ကာ ရေကြီးရေနက်ကွင်းများကိုလည်း ရေတော်မိုးတော်လယ်မြေအဖြစ် အဆင့်မြှင့်တင်ပေးနိုင်ရေး ရေကြောင်းရှင်းလင်းခြင်းလုပ်ငန်းများကိုလည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ရေမြေဒေသအလိုက်ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် မျိုးကောင်းမျိုးသန့်များ သုံးစွဲသွားရမည်ဖြစ်သကဲ့သို့ တန်ဖိုးမြှင့်ပေါ်ဆန်းစပါးမျိုးများကိုလည်း ပျိုးထောင်စိုက်ပျိုးခြင်း၊ မျိုးစေ့ချကိရိယာဖြင့် စိုက်ပျိုးခြင်းနှင့် လက်ဆွဲကောက်စိုက်စက်ဖြင့် စိုက်ပျိုးခြင်းများကို အထူးအလေးထားဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက်တိုင်းဒေသကြီးဝန်ကြီးချုပ်က ပဲခူးခရိုင်၊ ညောင်လေးပင်ခရိုင်နှင့် တောင်ငူခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌများနှင့် တောင်သူများအား စပါးတိုက်ရိုက်မျိုးစေ့ချကိရိယာ(Drum Seeder) ၇၅၀ ခုအား လွှဲပြောင်းပေးအပ်ကာ စပါးတိုက်ရိုက်မျိုးစေ့ချကိရိယာ(Drum Seeder) နှင့် ပတ်သက်၍ နည်းပညာအသိပညာပေး Video Clip အား ကြည့်ရှုသည်။

ယင်းနောက် တိုင်းဒေသကြီးစိုက်ပျိုးရေး ဦးစီးမှူးက လက်ဆွဲမျိုးစေ့ချကိရိယာများ အသုံးပြုရခြင်း၏ အကျိုးကျေးဇူးများအား ရှင်းလင်းတင်ပြပြီး ပဲခူးခရိုင်၊ ညောင်လေးပင်ခရိုင်နှင့် တောင်ငူခရိုင်တို့၏ ကိုယ်စားပြုတောင်သူတစ်ဦးက တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဦးဆောင်မှုအပေါ် လိုက်နာဆောင်ရွက်ခဲ့ခြင်းကြောင့် စိုက်ပျိုးသီးနှံအလိုက် ပန်းတိုင်အထွက်နှုန်းတိုးတက်ရရှိခဲ့သည့် အတွေ့အကြုံများ ရှင်းလင်းပြောကြားသည်။



ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက တောင်သူများသို့ လွှဲပြောင်းပေးအပ်မည့် စပါးတိုက်ရိုက်မျိုးစေ့ချကိရိယာ(Drum Seeder)များကို လှည့်လည်ကြည့်ရှုအားပေးသည်။ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် ဒေသတွင်းထုတ်စပါးတိုက်ရိုက်မျိုးစေ့ချကိရိယာ(Drum Seeder)ကို ငွေကျပ်နှစ်သိန်းဖြင့် ဖြန့်ဝေပေးခြင်းဖြစ်ကာ ရှစ်တန်းသွားဖြစ်ခြင်း၊ သုံးစွဲရလွယ်ကူခြင်း၊ မျိုးစပါးလေလွင့်မှုမရှိခြင်း၊ ၂၂ လက်မဘီးတပ်ဆင်ထားသဖြင့် ရေကြီးရေနက်ကွင်းများတွင် အသုံးပြုနိုင်ခြင်းစသည့်အကျိုးကျေးဇူးများရှိကြောင်း သိရသည်။

ယင်းနောက် ပဲခူးမြို့ စက်မှုနယ်မြေအတွင်းရှိအဝင်လမ်းများ၊ အတွင်းလမ်းများပြန်လည်အဆင့်မြှင့်တင်နိုင်ရေး၊ ပဲခူးမြို့ ဥဿာမြို့သစ် သမိန်ဗရမ်းလမ်းအဆင့်မြှင့်တင်နေမှုနှင့် ကျွန်းသာယာရပ်ကွက်အတွင်းလမ်းများ ကွန်ကရစ်ခင်းနိုင်ရေးကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး လမ်းဘေးရေမြောင်းများ တစ်ပါတည်းဖော်ရန်နှင့် လမ်းဧရိယာအတွင်း ကျူးကျော်မှုများမရှိစေရေး စစ်ဆေးဆောင်ရွက်ရန် တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်းသိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ကယားပြည်နယ် ရင်းနှီးမြှုပ်နှံမှုနှင့်စီးပွားရေးအခွင့်အလမ်းများ ဆွေးနွေး



လွိုင်ကော် နိုဝင်ဘာ ၁၂

ကယားပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီကကြီးမှူး၍ ကယားပြည်နယ်ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးအခွင့်အလမ်းများဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် လွိုင်ကော်မြို့ ပြည်နယ်ခန်းမ၌ကျင်းပသည်။

ဆွေးနွေးပွဲသို့ ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၊ ပြည်နယ်အတွင်းရှိစီးပွားရေးအသင်းအဖွဲ့များ၊ ကဏ္ဍအသီးသီးမှ စီးပွားရေးလုပ်ငန်းရှင်များ၊ စိုက်ပျိုးမွေးမြူရေးတောင်သူများနှင့် ဖိတ်ကြားထားသူများတက်ရောက်ကြသည်။

ဦးစွာ ကယားပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်က ပြည်နယ်အတွင်း ဦးစားပေးမြှင့်တင်မည့်ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများနှင့် ဆက်စပ်လုပ်ကိုင်ရမည့် လုပ်ငန်းစဉ်များကို လုပ်ငန်းရှင်များအနေဖြင့် ကျယ်ကျယ်ပြန့်ပြန့်သိရှိပြီး ဆောင်ရွက်နိုင်ရန်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေအရ ရရှိမည့်အခွန်ကင်းလွတ်ခွင့်၊ သက်သာခွင့်များအပါအဝင် အခြားသောအခွင့်အလမ်းများနှင့် ဥပဒေဆိုင်ရာအကာအကွယ်ပေးမှုများကို ပိုမိုသိရှိနိုင်စေရန်၊ တွေ့ကြုံရသည့် စိန်ခေါ်မှုများ၊ အခက်အခဲများကို ကျော်လွှားနိုင်ရန်နှင့် ပြည်နယ်အစိုးရနှင့်တာဝန်ရှိသူအားလုံးက ပေါင်းစပ်ကူညီဆောင်ရွက်နိုင်ရန်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်နယ်ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးက ကယားပြည်နယ် ရင်းနှီးမြှုပ်နှံမှုနှင့်စီးပွားရေးအခွင့်အလမ်းများ ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ပြကာ အထူးဖိတ်ကြားထားသည့်ဌာနဆိုင်ရာများက ကယားပြည်နယ်၏ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးဆိုင်ရာအခွင့်အလမ်းများနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍအလိုက်ဆွေးနွေးကြပြီး တက်ရောက်လာသည့်စီးပွားရေးလုပ်ငန်းရှင်များ၊ တောင်သူများနှင့် စိတ်ပါဝင်စားသူများက သိရှိလိုသည်များကို မေးမြန်းခဲ့မှုများအပေါ် ပြန်လည်ရှင်းလင်းဖြေကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ခင်းကျင်းပြသထားသည့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာဥပဒေ၊ နည်းဥပဒေစာအုပ်စာစောင်များနှင့် လက်ကမ်းစာစောင်များကို ကြည့်ရှုခဲ့ကြောင်း သိရသည်။

ထို့ပြင် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်နှင့် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (ရန်ကုန်၊ စစ်ကိုင်း)သို့တက်ရောက်မည့် ကျောင်းသား၊ ကျောင်းသူများက ကယားပြည်နယ်ဝန်ကြီးချုပ်၏ ဩဝါဒခံယူပွဲကို နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေးသင်တန်းကျောင်း(လွိုင်ကော်)၌ ကျင်းပသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က ကျောင်းသား၊ ကျောင်းသူများအား မိမိတက်ရောက်ခွင့်ရရှိသည့် ဘာသာရပ်များတွင် ထူးချွန်ထက်မြက်သူများဖြစ်အောင် အကောင်းဆုံးကြိုးစားကြရန် လိုအပ်ကြောင်း၊ ပညာသင်ကြားရာတွင် အခြားသောပြည်နယ်နှင့်တိုင်းဒေသကြီးအသီးသီးမှ ကျောင်းသား၊ ကျောင်းသူများနှင့် ခင်မင်ရင်းနှီးစွာနေထိုင်ပြီး ပြည်ထောင်စုစိတ်ဓာတ်ခိုင်မြဲမှုရှိရန်၊ ပြည်ထောင်စုတိုင်းရင်းသားများ၏ယဉ်ကျေးမှုနှင့် ဓလေ့ထုံးစံကောင်းများကို အပြန်အလှန်လေးစားထိန်းသိမ်းကြရန်လိုကြောင်း၊ တက္ကသိုလ်ပညာသာမက ဘက်စုံပညာသင်ကြားခွင့်ရရှိမည်ဖြစ်သဖြင့် စည်းကမ်းအရာတွင် စံနမူနာပြဖြစ်အောင် ကြိုးပမ်းသွားကြရန်နှင့် နိုင်ငံ့ဂုဏ်၊ ပြည်နယ်ဂုဏ်ဆောင်နိုင်သည့်သူများဖြစ်လာအောင် ရည်မှန်းချက်ထား ကြိုးစားသွားကြရန်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ကျောင်းသား၊ ကျောင်းသူများအတွက် ချီးမြှင့်ငွေများပေးအပ်ရာ ကျောင်းသား၊ ကျောင်းသူများကိုယ်စား ကိုယ်စားလှယ်နှစ်ဦးက လက်ခံရယူကြပြီး ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက ကျောင်းသား၊ ကျောင်းသူများအတွက် လမ်းစရိတ်ချီးမြှင့်ငွေများ ပေးအပ်ရာ ကျောင်းသား၊ ကျောင်းသူကိုယ်စားလှယ်နှစ်ဦးက လက်ခံရယူကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ကျောင်းသား၊ ကျောင်းသူများနှင့် ကျောင်းသားမိဘများကို ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကားပြောကြားကာ ဂုဏ်ပြုလက်ဖက်ရည်ပွဲဖြင့် ဧည့်ခံခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# အဝလွန်သောကလေးသူငယ်များတွင်အဖြစ်များသည့် အမျိုးအစား (၂) သွေးချိုဆီးချိုရောဂါ

ကမ္ဘာတစ်ဝန်းတွင် မြို့ပြလူနေမှုစနစ် တိုးတက်ပြောင်းလဲလာခြင်းနှင့်အတူ ကျန်းမာရေးနှင့်မညီညွတ်သော ခေတ်မီအစားအသောက်ပုံစံများ၊ နည်းပညာအသုံးပြုမှုတိုးတက်လာသောကြောင့် ကိုယ်လက်လှုပ်ရှားမှု လျော့နည်းလာခြင်းနှင့် အထိုင်များသည့်အလေ့အကျင့် စသည်တို့ကြောင့် လွန်ခဲ့သည့်နှစ်များအတွင်း ကလေးသူငယ်များတွင် အဝလွန်ခြင်းသည် ကြီးမားသောကျန်းမာရေးစိန်ခေါ်မှုတစ်ခုဖြစ်လာပါသည်။ ကမ္ဘာ့အဝလွန်ရောဂါအဖွဲ့ချုပ်၏ အချက်အလက်များအရ အသက်ငါးနှစ်မှ ၁၉ နှစ်ကြားကလေးများနှင့် ဆယ်ကျော်သက်လူငယ်များသည် ၂၀၂၅ ခုနှစ်တွင်၂၀၆ သန်းနှင့် ၂၀၃၀ ပြည့်နှစ်၌ ၂၅၄ သန်းတွင် အဝလွန်ခြင်းဖြစ်မည်ဟု ခန့်မှန်းထားသည်။ ကလေးဘဝတွင် အဝလွန်ခြင်းသည် အရွယ်ရောက်ပြီးသည်အထိ ဆက်ရှိနေတတ်ပြီး ကျန်းမာသောကိုယ်အလေးချိန်ရှိသူများနှင့်နှိုင်းယှဉ်ပါက သွေးချိုဆီးချိုရောဂါဖြစ်နိုင်ခြေ ၁ ဒသမ ၄ ဆပိုများပါသည်။ အမေရိကန်နိုင်ငံရှိ ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးဗဟိုဌာန၏ ခန့်မှန်းချက်များအရ ငယ်ရွယ်သူများတွင် အမျိုးအစား (၂) သွေးချိုဆီးချိုရောဂါပျံ့နှံ့မှုကို နှစ်စဉ် ၂ ဒသမ ၃ ရာခိုင်နှုန်း တိုးလာသည်ဟုယူဆပါက အသက် ၂၀ နှစ်အောက်လူငယ်များတွင်ဖြစ်ပွားမှုသည် နှစ် ၄၀ တွင် လေးဆတိုးလာမည်ဖြစ်သည်။

ယခင်က အမျိုးအစား(၂)သွေးချိုဆီးချိုရောဂါသည် ဇီဝဖြစ်ပျက်မှုဆိုင်ရာချို့ယွင်းမှုကြောင့်ဖြစ်ပြီး အရွယ်ရောက်ပြီးသူများနှင့် လူကြီးများတွင်အဖြစ်များသော ရောဂါတစ်ခုအဖြစ် ကာလကြာရှည်စွာသိထားကြသည်။ ကလေးသူငယ်များတွင် အမျိုးအစား(၂)သွေးချိုဆီးချိုရောဂါဖြစ်ပွားမှုများလာရခြင်းအကြောင်းရင်းမှာ ကလေးသူငယ်များတွင် အဝလွန်ဦးရေဆက်လက်တိုးလာခြင်းကြောင့်ဖြစ်သည်။ ကလေးသူငယ်များတွင်တွေ့ရသော အမျိုးအစား(၂)သွေးချိုဆီးချိုရောဂါသည် အမျိုးအစား(၁)သွေးချိုဆီးချိုရောဂါနှင့်မတူ၊ လူကြီးများတွင်ဖြစ်သော အမျိုးအစား(၂)သွေးချိုဆီးချိုရောဂါနှင့်လည်းကွဲပြားပြီး ဘီတာဆဲလ်၏လုပ်ဆောင်ချက်များ ပိုမိုလျင်မြန်စွာလျော့နည်းလာမှုနှင့် သွေးချိုဆီးချိုရောဂါ၏ နောက်ဆက်တွဲပြဿနာများ လျင်မြန်စွာဖြစ်ပေါ်လာခြင်းကဲ့သို့သော ထူးခြားသည့်အင်္ဂါရပ်များရှိကြောင်း တွေ့ရသည်။

### ကလေးသူငယ်များတွင် အဝလွန်ခြင်းကိုဖြစ်စေသည့်အချက်များ

လွန်ခဲ့သော ၂၀၀၀ ပြည့်နှစ်မှ ၂၀၂၃ ခုနှစ်အတွင်း ကမ္ဘာလုံးဆိုင်ရာကလေးသူငယ်များတွင် အဝလွန်ခြင်းဖြစ်နိုင်သောအချက်များနှင့် ဆက်စပ်နိုင်ခြေကို စနစ်တကျပြန်လည်သုံးသပ်လေ့လာမှု၏ တွေ့ရှိချက်အရ ကလေးသူငယ်ငါးဦးတွင် တစ်ဦးသည် အဝလွန်ခြင်းကို ခံစားရနိုင်ကြောင်း၊ အားကစားဝါသနာပါသော ကလေးများနှင့် လေ့ကျင့်ခန်းပုံမှန်လုပ်သောကလေးများသည် အဝလွန်နိုင်ခြေနည်းပါးကြောင်း ဖော်ပြခဲ့သည်။ နံနက်စာမစားခြင်းသည် ကလေးသူငယ်များ အဝလွန်ခြင်းအန္တရာယ်နှင့် ဆက်စပ်နေကြောင်း တွေ့ရသည်။ တစ်ရက်လျှင် နှစ်နာရီထက်ပို၍ ကွန်ပျူတာအသုံးပြုခြင်း၊ တီဗီကြည့်ခြင်း၊ ဖုန်းနှင့်ဂိမ်းကစားခြင်းများကို ပိုမိုအာရုံစိုက်လာကြသောကြောင့် အထိုင်များပြီး ကိုယ်အလေးချိန်ပိုတက်နိုင်သည်။ ထို့ပြင် တီဗီနှင့် ကွန်ပျူတာဖန်သားပြင်ကြည့်နေစဉ် ကျန်းမာရေးနှင့်မညီညွတ်သောအစားအသောက်များကို သတိလက်လွတ်စားသောက်ခြင်း၊ အထိုင်များသောအပြုအမူကြောင့် ကိုယ်လက်လှုပ်ရှားမှုနည်းလာခြင်းနှင့် အိပ်ချိန်ကိုလျှော့ချခြင်းတို့ကြောင့် အဝလွန်ခြင်းဖြစ်လာစေသည်။

''ငယ်ရွယ်စဉ် အမျိုးအစား(၂)သွေးချိုဆီးချိုရောဂါဖြစ်သူများသည် အရွယ်ရောက်ပြီးချိန်တွင် သွေးကြောဆိုင်ရာနောက်ဆက်တွဲပြဿနာများရှိနေကြောင်းတွေ့ရပြီး အာရုံကြောများ၊ မျက်လုံးနှင့် ကျောက်ကပ်အပါအဝင် ခန္ဓာကိုယ်ရှိ အင်္ဂါအစိတ်အပိုင်းအားလုံးနီးပါးကို ထိခိုက်စေနိုင်သည် . . .''

### ကလေးသူငယ်များတွင် အဝလွန်သတ်မှတ်မှုစနစ်

BMI အညွှန်းကိန်းသည် ကလေးသူငယ်များတွင် ကိုယ်အလေးချိန်များခြင်းနှင့် အဝလွန်ခြင်းကိုဆုံးဖြတ်ရန် လက်ခံထားသော စံတစ်ခုဖြစ်သည်။ ကလေးသူငယ်များတွင် BMI အညွှန်းကိန်းသည် အသက်အရွယ်နှင့်အမျှ ပြောင်းလဲလာသည်။ ကလေးများတွင် BMI သည် မွေးစမှအသက်တစ်နှစ်အထိတိုးလာပြီး အသက်ငါးနှစ်မှ ကိုးနှစ်အထိတွင် လျော့နည်းသွားသည်။ အသက်ကိုးနှစ်မတိုင်မီ BMI စောစောပြန်တက်ခြင်းသည် အရွယ်ရောက်ပြီးချိန်တွင် အဝလွန်ခြင်းအန္တရာယ်ကို ခံစားရနိုင်သည်။ ကလေးသူငယ်များတွင် ကိုယ်အလေးချိန်များခြင်း သို့မဟုတ် အဝလွန်ခြင်းသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ၂၀၀၇ ၏ BMI အညွှန်းကိန်းသတ်မှတ်မှုစနစ်ပေါ်တွင် အခြေခံသည်။ အလွန်အမင်းဝခြင်း (Morbid Obesity) ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်သည် အမေရိကန်ရောဂါထိန်းချုပ်မှုစံနှုန်း(US CDC)၏ ကြီးထွားမှုဇယားအရ ၁၂၀ ရာခိုင်နှုန်းထက်ကျော်လွန်ခြင်း သို့မဟုတ် BMI ၃၅ ထက်လွန်ခြင်းကို အသုံးပြုနိုင်သည်။

### သွေးချိုဆီးချိုရောဂါဖြစ်နိုင်ခြေ အန္တရာယ်ရှိသူများ

ငယ်ရွယ်စဉ်တွင် အဝလွန်ခြင်းနှင့် အဆီပိုများခြင်း (အထူးသဖြင့် ဝမ်းဗိုက်တစ်ဝိုက်တွင်အဆီများစုပုံခြင်း)၊ ကိုယ်လက်လှုပ်ရှားမှုနည်းခြင်း၊ အနီရောင်အသားနှင့် ပြုပြင်ထားသောအသားများစားခြင်း၊ သကြားပါသောအချိုရည်များသောက်သုံးခြင်း၊ မိဘ သို့မဟုတ် မွေးချင်းများတွင် သွေးချိုဆီးချိုရောဂါရှိခြင်း၊ မိခင်ကိုယ်ဝန်ဆောင်ချိန် ဆီးချိုရောဂါရှိခြင်း၊ လမစေ့ဘဲမွေးခြင်းနှင့် မွေးကင်းစကိုယ်အလေးချိန်နည်းခြင်း၊ ဇီဝဖြစ်ပျက်မှုဆိုင်ရာရောဂါလက္ခဏာစုနှင့် အပျိုဖော်ဝင်ပြီးနောက် အမျိုးသမီးများ သားဥအိမ်တွင် ရေအိတ်များတည်ခြင်းတို့နှင့် ဆက်စပ်မှုရှိသည်။ ကလေးများနှင့်ဆယ်ကျော်သက်အရွယ်တွင် အမျိုးအစား(၂)သွေးချိုဆီးချိုရောဂါဖြစ်တတ်သော်လည်း မည်သည့်အသက်အရွယ်တွင်မဆို ဖြစ်ပွားနိုင်သည်။ ဆယ်ကျော်သက်မိန်းကလေးများသည် ယောက်ျားလေးများထက် ရောဂါဖြစ်နိုင်ခြေပိုများသည်။

### နောက်ဆက်တွဲပြဿနာများ

ငယ်ရွယ်စဉ် အမျိုးအစား(၂)သွေးချိုဆီးချိုရောဂါဖြစ်သူများသည် အရွယ်ရောက်ပြီးချိန်တွင် သွေးကြောဆိုင်ရာနောက်ဆက်တွဲပြဿနာများရှိနေကြောင်း တွေ့ရပြီး အာရုံကြောများ၊ မျက်လုံးနှင့် ကျောက်ကပ်အပါအဝင် ခန္ဓာကိုယ်ရှိ အင်္ဂါအစိတ်အပိုင်းအားလုံးနီးပါးကို ထိခိုက်စေနိုင်သည်။ ရေရှည်နောက်ဆက်တွဲပြဿနာများသည် နှစ်များစွာကြာလာသည်နှင့်အမျှ တဖြည်းဖြည်းကြီးထွားလာပြီး နောက်ဆုံးတွင် ပြင်းထန်သွေးချိုဆီးချိုရောဂါနှင့် အသက်အန္တရာယ်ပင် ဖြစ်နိုင်သည်။ ထို့ကြောင့် အမျိုးအစား(၂)သွေးချိုဆီးချိုရောဂါရှိသူ ကလေးသူငယ်များတွင် အရွယ်မတိုင်မီ သွေးကြောများဆိုင်ရာနောက်ဆက်တွဲပြဿနာများကို တားဆီးရန်အတွက် ထိရောက်စွာစောင့်ကြည့်ကုသရန် လိုအပ်ပါသည်။

### သွေးစစ်ဆေးခြင်းနှင့် ရောဂါသတ်မှတ်ခြင်း

(က) ညဘက် ၈ နာရီမှ ၁၀ နာရီကြား အစာမစားဘဲစစ်ဆေးခြင်း၊ ၁၂၆ mg/dl သို့မဟုတ် ထို့ထက်ပိုလျှင် သွေးချိုဆီးချိုရောဂါကိုညွှန်ပြသည်။

(ခ) 75g OGTT (ဂလူးကို့စ်အမှုန့် ၇၅ ဂရမ်ကို အရည်ဖျော်တိုက်ပြီး နှစ်နာရီအကြာတွင် သွေးစစ်ဆေးခြင်း)၊ ၂၀၀ mg/dl သို့မဟုတ် ထို့ထက်ပိုလျှင် သွေးချိုဆီးချိုရောဂါကိုညွှန်ပြသည်။

(ဂ) လွန်ခဲ့သောသုံးလအတွင်း ပျမ်းမျှသွေးတွင်းသကြားဓာတ် ဟေမိုဂလိုဘင် (A1C) ကိုစစ်ဆေးခြင်း၊ ၆ ဒသမ ၅ ရာခိုင်နှုန်း သို့မဟုတ် ထို့ထက်ပိုလျှင် သွေးချိုဆီးချိုရောဂါကိုညွှန်ပြသည်။

### ထပ်လောင်းစစ်ဆေးမှုများ

ကလေးသူငယ်များတွင် အမျိုးအစား (၁) နှင့်အမျိုးအစား (၂) သွေးချိုဆီးချိုရောဂါတို့ကိုခွဲခြားရန်အတွက် သွေးတွင်းပန်ကရိယ Autoantibodies နှင့် C-peptide ပမာဏကို တိုင်းတာရန်လိုအပ်ပါသည်။

### စစ်ဆေးသင့်သောကလေးသူငယ်များ

အမေရိကန် သွေးချိုဆီးချိုရောဂါအသင်း၏အကြံပြုချက်မှာ အမျိုးသမီးငယ်များ အပျိုဖော်ဝင်လျှင် သို့မဟုတ် အသက် ၁၀ နှစ်ကျော်လျှင် စစ်ဆေးသင့်ပါသည်။ အဝလွန်ခြင်းနှင့် သွေးချိုဆီးချိုရောဂါဖြစ်နိုင်ခြေအန္တရာယ်ရှိသော အကြောင်းရင်းတစ်ခု သို့မဟုတ် တစ်ခုထက်ပိုသောလူငယ်များ (မိဘနှင့်မွေးချင်းများတွင် သွေးချိုဆီးချိုရောဂါရှိခြင်း၊ ကိုယ်ဝန်ဆောင်စဉ် ဆီးချိုရောဂါရှိသူမိခင်များမှ မွေးဖွားခြင်း၊ အင်ဆူလင်ခုခံမှုများသောသွင်ပြင်လက္ခဏာများဖြစ်သည့် လည်ပင်းတစ်ဝိုက်နှင့် ချိုင်းအရေပြားမည်းခြင်း၊ သွေးတိုးခြင်းနှင့် သွေးတွင်းကိုလက်စထရောများခြင်း၊ မွေးကင်းစကလေးကိုယ်အလေးချိန်နည်းခြင်း သို့မဟုတ် များခြင်း၊ အပျိုဖော်ဝင်ပြီးနောက် သားဥအိမ်တွင်ရေအိတ်ရှိခြင်း) တွင် အခြေခံစစ်ဆေးမှုကို စောစောပြုလုပ်ရန်စဉ်းစားသင့်သည်။ စမ်းသပ်မှုများပုံမှန်ဖြစ်ပါက အနည်းဆုံးနှစ်နှစ်ကြာလျှင် ထပ်မံစစ်ဆေးရန် သို့မဟုတ် BMI ပိုများလာပါက မကြာခဏစစ်ဆေးရန် အကြံပြုထားသည်။

### ကလေးသူငယ်များတွင် သွေးချိုဆီးချိုရောဂါကုသမှု

ကလေးသူငယ်များတွင်ဖြစ်သော အမျိုးအစား(၂)သွေးချိုဆီးချိုရောဂါကုသမှုတွင် မိသားစုဗဟိုပြုကျန်းမာရေးနှင့်ညီညွတ်သည့် နေထိုင်စားသောက်မှုပုံစံကို လူငယ်အားလုံးနှင့်မိသားစုများ သို့မဟုတ် အရွယ်ရောက်ပြီးသူပြုစုစောင့်ရှောက်သူများက လိုက်နာရန်လိုအပ်ပါသည်။ ကျန်းမာရေးနှင့်ညီညွတ်သော စားသောက်မှုအစီအစဉ်တွင် ကစီဓာတ်မပါသောဟင်းသီးဟင်းရွက်၊ အသီးအနှံ၊ ပဲမျိုးစုံ၊ အစေ့အဆန်များနှင့် အဆီနည်းသောနို့ထွက်ပစ္စည်းများကို များများစားရန်၊ အသားများကို လျှော့စားရန်၊ အဖျော်ယမကာ၊ အချိုပါသောအစားအစာများ၊ သန့်စင်ပြီးအစေ့အဆန်များနှင့် လွန်ကဲစွာပြုပြင်ထားသောအစားအစာများကို လျှော့စားရန်ဖြစ်ပါသည်။ နေ့စဉ်အလယ်အလတ်မှပြင်းထန်သော ပုံမှန်ကိုယ်လက်လှုပ်ရှားမှုကို အနည်းဆုံးမိနစ် ၆၀ ပြုလုပ်ရန်၊ ကြွက်သားနှင့်အရိုးသန်မာစေသော လေ့ကျင့်ခန်းများကို အနည်းဆုံးတစ်ပတ်လျှင် သုံးရက် ပြုလုပ်ရန်နှင့် တီဗီကြည့်ခြင်း၊ ဖုန်း သို့မဟုတ် ကွန်ပျူတာအသုံးပြုခြင်း၊ အွန်လိုင်းအသုံးပြု၍ စိတ်အပန်းဖြေခြင်း စသည့်အထိုင်များသောအချိန်ကို လျှော့ချရန်လိုအပ်ပါသည်။

### ကုသရေးရည်မှန်းချက်

သွေးချိုဆီးချိုရောဂါထိန်းချုပ်မှုအခြေအနေကိုအကဲဖြတ်ရန် HbA1C ကို အနည်းဆုံး သုံးလတစ်ကြိမ် စစ်ဆေးရပါမည်။ အမျိုးအစား (၂) သွေးချိုဆီးချိုရောဂါရှိသော ကလေးသူငယ်များအတွက် HbA1C ရည်မှန်းချက်မှာ ၆ ဒသမ ၅-၇ ရာခိုင်နှုန်းဖြစ်သည်။ ကုသမှုလိုအပ်ချက်ပေါ်မူတည်၍ အိမ်တွင် သွေးတွင်းဂလူးကို့စ်ကို စဉ်ဆက်မပြတ်စစ်ဆေးပြီး မှတ်တမ်းတင်ရန်လိုအပ်သည်။ အဝလွန်သောကလေးသူငယ်တစ်ဦးချင်းစီအတွက် အနည်းဆုံးကိုယ်အလေးချိန် ၇-၁၀ ရာခိုင်နှုန်း လျော့ကျစေရန်နှင့် ရေရှည်ထိန်းသိမ်းထားရန် လိုအပ်ပါသည်။

### ပုံမှန်ပြသရန်လိုအပ်ခြင်း

ကလေးသူငယ်များတွင် သွေးချိုဆီးချိုရောဂါကို ကောင်းစွာစီမံခန့်ခွဲနိုင်စေရန်အတွက် ပုံမှန်ပြသရန်လိုအပ်သည်။ သွေးတွင်းသကြားဓာတ်အခြေအနေများ၊ ပုံမှန်စားသောက်မှုပုံစံ၊ ကိုယ်လက်လှုပ်ရှားမှု၊ ကိုယ်အလေးချိန်နှင့် ဆေးဝါးများကို ပြန်လည်သုံးသပ်ခြင်းတို့ ပါဝင်သည်။ ကျန်းမာသောနေထိုင်မှုပုံစံအပြောင်းအလဲများသည် ဆေးဝါးလိုအပ်မှုကို လျှော့ချနိုင်သည်။ တစ်ခါတစ်ရံတွင် အရေးပေါ်ပြဿနာများဖြစ်သော သွေးတွင်းသကြားဓာတ်နည်းခြင်း သို့မဟုတ် အလွန်မြင့်တက်ခြင်းတို့ ဖြစ်ပေါ်လာတတ်သည်။ ကလေး၏ကြီးထွားမှု၊ သွေးပေါင်ချိန်၊ ကိုလက်စထရောပမာဏ၊ ကျောက်ကပ်နှင့် အသည်းလုပ်ဆောင်ချက်၊ မျက်လုံးနှင့် ခြေဖဝါးတို့ကို အခါအားလျော်စွာစစ်ဆေးရန်လိုအပ်သည်။ နှစ်စဉ် တုပ်ကွေးရောဂါကာကွယ်ဆေးထိုးရန်လိုအပ်သည်။

အချုပ်အားဖြင့်ဆိုသော် ကလေးသူငယ်များတွင် အဖြစ်များလာသောအမျိုးအစား (၂) သွေးချိုဆီးချိုရောဂါကို ကာကွယ်ကုသရာတွင် မိသားစုနှင့်ပြုစုစောင့်ရှောက်သူများ၏အခန်းကဏ္ဍက အရေးပါသည်။ ကလေးသူငယ်များ၏ ၅၀ ရာခိုင်နှုန်းအထိ ရောဂါလက္ခဏာမပြဘဲ ရှိနေနိုင်သဖြင့် ဖြစ်နိုင်ခြေရှိသောကလေးများကို ကြိုတင်စစ်ဆေးသင့်ပါသည်။ ထို့ကြောင့် ဖြစ်ပွားမှုကိုတားဆီးရန် သို့မဟုတ် ရွှေ့ဆိုင်းရန်နှင့် ကလေးများ အဝလွန်ခြင်းကိုထိန်းချုပ်ရန်အတွက် မိသားစုဗဟိုပြုကျန်းမာရေးနှင့်ညီညွတ်သောလူနေမှုပုံစံကို မြှင့်တင်ရန် အရေးကြီးကြောင်း အသိပညာပေးရေးသားလိုက်ရပါသည်။

ဒေါက်တာသိင်္ဂီကျော်

→ ကျောဖုံးမှအဆက်

မြန်မာ့မီးရထားဦးဆောင်ညွှန်ကြားရေးမှူးနှင့် အရာထမ်း၊ အမှုထမ်းများက ၂၀၂၃ ခုနှစ် နိုဝင်ဘာလ ၁၁ ရက်မှစ၍ အကြမ်းဖက်သောင်းကျန်းသူများ ဝင်ရောက်ဖျက်ဆီးခဲ့ခြင်းကြောင့် ကွန်ကရစ်ဇလီဖားစက်ရုံ၏ ပျောက်ဆုံး/ ပျက်စီးသွားခဲ့သောစက်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများ၊ အရန်ထားရှိသည့်ပစ္စည်းများ၊ ယာဉ်ယန္တရားများ စုစုပေါင်း ၁၇၉ မျိုး ကာလတန်ဖိုးငွေကျပ် ၃၈၈၈ ဒသမ ၆၂ သန်းခန့် ဆုံးရှုံးခဲ့ရသည့်အခြေအနေများကို ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီးက စက်ရုံအမြန်ဆုံး ပြန်လည်လည်ပတ်နိုင်ရေးနှင့် လုပ်ငန်းအပေါ်မူတည်၍ အရေးကြီးသည့်ကဏ္ဍအလိုက် ဦးစားပေးဆောင်ရွက်ရန် ကိစ္စရပ်များကိုမှာကြားကာ စက်ရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် သီပေါမြို့ရှိ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း(အော်တိုအိတ်ချိန်း)ရုံး၊ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန(မြို့နယ်ရုံး)၊ သီပေါဘူတာနှင့် မြန်မာ့စာတိုက်လုပ်ငန်း (သီပေါစာတိုက်) တို့ကိုကြည့်ရှုစစ်ဆေးကာ မြန်မာ့စာတိုက်လုပ်ငန်း(သီပေါစာတိုက်)၌ ဝန်ကြီးဌာန၏ ဌာနဆိုင်ရာတာဝန်ရှိသူများအား တွေ့ဆုံ၍ ပြည်ထောင်စုဝန်ကြီးက ဌာနအချင်းချင်း ပေါင်းစပ်ညှိနှိုင်းပြီး ရည်မှန်းချက်အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်ရေး၊ လုပ်ငန်းများကိုစနစ်တကျဆောင်ရွက်ရေးနှင့် မိမိတို့၏လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရာ၌ စေတနာထားကြိုးစားဆောင်ရွက်ရေးကိစ္စများကို မှာကြားကာ စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကျောက်မဲမြို့သို့ သွားရောက်၍ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းပညာပေးသင်တန်းခန်းမ၌ ဝန်ကြီးဌာနအောက်ရှိ ဌာနဆိုင်ရာဝန်ထမ်းများနှင့် တွေ့ဆုံ၍ အားပေးစကားပြောကြားကာ စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများပေးအပ်သည်။

ဆက်လက်၍ ကျောက်မဲဘူတာသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဘူတာနှင့် ယာဒ်ဝင်းများသန့်ရှင်းသပ်ရပ်မှုရှိစေရေး၊ ရထားများပြန်လည်ပြေးဆွဲနိုင်ရေးအတွက် လမ်းပိုင်းကြံ့ခိုင်မှု အခြေအနေများကို စစ်ဆေးပြုပြင်သွားရန် ကိစ္စရပ်များကို မှာကြားသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် နောင်ချိုမြို့နယ်ရှိ ဂုတ်ထိပ်ဘူတာသို့ရောက်ရှိပြီး ရာနှုန်းပြည့်ပြန်လည်ပြုပြင်ပြီးစီးပြီဖြစ်သည့် ဂုတ်ထိပ်တံတားကြီးပေါ်မှ ကုန်တန်ချိန် ၂၀၉ တန်တင်ဆောင်ထားသည့် ရထားတွဲဆိုင်းဖြင့် စမ်းသပ်ဖြတ်သန်းမောင်းနှင်နေမှုကို ကြည့်ရှုကာ RGC သံလမ်းပြေးယာဉ်ဖြင့် ဂုတ်ထိပ်ဘူတာမှ လားရှိုးဘက်ခြမ်းတံတားထိပ်အထိ လိုက်ပါစီးနင်း၍ ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ ဂုတ်ထိပ်တံတားသည် ယခုနှစ်ဩဂုတ်လ ၂၄ ရက်တွင် အကြမ်းဖက်သောင်းကျန်းသူများ၏ မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခံရမှုကြောင့် တံတားကြီး၏ လားရှိုးဘက်အခြမ်း ကမ်းကပ်ခုံနှင့် တံတားတိုင်အမှတ်(၁၆)အကြား တံတားသံပေါင် နှစ်ဖက်စလုံးကျိုးကျပျက်စီးခဲ့ရပြီး ယင်းပျက်စီးသွားသောတံတားသံပေါင်နေရာများတွင် မြန်မာ့မီးရထားအင်ဂျင်နီယာဌာန၏ တံတားပေါင်အလုပ်ရုံ(ရန်ကုန်)မှ ထုတ်လုပ်သည့်သံပေါင်များဖြင့် ရက်ပေါင်း ၇၆ ရက်အတွင်း ပြန်လည်အစားထိုးတပ်ဆင်ပြီး ရှေးမူမပျက်ပြန်လည်ပြင်ဆင်နိုင်ခဲ့ခြင်းဖြစ်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် မြန်မာ့မီးရထားဦးဆောင်ညွှန်ကြားရေးမှူးတို့က ဂုတ်ထိပ်တံတားကြီးကို အချိန်တိုအတွင်း အမြန်ပြီးစီးအောင် ကြိုးစားဆောင်ရွက်ခဲ့ကြသည့် တံတားပြန်လည်တည်ဆောက်ရေးလုပ်ငန်းတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသောမြန်မာ့မီးရထားမှ အရာထမ်း၊ အမှုထမ်းများအား ဂုဏ်ပြုဆုငွေများပေးအပ်ချီးမြှင့်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဂုတ်ထိပ်ဘူတာသို့ RGC ရထားဖြင့် ပြန်လည်ရောက်ရှိပြီး သမိုင်းအမွေအနှစ်တံတားကြီးတစ်ခုဖြစ်သည့်အပြင် ပြည်တွင်းပြည်ပမှခရီးသွားများအထူးစိတ်ဝင်စားသည့် နေရာတစ်ခုဖြစ်သည့်အတွက် ဘူတာနှင့်ဘူတာယာဒ်ဝင်းအား အမြဲတမ်းသန့်ရှင်းသာယာလှပအောင်ဆောင်ရွက်ကြရန် မှာကြားသည်။

ယခုအခါ မြန်မာ့မီးရထားမှအင်ဂျင်နီယာဝန်ထမ်းများက အဆိုပါ ဂုတ်ထိပ်တံတားကြီး၏ ပျက်စီးသွားသည့်အစိတ်အပိုင်းကိုရှေးမူရင်းလက်ရာ ဒီဇိုင်းပုံစံအတိုင်း ပြန်လည်ပြင်ဆင်ပြုပြင်ပြီးစီးပြီဖြစ်၍ ယခင်ပြင်ဦးလွင်ဘူတာမှ ဂုတ်ထိပ်ဘူတာသို့ ပြေးဆွဲပေးလျက်ရှိသော ရှုခင်းကြည့် RBE ရထားများကိုလည်း မကြာမီပြန်လည်ပြေးဆွဲပေးသွားနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

**မြဝတီ**

# ရောဝတီတိုင်းဒေသကြီး၏ သီးထပ်စွမ်းအားမြှင့်တင်ရေး ကွင်းဆင်းဆောင်ရွက်



နေပြည်တော် နိုဝင်ဘာ ၁၂

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးသည် ယမန်နေ့ နံနက်ပိုင်းက ရောဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ် လှည်းဆိပ်ကျေးရွာ တောင်သူဦးအေးသန်း၏ ရေဆင်းပေါ်ဆန်း(၂)မျိုးစေ့ထုတ်စိုက်ခင်းနှင့် ပျော့ထွန်းမျိုးစေ့ထုတ်စိုက်ခင်းများကိုကြည့်ရှုအားပေးပြီး မြသီးနှံမျိုးစပါးသန့်စင်စက်ရုံတွင် ဒေသခံတောင်သူများနှင့်တွေ့ဆုံသည်။

တွေ့ဆုံစဉ် ဒုတိယဝန်ကြီးက စိုက်ပျိုးမြေ၏ မြေဆီအခြေအနေနှင့် စိုက်ပျိုးမည့်သီးနှံ၏ အပင်အာဟာရလိုအပ်မှုအပေါ်မူတည်၍ ဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာကို အချိုးညီသုံးစွဲကြရန်လိုကြောင်း၊ သီးနှံအထွက်နှုန်းကောင်းမွန်ရေးနှင့်အတူ ဈေးကွက်ကလက်ခံသည့် သီးနှံအရည်အသွေး စံချိန်စံညွှန်းကိုက်ညီမှသာ ဈေးကွက်ဝင် ဈေးကောင်းရနိုင်မည်ကို သတိပြုကြရမည်ဖြစ်ကြောင်း၊ သွင်းအားစုစရိတ် လျှော့ချနိုင်ရေးနှင့် တစ်ဧကချင်း၏ ထုတ်လုပ်မှုတိုးတက်ရေးအတွက် ခေတ်မီစိုက်ပျိုးနည်းပညာများ စနစ်တကျလိုက်နာအသုံးပြုဆောင်ရွက်ခြင်းဖြင့် တောင်သူများအတွက် အကျိုးအမြတ် ပိုမိုရရှိနိုင်မည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ညနေပိုင်းတွင် ဒုတိယဝန်ကြီးသည် ငါးလုပ်ငန်းသင်တန်းကျောင်း(ဖျာပုံ) အစည်းအဝေးခန်းမ၌ ငါးဖမ်းလုပ်ငန်းရှင်များနှင့်တွေ့ဆုံ၍ ငါးမျိုးပြုန်းတီးမှုမဖြစ်ပေါ်စေရေး ငါးသယံဇာတမျိုးစိတ်များ ထိန်းသိမ်းရန်၊ တရားမဝင်ဖမ်းဆီးခြင်းနှင့် သဘာဝဂေဟစနစ်ကိုထိခိုက်စေမည့် ငါးဖမ်းနည်းများ အသုံးမပြုကြရန် ဆွေးနွေးမှာကြားပြီး တက်ရောက်လာကြသည့် လုပ်ငန်းရှင်များ၏ ဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

ထို့နောက် ဖျာပုံခရိုင် ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ခရိုင်အဆင့်တာဝန်ခံများ၊ စိုက်ကွင်းတာဝန်ခံများနှင့် တွေ့ဆုံကာ စားနပ်ရိက္ခာဖူလုံမှုအတွက်အဓိကအားထားရသည့် ဒေသတစ်ခုဖြစ်သော ရောဝတီတိုင်းဒေသကြီး၏ သီးထပ်စွမ်းအားမြှင့်တင်ရေး၊ ပြောင်းလဲသက်ရောက်လျက်ရှိသည့် ရာသီဥတုနှင့် သဘာဝဘေးကြောင့် စိုက်ကွင်းများ၊ သီးနှံများထိခိုက်ပျက်စီးမှုမဖြစ်ပေါ်စေရေး ကြိုတင်စီမံဆောင်ရွက်ရန်ကိစ္စရပ်များ၊ ကမ်းနီးကမ်းဝေးငါးဖမ်းလုပ်ငန်းများကို သတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်းများ၊ တည်ဆဲဥပဒေများနှင့်အညီဖြစ်စေရေး ထိန်းကျောင်းကြပ်မတ်ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**မြဝတီ**

⇨ အာရှအမျိုးသမီးချန်ပီယံလိဂ်မှ

အား/ကာသိပ္ပံ(ISPE)အသင်းသည် အုပ်စုပွဲစဉ်သုံးပွဲလုံး အာရှအင်အားကြီးအသင်းများနှင့် ထိပ်တိုက်ရင်ဆိုင်နေရသော်လည်း ယနေ့ပွဲတွင် ပွဲစသည်နှင့် တိုကျိုဗာဒီအသင်းက ဘောလုံးပိုင်ဆိုင်မှုရယူပြီး အား/ကာသိပ္ပံ (ISPE)အသင်းကို တိုက်စစ်ဆင်ဖိအားပေးကစားလာသည်။ အား/ကာသိပ္ပံ(ISPE)အသင်း ဦးဆောင်ဂိုးရရှိရေးထက် အဖွင့်ဂိုးမပေးရရေး၊ ရှုံးဂိုးမပြတ်ရေး အကောင်းဆုံးခံစစ်ပုံစံဖြင့် ယှဉ်ပြိုင်ကြပြီး ရရှိသည့်အခွင့်အရေးကို တန်ပြန်တိုက်စစ်အသွင်ဖြင့် ကစားလာခဲ့သည်။

ပွဲကစားချိန် ၁၃ မိနစ်တွင် ဒန်နီလီတန်၏ သွင်းဂိုးဖြင့် ဦးဆောင်ဂိုးခွင့်ပြုပေးခဲ့ရသည်။ ဦးဆောင်ဂိုးရရှိပြီးသည်နှင့် တိုကျိုဗာဒီအသင်း တိုက်စစ်အားပိုမြှင့်ကာ ပြိုင်ဘက်ဂိုးဧရိယာအတွင်း အကြိမ်ကြိမ်ထိုးဖောက်သွင်းယူခဲ့ပေမယ့် ဂိုးထပ်မံမပေးရရေး အား/ကာသိပ္ပံ(ISPE)အသင်းကစားသမားများ ကြံ့ကြံ့ခံဖြင့် ကျားကြံဖျက်ထုတ်နိုင်ခဲ့၍ ပထမပိုင်းအပြီးတွင် တိုကျိုဗာဒီအသင်းက ၁ ဂိုး ဂိုးမရှိဖြင့် ပွဲကိုဦးဆောင်ထားနိုင်ခဲ့သည်။

ဒုတိယပိုင်းတွင် အား/ကာသိပ္ပံ(ISPE)အသင်း ချေပဂိုးရရှိရေးနှင့်ဦးဆောင်ဂိုးထပ်မံမပေးရရေး လူစားလဲကစားမှုများပြုလုပ်ခဲ့သည်။ တိုကျိုဗာဒီအသင်းကလည်း ကစားအားမလျှော့ဘဲ တိုက်စစ်ဖြင့်သာ ဆက်လက်ယှဉ်ပြိုင်လာ၍ အား/ကာသိပ္ပံ(ISPE)အသင်း နောက်တန်းခံစစ်များနှင့် ဂိုးသမားတို့ ရသလို ကြံ့သလိုအနေအထားဖြင့် ကြိုးစားဖျက်ထုတ်နေကြရသည်။ တိုကျိုဗာဒီအသင်းသည်လည်း ဒုတိယပိုင်းဂိုးထပ်မံရရှိရေး အကြိတ်အနယ်ကြိုးစားခဲ့ကြသည်။ နှစ်ဖက်ကစားသမားများ ကြိုးစားယှဉ်ပြိုင်ခဲ့ကြသော်လည်း ပထမပိုင်းရလဒ် ၁ ဂိုး ဂိုးမရှိဖြင့်ပင်ပွဲပြီးဆုံးသွားသည်။

အား/ကာသိပ္ပံ(ISPE)အသင်းသည် နိုဝင်ဘာလ ၉ ရက်က တောင်ကိုရီးယားအမျိုးသမီးကလပ် ဆူဝမ်အသင်းနှင့် ယှဉ်ပြိုင်ခဲ့ပြီး ယနေ့ပွဲအပါအဝင် နှစ်ပွဲကစား နှစ်ပွဲရှုံးနိမ့်ထားကာ နိုဝင်ဘာလ ၁၅ ရက် ည ၇ နာရီတွင် မြောက်ကိုရီးယားအမျိုးသမီးကလပ် နာဂိုရန်းအသင်းနှင့် ဆက်လက်ယှဉ်ပြိုင်ရမည်ဖြစ်ကြောင်းသိရသည်။

**ဝန်းရံခ**

## ထူးခြားသည့် ညအပူချိန်များ

၁၂-၁၁-၂၀၂၅

| | | | | |
|---|---|---|---|---|
| ဟားခါး | ၂ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| လွိုင်လင် | ၇ | ဒသမ | ၆ | ဒီဂရီဆဲလ်စီးယက် |
| နမ့်စန် | ၉ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယက် |
| ရှမ်းပြည်နယ်(တောင်ပိုင်း) | | | | |
| ပင်လောင်း | ၁၀ | ဒသမ | ၃ | ဒီဂရီဆဲလ်စီးယက် |
| ဟဲဟိုး | ၁၁ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယက် |
| တောင်ကြီး | ၁၁ | ဒသမ | ၃ | ဒီဂရီဆဲလ်စီးယက် |
| ပြင်ဦးလွင် | ၁၁ | ဒသမ | ၇ | ဒီဂရီဆဲလ်စီးယက် |

# တာမွေမြို့နယ်၌ (၁၀၅)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ် အသိပညာပေးဟောပြော

ရန်ကုန် နိုဝင်ဘာ ၁၂

ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းခရိုင် တာမွေမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်ပညာရေးဌာနတို့ပူးပေါင်း၍ (၁၀၅)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ် အသိပညာပေးဟောပြောပွဲကို နိုဝင်ဘာလ ၁၁ ရက်က တာမွေမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံး လူထုအခြေပြုဗဟိုဌာန၌ ကျင်းပသည်။

ရှေးဦးစွာ တာမွေမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မို့မို့အောင်က (၁၀၅)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ် အသိပညာပေးဟောပြောပွဲကျင်းပရခြင်း၏ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံစာရေးဆရာအသင်းဝင် စာရေးဆရာမ မြမဉ္ဇူဝေ (ကျုံမငေး)က အမျိုးသားနေ့ဖြစ်ပေါ်လာပုံ သမိုင်းကြောင်းများနှင့် (၁၀၅)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ဦးတည်ချက်များကို အသိပညာပေးပြောကြားသည်။

ဆက်လက်၍ တက်ရောက်လာကြသော ကျောင်းသား၊ ကျောင်းသူများက အမျိုးသားအောင်ပွဲနေ့နှင့် ပတ်သက်၍ သိရှိလိုသည်များကို မေးမြန်းကြရာ မြန်မာနိုင်ငံစာရေးဆရာအသင်းဝင် စာရေးဆရာမ မြမဉ္ဇူဝေ(ကျုံမငေး)က ပြန်လည်ရှင်းလင်းဖြေကြားပေးသည်။



ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ (၁၀၅)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ် ရှေးဟောင်းသမိုင်းမှတ်တမ်းဓာတ်ပုံများ၊ ဂုဏ်ပြုကဗျာများနှင့် ဆောင်းပုဒ်များပါဝင်သော နံရံကပ်စာစောင်များ၊ လူငယ်ရေးရာဆိုင်ရာ အသိပညာပေး သုတ/ရသ စာအုပ်စာစောင်များနှင့် နံရံကပ်စာစောင်များကို ခင်းကျင်းပြသထားရာ ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာကြကြောင်း သိရသည်။

နိုင်လင်းအောင်(ပြန်/ဆက်)

# သံတောင်ကြီးမြို့နယ် ဒါဝါလော်ချီးကျေးရွာ၌ ကျေးရွာခန်းမဆောင် ဆောက်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

သံတောင်ကြီး နိုဝင်ဘာ ၁၂

ကရင်ပြည်နယ် သံတောင်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတက်ရေးဦးစီးဌာနမှ ယခုဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ရန်ပုံငွေဖြင့် ဒါဝါလော်ချီးကျေးရွာ၌ ကျေးရွာခန်းမဆောင်ဆောက်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို နိုဝင်ဘာလ ၁၁ ရက်က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သံတောင်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်မျိုးဆင့်နှင့် တာဝန်ခံအင်ဂျင်နီယာဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ ဒါဝါလော်ချီးကျေးရွာ၌ ကျေးရွာခန်းမဆောင် ဆောက်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ခန်းမဆောင်အား သတ်မှတ်အရည်အသွေးများနှင့်အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရန် ပြောကြားသည်။

ဒါဝါလော်ချီးကျေးရွာ၌ အလျား ပေ ၄၀၊ အနံ ၂၄ ပေ၊ အမြင့် ၁၂ ပေရှိ ကျေးရွာခန်းမဆောင် ဆောက်လုပ်ခြင်းလုပ်ငန်းကို VDP စီမံကိန်းရန်ပုံငွေ ငွေကျပ် ၁၅ သန်း၊ ကျေးရွာပြည်သူထည့်ဝင်ငွေ ငွေကျပ် ၂ ဒသမ ၅ သန်း စုစုပေါင်း ငွေကျပ် ၁၇ ဒသမ ၅ သန်းဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများက နည်းပညာပံ့ပိုးကာ အနီးကပ်ကြီးကြပ်၍ ယခုနှစ် အောက်တိုဘာလ ဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၆၅ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ကိုသက်

# ဆီထွက်သီးနှံပိုမိုစိုက်ပျိုးထုတ်လုပ်နိုင်ရေးနှင့် စားသုံးဆီ ပိုမိုကြိတ်ခွဲထုတ်လုပ်နိုင်ရေး အလုပ်ရုံဆွေးနွေးပွဲကျင်းပ



ပြည် နိုဝင်ဘာ ၁၂

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် စားသုံးသူရေးရာဦးစီးဌာန ဦးစီးမှူးရုံး၌ နိုဝင်ဘာလ ၁၁ ရက်က ဆီထွက်သီးနှံပိုမိုစိုက်ပျိုးထုတ်လုပ်နိုင်ရေးနှင့် စားသုံးဆီပိုမိုကြိတ်ခွဲထုတ်လုပ်နိုင်ရေး အလုပ်ရုံဆွေးနွေးပွဲကျင်းပသည်။

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာန ဦးစီးမှူးဦးမြင့်ဝင်းက ဆီထွက်သီးနှံစိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားပြီး အထွက်နှုန်းကောင်းသောမျိုးများ စိုက်ပျိုးထုတ်လုပ်လာနိုင်စေရန်၊ တစ်ဧကအထွက်နှုန်းတိုးတက်လာမှုနှင့်အတူ တစ်ယူနစ်ထုတ်လုပ်မှုကုန်ကျစရိတ်လျှော့ချနိုင်ခြင်းဖြင့် မြေပဲဆီ၊ နှမ်းဆီဈေးနှုန်းများလျော့နည်းသက်သာလာစေရန်၊ ဒေသတွင်းရှိ ဆီစက်များကို ခေတ်မီအဆင့်မြင့်ဆီစက်များအဖြစ် တိုးတက်ပြောင်းလဲဖြစ်ပေါ်လာစေရန်၊ ပြည်သူလူထုအတွက် ကျန်းမာရေးနှင့်ညီညွတ်သော အရည်အသွေးမီစားသုံးဆီများ ကြိတ်ခွဲထုတ်လုပ်လာနိုင်စေရန်နှင့် မြေပဲဆီ၊ နှမ်းဆီများကို ပြည်တွင်းဈေးကွက်သာမက ပြည်ပဈေးကွက်အထိတင်ပို့နိုင်ရန် စသည့် ရည်ရွယ်ချက်များဖြင့် အလုပ်ရုံဆွေးနွေးပွဲကျင်းပခြင်းဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသူများက ဆီထွက်သီးနှံမျိုးကောင်းမျိုးသန့်ရရှိစေရေး၊ စိုက်နည်းစနစ်နှင့် သွင်းအားစုများ မှန်ကန်စွာအသုံးပြုတတ်စေရေး၊ ဆီစက်များ အဆင်မြင့်တင်ဆောင်ရွက်လာစေရေး၊ ကျန်းမာရေးနှင့်ညီညွတ်သော အရည်အသွေးမီ စားသုံးဆီများ ကြိတ်ခွဲထုတ်လုပ်လာနိုင်စေရေးနှင့် ဈေးကွက်ပိုမိုခိုင်မာစွာရရှိလာစေရေးတို့အတွက် လိုအပ်သည်များကို သက်ဆိုင်ရာကဏ္ဍအလိုက် အကြံပြုဆွေးနွေးကြပြီး ဆွေးနွေးချက်များအပေါ် တာဝန်ရှိသူများက ဖြည့်စွက်ဆွေးနွေးကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ကိုဆက်(ပြန်/ဆက်)

# အိမ်မဲမြို့နယ်၌ ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ငရုတ်ဧက ၂၈၀၀ ကျော် စိုက်ပျိုးရန်လျာထား

အိမ်မဲ နိုဝင်ဘာ ၁၂

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် အိမ်မဲမြို့နယ်၌ ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ငရုတ်ဧက ၂၈၀၀ ကျော် စိုက်ပျိုးရန်လျာထားကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်၏ပြောကြားချက်အရ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် အိမ်မဲမြို့နယ်၌ ငရုတ် ၂၈၄၄ ဧကကို ယခုနှစ်နိုဝင်ဘာလ ပထမပတ်မှ စတင်စိုက်ပျိုးလျက်ရှိကြောင်း၊ သီးနှံများ လျာထားချက်ပြည့်မီအောင် စိုက်ပျိုးနိုင်ရေး စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက တောင်သူ အသိပညာပေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

"အိမ်မဲမြို့နယ်မှာ ဒီနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ငရုတ် ၂၈၄၄ ဧက စိုက်ပျိုးမှာဖြစ်ပါတယ်။ ငရုတ်အပါအဝင် ဆောင်းသီးနှံတွေအားလုံး လျာထားချက်ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ စိုက်ပျိုးရေးဦးစီးဌာနနဲ့ဆက်စပ်ဌာနတွေ ပူးပေါင်းဆောင်ရွက်နေပါတယ်''ဟု ဒေါ်ခင်ဌေးမြင့်ကပြောသည်။

အိမ်မဲမြို့နယ်ရှိ ဒေသခံတောင်သူများသည် ငရုတ်ကို အများဆုံးစိုက်ပျိုးလျက်ရှိကြောင်း၊ အဆိုပါဒေသမှ တောင်သူများသည် ငရုတ်ကို ဆောင်းရာသီနှင့် နွေရာသီတွင် အများဆုံးစိုက်ပျိုးပြီး ယခုနှစ် မိုးငရုတ်များ အထွက်နှုန်းညီစေရေး၊ ပိုးမွှားအန္တရာယ်မကျရောက်စေရေး၊ အထွက်နှုန်းကောင်းစေရေး စသည့်လုပ်ငန်းများကို ဒေသခံတောင်သူများနှင့် စိုက်ပျိုးရေးဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သုတကျော်



## ၂၀၂၅ ခုနှစ်၊ ၁၀၅ နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ဆောင်ပုဒ်

စည်းလုံးချစ်ကြည်လက်တွဲညီ ရွှေပြည်သစ်ဆီလှမ်းကြမည်။

**၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၁၀) ရက်**

**(၁၄-၁၁-၂၀၂၅)**

## ၂၀၂၅ ခုနှစ်၊ ၁၀၅ နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ဦးတည်ချက်များ

- ပြည်ထောင်စုကြီးတည်တံ့ခိုင်မြဲရေးကို တိုင်းရင်းသားပြည်သူအားလုံးက အမျိုးသားရေးတာဝန်တစ်ရပ်ဖြင့် ထိန်းသိမ်းစောင့်ရှောက်ရေး။
- အသိပညာအတတ်ပညာပြည့်စုံသော လူ့စွမ်းအားအရင်းအမြစ်များဖြင့် နိုင်ငံတော်ကို တည်ဆောက်ရေး။
- အမျိုးသားပညာရေးကို မြှင့်တင်ခြင်းဖြင့် နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေး။
- အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

# ၂၀၂၄ ခုနှစ် လူမှုရေးကဏ္ဍလှုပ်ရှားမှုထူးချွန်ပထမဆုရရှိခဲ့သော မကွေးတိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့အား မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ထပ်ဆင့်ဂုဏ်ပြုချီးမြှင့်



**မကွေး နိုဝင်ဘာ ၁၂**

မကွေးတိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့မှ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ (၃၄)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး ထပ်ဆင့်ရှင်းလင်းပွဲနှင့် တက်ကြွစွာပါဝင်ဆောင်ရွက်ခဲ့သည့်ခရိုင်/မြို့နယ်များအား ဂုဏ်ပြုချီးမြှင့်ခြင်းကို ယနေ့နံနက်ပိုင်းတွင် မကွေးမြို့နယ်စုပေါင်းရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်၊ နယ်မြေခံတပ်နယ်မှတာဝန်ရှိသူများ၊ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ မကွေးတိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နာယက ဒေါ်ဝင်းဝင်းမြင့်၊ ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နှင့် ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌများ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌများ တက်ရောက်ကြသည်။

ဦးစွာမကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်က ဂုဏ်ပြုအမှာစကားပြောကြားပြီး မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းကြီး၏ (၃၄)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးတွင် တင်ပြခဲ့သည့် မကွေးတိုင်းဒေသကြီး မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့၏ ၂၀၂၄ ခုနှစ်အတွင်း ဆောင်ရွက်ခဲ့သည့် လုပ်ငန်းဆောင်ရွက်ချက်မှတ်တမ်းကို ကြည့်ရှုကာ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းကြီး၏ (၃၄)ကြိမ်မြောက်နှစ်ပတ်လည်အစည်းအဝေး၌ မိခင်နှင့်ကလေးစောင့်ရှောက်ရေးလုပ်ငန်းများကို စွမ်းစွမ်းတမံဆောင်ရွက်ခဲ့သဖြင့် လူမှုရေးကဏ္ဍတွင် ထူးချွန်ပထမဆုရရှိခဲ့သော မကွေးတိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ကို တိုင်းဒေသကြီးဝန်ကြီးချုပ်က ဂုဏ်ပြုဆုငွေကျပ် ၃၅ သိန်းအား ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် မကွေးတိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နာယကက အမှာစကားပြောကြားပြီး မကွေးတိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌက မိမိတို့ဆောင်ရွက်ရမည့် လုပ်ငန်းများနှင့်ပတ်သက်၍ရှင်းလင်းတင်ပြခြင်း၊ ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှခရိုင်/မြို့နယ်များသို့ ဆောင်ရွက်ရမည့်လုပ်ငန်းများနှင့်ပတ်သက်၍ မှာကြားသည်။

ထို့နောက် မကွေးတိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နာယကက မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ ထုတ်ဝေသည့်မဂ္ဂဇင်းတွင်ရွေးချယ်ခံရသည့် စာမူဆုရှင်များနှင့် တိုင်းဒေသကြီးအတွင်း တက်ကြွစွာပါဝင်ဆောင်ရွက်ခဲ့သည့် ခရိုင်/မြို့နယ်များကို ဂုဏ်ပြုဆုများချီးမြှင့်ပြီး တက်ရောက်လာသည့် ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌများက လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ မကွေးတိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့အတွင်းရေးမှူး ဒေါက်တာခင်သီသီထွန်းက ရှေ့လုပ်ငန်းစဉ်များအားချပြရှင်းလင်းခြင်းနှင့်လုပ်ငန်းဆောင်ရွက်ချက်များနှင့်ပတ်သက်၍ သုံးသပ်ဖြည့်စွက်ဆွေးနွေးပြောကြားကြောင်း သိရသည်။

**မောင်ခိုင်မင်း(ပြန်/ဆက်)**

# နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်) အရာထမ်းလောင်း(အထူး)သင်တန်း အမှတ်စဉ်(၁၅)နှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးသင်တန်း အမှတ်စဉ်(၁၇)သင်တန်းဆင်း

**နေပြည်တော် နိုဝင်ဘာ ၁၂**

အရာထမ်းလောင်း (အထူး) သင်တန်းအမှတ်စဉ်(၁၅)၏ သင်တန်းဆင်းစစ်ရေးပြအခမ်းအနားကို ယနေ့နံနက် ၇ နာရီတွင် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်) စစ်ရေးပြကွင်း၌ ကျင်းပသည်။





သင်တန်းဆင်းပွဲသို့ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးစိုးမင်းဦး၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ်၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်) ပါမောက္ခချုပ်၊ တက္ကသိုလ် သင်ကြား / စီမံဌာနများမှ တာဝန်ရှိသူများနှင့် သင်တန်းသား၊ သင်တန်းသူ ၂၁၃ ဦးတို့ တက်ရောက်ကြသည်။

ဦးစွာ သင်တန်းဆင်းတပ်ခွဲက နိုင်ငံတော်အလံအား အလေးပြုပြီး ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌဦးစိုးမင်းဦးကိုအလေးပြုကာ ရာထူးဝန်အဖွဲ့ဥက္ကဋ္ဌက ထူးချွန်ဆုရရှိသူများကို ဆုချီးမြှင့်ပြီး သင်တန်းဆင်း အောင်လက်မှတ်များ ပေးအပ်သည်။


ထို့နောက် ရာထူးဝန်အဖွဲ့ဥက္ကဋ္ဌက အရာထမ်းလောင်းများအနေဖြင့်အမျိုးသားအကျိုးစီးပွားအတွက် သွက်လက်မြန်ဆန်တိကျသောဝန်ဆောင်မှုများဖြင့် ပြည်သူကို အလုပ်အကျွေးပြုကြရန်၊ အခက်အခဲအကျပ်အတည်းဟူသမျှ ရင်ဆိုင်ကျော်လွှားနိုင်ပြီး ဌာနအဖွဲ့အစည်းအတွင်းပေါင်းစပ်ညှိနှိုင်းဆောင်ရွက်နိုင်စွမ်းရှိရန်နှင့် မိမိတို့ကိုယ်တိုင်အရာရာတွင် စံပြဖြစ်အောင် ပြုမူနေထိုင်ကျင့်ကြံပြီး ထုတ်ပြန်ထားသည့် အမိန့်နှင့်ညွှန်ကြားချက်များကို တိတိကျကျ လိုက်နာ၍ လက်အောက်ဝန်ထမ်းများကိုလည်း ထိန်းကျောင်းတည့်မတ်ပေးရန် မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌသည် နဝရတ်ခန်းမ၌ကျင်းပသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး သင်တန်းအမှတ်စဉ်(၁၇) သင်တန်းဆင်းပွဲသို့ တက်ရောက်၍ သင်တန်းဆင်းအမှာစကားပြောကြားရာတွင် အဆင့်မြင့်အရာရှိကြီးများအနေဖြင့် မှန်ကန်သည့်ခေါင်းဆောင်မှုနှင့် မျှတသောဆုံးဖြတ်ချက်များဖြင့် ဌာနအဖွဲ့အစည်း တိုးတက်အောင်မြင်ရန် စနစ်တကျ လုပ်ဆောင်သွားကြရမည်ဖြစ်ပြီး လက်အောက်ဝန်ထမ်းများကိုလည်း အတွေးအခေါ်မှန်ကန်ရေးနှင့် မှန်ကန်သောလမ်းကြောင်းပေါ်သို့ ရောက်ရှိရေးညွှန်ကြားပြသပေးကြရန်၊ နိုင်ငံတော်ကချမှတ်ထားသည့် မူဝါဒများနှင့်အညီ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် မိမိတို့ဝန်ကြီးဌာန/ အဖွဲ့အစည်းများ၏ရည်မှန်းချက်များအောင်မြင်စေရေး အဘက်ဘက်ကစဉ်းစားတွေးခေါ်သုံးသပ်ပြီး လုပ်သင့်လုပ်ထိုက်သည်များကို ရဲရဲဝံ့ဝံ့မှန်မှန်ကန်ကန်ဖြင့်ဦးဆောင်အကောင်အထည်ဖော်ကြရန်၊ မိမိတို့လုပ်ငန်းတာဝန်များကိုထူးချွန်ပြောင်မြောက်စွာ ဆောင်ရွက်နိုင်စွမ်းရှိသူများအဖြစ် အစဉ်ကြိုးပမ်းထမ်းဆောင်ကြရန် မှာကြားကာ သင်တန်းဆင်းအောင်လက်မှတ်များ ချီးမြှင့်သည်။ အဆိုပါသင်တန်းသို့ သင်တန်းသား ၁၉ ဦး၊ သင်တန်းသူ ရှစ်ဦး စုစုပေါင်း ၂၇ ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ ဇူလိုင်လ ၂၁ ရက်မှ နိုဝင်ဘာလ ၁၂ ရက်အထိဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ ရာထူးဝန်အဖွဲ့ဥက္ကဋ္ဌသည် တက္ကသိုလ်ပင်မရုံးတွင် တက္ကသိုလ်မှတာဝန်ရှိသူများ၊ ပါမောက္ခ၊ ပညာဌာနမှူးများနှင့် တွေ့ဆုံ၍ စီမံခန့်ခွဲရေးဆိုင်ရာများ၊ လုံခြုံရေးနှင့် လေ့ကျင့်ရေးဆိုင်ရာကိစ္စရပ်များ တင်ပြမှုအပေါ် လိုအပ်သည်များမှာကြားကာ ရတနာခန်းမတွင် တက္ကသိုလ်ရှိ အရာထမ်းများ၊ အမှုထမ်းများ၊ မိသားစုဝင်များနှင့် တွေ့ဆုံ၍ ဩဝါဒစကားပြောကြားသည်။

ထို့ပြင် အရာထမ်းလောင်း(အထူး) သင်တန်း အမှတ်စဉ်(၁၅)၏ ဘွဲ့နှင်းသဘင် အခမ်းအနားကို တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ကျင်းပပြီး နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ပါမောက္ခချုပ် ဦးကျော်စိုးက ပြည်သူ့ဝန်ထမ်းစီမံခန့်ခွဲမှုဘွဲ့လွန်ဒီပလိုမာ ဘွဲ့လက်မှတ်များချီးမြှင့်ခဲ့ကြောင်း သိရသည်။

**မြဝတီ**




# လျှပ်စစ်သုံးမော်တော်ယာဉ်များ ရန်ကုန်ဆိပ်ကမ်းသို့ရောက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၁၂**

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် The Great Merger Co., Ltd. မှတင်သွင်းလာသော တရုတ်နိုင်ငံထုတ် AVATR 12A (ULTRA) အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များ၊ UV Automotive Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် HONGQI EHS7 အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များနှင့် N.P.K Motors Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် Leapmotor B10 အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များသည် ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိလာပါသဖြင့် နိုဝင်ဘာလ ၁၂ ရက်တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ပါကြောင်း သတင်းရရှိသည်။

မြဝတီ



# ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲဆိုင်ရာ အသိပညာပေးနှိုးဆော်မှုများရိုက်ကူးရေးတွင် ဂီတအနုပညာရှင်များ ဆက်လက်ပါဝင်ဆောင်ရွက်



**နေပြည်တော် နိုဝင်ဘာ ၁၂**

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲကို လာမည့်ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်ဖြစ်ရာ ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး အတွက် ဂီတအနုပညာရှင်များက အသိပညာပေးနှိုးဆော်မှုများ ရိုက်ကူးရေးတွင် ဆက်လက်ပါဝင်ဆောင်ရွက်လျက်ရှိကြသည်။

ထိုသို့ဆောင်ရွက်ရာတွင် တေးသံရှင် ဖြိုးကြီး၊ ဝေကြီး၊ ဝန၊ ဖြိုးပြည့်စုံ၊ သားငယ်၊ သားသား၊ ဖြိုးလေး၊ ပိုပို၊ ချယ်ရီသင်း၊ ထိုက်ထိုက်၊ မိဖူး၊ ထက်အဥ္စလီ၊ Mဆိုင်းလူ၊ Mary နှင့် မေတို့က နိုဝင်ဘာလ ၁၀ ရက်နှင့် ယနေ့ နိုဝင်ဘာလ ၁၂ ရက်တို့တွင် ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၌ ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေးနှိုးဆော်မှုများ ရိုက်ကူးရေးတွင် ပါဝင်ဆောင်ရွက်ကြခြင်းဖြစ်သည်။

ပြည်သူများလိုလားသည့် ဒီမိုကရေစီနိုင်ငံတော်ကို ရွေးကောက်ပွဲနှင့်သာ ဖော်ဆောင်နိုင်မည်ဖြစ်ရာ ပြည်သူတစ်ရပ်လုံးက ရွေးကောက်ပွဲကြီးတွင် ပါဝင်မဲပေးပြီး ဒီမိုကရေစီနိုင်ငံတော်ကို အတူတကွ ဖော်ဆောင်နိုင်ရန်အတွက် ပြည်သူချစ်သော ဂီတအနုပညာရှင်များကလည်း တစ်ဖက်တစ်လမ်းမှ ပူးပေါင်းပါဝင်ဆောင်ရွက်ကြခြင်းဖြစ်ကြောင်းနှင့် ဆက်လက်ပြီးလည်း ဂီတအနုပညာရှင်များစွာ ရိုက်ကူးရေးတွင် ပါဝင်ဆောင်ရွက်ကြမည်ဖြစ်ကြောင်း သိရသည်။

မြဝတီ

# နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့

ကိုဘုန်း(ထုတ်လုပ်)

နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးတည်ငြိမ်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုသည် ကုန်ထုတ်လုပ်မှုကဏ္ဍအပေါ်တွင် များစွာမူတည်နေသည်။ ကုန်ထုတ်လုပ်မှုသည် စီးပွားရေးစက်ဝန်း၏အခြေခံအုတ်မြစ်ဖြစ်ပြီး အလုပ်အကိုင်အခွင့်အလမ်းများဖန်တီးပေးခြင်း၊ ပြည်သူလူထု၏လူနေမှုဘဝမြှင့်တင်ပေးခြင်းနှင့် နိုင်ငံတော်၏စီးပွားရေးရပ်တည်ချက်ကို ခိုင်မာစေခြင်း စသည့် အကျိုးကျေးဇူးများစွာကို ဖြစ်ပေါ်စေသည်။ ထို့ကြောင့် မြန်မာနိုင်ငံသည် ကုန်ထုတ်လုပ်မှုစွမ်းရည်မြှင့်တင်ရန် အလွန်အရေးကြီးသည်။

**ကုန်ထုတ်လုပ်မှုကဏ္ဍ၏ အရေးပါမှု**

ကုန်ထုတ်လုပ်မှုဆိုရာတွင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ စက်မှုလက်မှုလုပ်ငန်းများ၊ သတ္တုတူးဖော်ရေး၊ ဆောက်လုပ်ရေးနှင့်ဝန်ဆောင်မှုကဏ္ဍများအားလုံး ပါဝင်သည်။ ဤကဏ္ဍများသည် တစ်ခုနှင့်တစ်ခု ဆက်စပ်နေပြီး စီးပွားရေးတစ်ခုလုံးကို အသက်ဝင်လှုပ်ရှားစေသည်။

**အလုပ်အကိုင်ဖန်တီးပေးခြင်း**

ကုန်ထုတ်လုပ်မှုကဏ္ဍဖွံ့ဖြိုးလာတာသည်နှင့်အမျှ လုပ်ငန်းအသစ်များပေါ်ပေါက်လာပြီး အလုပ်အကိုင်အခွင့်အလမ်းများစွာကို ဖန်တီးပေးသည်။ ထို့ကြောင့် အလုပ်လက်မဲ့ပြဿနာကိုလျှော့ချပေးပြီး လူငယ်တွေရဲ့အနာဂတ်ကိုတည်ဆောက်ရာမှာ အထောက်အကူပြုသည်။

**ပြည်ပပို့ကုန်တိုးတက်လာခြင်း**

ပြည်တွင်း၌ အရည်အသွေးမြင့်ကုန်ပစ္စည်းများ ထုတ်လုပ်နိုင်သောအခါ ပြည်ပကိုတင်ပို့ရောင်းချနိုင်သည့်အခွင့်အလမ်းများ ပိုများလာသည်။ ပြည်ပပို့ကုန်တိုးတက်လာသည်နဲ့အမျှ နိုင်ငံခြားဝင်ငွေ ပိုမိုရရှိလာပြီး နိုင်ငံတော်၏စီးပွားရေးကို ပိုမိုခိုင်မာစေသည်။

**ပြည်သူ့လူနေမှုဘဝမြင့်မားလာခြင်း**

ကုန်ထုတ်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးလာသည့်အတွက် နိုင်ငံသားတွေဟာ ဝင်ငွေပိုမိုရရှိလာပြီး လူနေမှုအဆင့်အတန်းလည်းမြင့်မားလာသည်။ ပညာရေး၊ ကျန်းမာရေး၊ အိမ်ရာ စသည့်အခြေခံလိုအပ်ချက်တွေကို ပိုမိုဖြည့်ဆည်းပေးနိုင်သည်။

**အသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ(Micro, Small and Medium Enterprises)**

ထိုသို့ကုန်ထုတ်လုပ်မှုမြှင့်တင်ရေးအတွက် MSME ၏ကဏ္ဍသည် အလွန်အရေးပါသည်။ MSME ဆိုသည်မှာ အသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ (Micro, Small and Medium Enterprises)ကို အတိုကောက်ခေါ်ခြင်းဖြစ်သည်။ MSME လုပ်ငန်းများသည် နိုင်ငံတစ်နိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကမောင်းနှင်အားတစ်ခုဖြစ်ပြီး နိုင်ငံ GDP ၏ အဓိကအင်ဂျင်တစ်ခုဖြစ်သည်။

MSME လုပ်ငန်းများအား ဝန်ထမ်းအရေအတွက်နှင့် ရင်းနှီးမြှုပ်နှံမှုပမာဏပေါ်မူတည်ပြီး ဝန်ထမ်း ၁၀ ဦးအောက်ရှိပြီး ရင်းနှီးမြှုပ်နှံမှုနည်းပါးသည့် မိသားစုပိုင်လုပ်ငန်းငယ်လေးများကို အသေးစားလုပ်ငန်း(Micro Enterprises)အဖြစ်သတ်မှတ်သည်။ ဝန်ထမ်း ၁၀ ဦးမှ ၁၀၀ ဦးကြားရှိသည့်လုပ်ငန်းများကို အငယ်စားလုပ်ငန်း(Small Enterprises)အဖြစ် သတ်မှတ်သည်။ ဝန်ထမ်း ၁၀၀ ဦးမှ ၂၅၀ ဦးကြားရှိသည့်လုပ်ငန်းများကို အလတ်စားလုပ်ငန်း(Medium Enterprises)အဖြစ် သတ်မှတ်သည်။

MSME လုပ်ငန်းများသည် လူဦးရေအများစုအတွက် အလုပ်အကိုင်အခွင့်အလမ်းများကို ဖန်တီးပေးခြင်း၊ လုပ်ငန်းများဖွံ့ဖြိုးလာသည်နှင့်အမျှ ပြည်တွင်းထုတ်လုပ်မှုမြင့်တက်လာပြီး နိုင်ငံ၏ စီးပွားရေးတိုးတက်မှုကို အထောက်အကူပြုခြင်း၊ MSME လုပ်ငန်းများသည် ဈေးကွက်အခြေအနေအပေါ်မူတည်ပြီး လျင်မြန်စွာ လိုက်လျောညီထွေပြောင်းလဲနိုင်သည့်အတွက် တီထွင်ဆန်းသစ်မှုများ ပိုမိုလုပ်ဆောင်နိုင်ခြင်း စသည်တို့ကြောင့် MSME လုပ်ငန်းအများစုသည် ဒေသခံများ၏ လူမှုစီးပွားဘဝကို မြှင့်တင်ပေးနိုင်သည်။ ယနေ့ခေတ်ကာလတွင် MSME များအနေဖြင့် ခေတ်နှင့်အညီ တိုးတက်ပြောင်းလဲနေသည့် စီးပွားရေးပတ်ဝန်းကျင်တွင် ရှင်သန်ရပ်တည်နိုင်ရန်အတွက် ဒစ်ဂျစ်တယ်စနစ်ကို မဖြစ်မနေအသုံးပြုရန်လိုအပ်ပြီး ဒစ်ဂျစ်တယ်စနစ်သည် လုပ်ငန်းဆောင်ရွက်မှုစွမ်းဆောင်ရည်ကို မြှင့်တင်ပေးခြင်း၊ ပြည်တွင်း၊ ပြည်ပဈေးကွက်ချဲ့ထွင်နိုင်ခြင်း၊ ဖောက်သည်ဝန်ဆောင်မှုပိုမိုကောင်းမွန်လာခြင်းနှင့်ယှဉ်ပြိုင်နိုင်စွမ်းတိုးမြှင့်ပေးခြင်း အစရှိသည့်အကျိုးကျေးဇူးများစွာကို ရရှိစေမည်ဖြစ်သည်။

ထိုသို့အရေးပါသည့် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာရန်အတွက် နိုင်ငံတော်အစိုးရသည် နည်းပညာ၊ ငွေကြေးနှင့်ဈေးကွက်ဆိုင်ရာအကူအညီများကို လုပ်ငန်းရှင်များအား ကူညီပံ့ပိုးပေးလျက်ရှိသည်။ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် MSME လုပ်ငန်းများနှင့် အခြားစီမံကိန်းလုပ်ငန်းများ အောင်မြင်ရေးအတွက် ပံ့ပိုးကူညီပေးလျက်ရှိခြင်း၊ ကျောင်းသား၊ ကျောင်းသူများ အသုံးချပညာရပ်တစ်ခုကို ကျွမ်းကျင်စွာတတ်မြောက်ပြီးနောက် အသေးစား၊ အငယ်စားနှင့် အလတ်စား MSME စီးပွားရေးလုပ်ငန်းများတွင် ဦးဆောင်သူများအဖြစ် ပါဝင်ဆောင်ရွက်နိုင်ရန် ဒေသအလိုက် သင်ကြားပျိုးထောင်ပေးမှုများပြုလုပ်ပေးလျက်ရှိပြီး အခြားလိုအပ်ချက်များနှင့် အရင်းအနှီး၊ နည်းပညာနှင့် လူသားအရင်းအမြစ်များကို ကူညီဖြည့်ဆည်းဆောင်ရွက်ပေးနေသည်။

နိုင်ငံတော်အကြီးအကဲသည် ကုန်ထုတ်လုပ်မှုတွင် ကုန်ကြမ်း၊ သွင်းအားစု၊ အရင်းအနှီး၊ လူ့စွမ်းအားအရင်းအမြစ် စသည့်အဓိက (၄)ချက်ပြည့်စုံစေရန်၊ MSME လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး စဉ်းစားရာတွင် ကုန်ကြမ်းသေချာရရှိနိုင်သည့် စိုက်ပျိုးမွေးမြူရေးကိုအခြေခံသော တန်ဖိုးမြှင့်ထုတ်ကုန်ပစ္စည်းများကိုထုတ်လုပ်ရန်၊ MSME လုပ်ငန်းများအားပေးမြှင့်တင်ခြင်း၏အခြေခံအကြောင်းအချက်များမှာ ကုန်ထုတ်လုပ်မှု တစ်နည်းအားဖြင့် ပြည်တွင်းစီးပွားရေးကိုမြှင့်တင်ရန်၊ သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်တိုးမြှင့်နိုင်ရန်၊ MSME လုပ်ငန်းများနှင့် အကြီးစားလုပ်ငန်းများ ချိတ်ဆက်နိုင်ရေး ပြည်ပမှ ရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်ရာတွင် အဓိကအားဖြင့် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုဖန်တီးပေးနိုင်ရန်၊ MSME လုပ်ငန်းများအတွက် ဒစ်ဂျစ်တယ်အသုံးပြုနိုင်ရေးနှင့် အသွင်ကူးပြောင်းရေးအပိုင်းသည် များစွာအရေးပါပြီး မိမိတို့နိုင်ငံ၏ အနေအထားအရ အာဆီယံနိုင်ငံများနှင့် ရင်ပေါင်တန်းနိုင်ရန် ဒစ်ဂျစ်တယ်စီးပွားရေး ပီပြင်လာစေရေးအတွက် ထောက်ပံ့ဆောင်ရွက်ပေးသွားရန် လမ်းညွှန်ထားသည်။

ထို့ပြင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီး/ပြည်နယ်ဝန်ကြီးချုပ်များ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် **“အချို့သော စိုက်ပျိုးရေးလုပ်ငန်းများမှရရှိသည့် စက်မှုကုန်ကြမ်းထွက်ကုန်များဖြင့် MSME လုပ်ငန်းများသာမက စက်မှုကုန်ထုတ်လုပ်ငန်းကြီးများကိုလည်း လုပ်ဆောင်နိုင်ကြောင်း၊ ဥပမာအားဖြင့် ရော်ဘာစိုက်ပျိုးမှုမှအစပြုသည့် တာယာထုတ်လုပ်ခြင်းကဲ့သို့သော ကုန်ထုတ်စက်မှုလုပ်ငန်းကြီးများ၊ ဝါစိုက်ပျိုးမှုမှအစပြုသည့် ချည်မျှင်နှင့် အထည်အလိပ်ထုတ်လုပ်ခြင်းကဲ့သို့သော စက်မှုလုပ်ငန်းကြီးများကို ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများဖွံ့ဖြိုးတိုးတက်စေရေး မိမိတို့အနေဖြင့် အလေးထားဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းများကို အောင်မြင်စွာဆောင်ရွက်နိုင်သည့် အခြေခံကောင်းများကို ပိုင်ဆိုင်ထားရှိပြီးဖြစ်ကြောင်း၊ မိမိတို့နိုင်ငံမှထွက်ရှိသည့် ဆန်သီးနှံအပါအဝင် အခြားသီးနှံများကို အရည်အသွေးမြင့်စွာဖြင့် ပန်းတိုင်ရည်မှန်းချက်ပြည့်မီအောင်ဆောင်ရွက်သွားရန်လိုကြောင်း၊ ပြည်တွင်းလိုအပ်ချက်ပြည့်မီအောင် ဆောင်ရွက်၍ ပြည်ပသို့တင်ပို့နိုင်မည်ဆိုပါက နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်မှုကိုလည်း ပိုမိုဖြစ်ပေါ်စေနိုင်မည်ဖြစ်ကြောင်း”** လမ်းညွှန်မှာကြားခဲ့သည်။

MSME လုပ်ငန်းများ တိုးတက်ရေးအတွက် နိုင်ငံတော်မှလုပ်ငန်းရှင်များအား အချိန်နှင့်တစ်ပြေးညီ ပံ့ပိုးကူညီပေးခြင်း၊ MSME ထုတ်ကုန်များ ဆန်းသစ်တီထွင်လာစေရန်နှင့် လူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များ တိုးတက်အောင်မြင်လာစေရန် မူဝါဒ လုပ်ငန်းစဉ်များကို ပြင်ဆင်ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်ပေးခြင်း၊ လိုအပ်သည့်နည်းပညာ၊ ဈေးကွက်နှင့်ဘဏ္ဍာရေးဆိုင်ရာများပံ့ပိုးပေးခြင်း၊ MSME ပြပွဲများ၊ ပြိုင်ပွဲများကျင်းပပေးခြင်း စသည်တို့ဖြင့် MSME ကဏ္ဍတိုးတက်စေရန်ဆောင်ရွက်ပေးလျက်ရှိသည်။

MSME သည် ကမ္ဘာ့စီးပွားရေး၏ ကျောရိုးဖြစ်သကဲ့သို့ ဆင်းရဲမှုလျှော့ချရေးနှင့် ရေရှည်တည်တံ့သောဖွံ့ဖြိုးတိုးတက်မှုပန်းတိုင်များ အောင်မြင်ရေးအတွက် အရေးပါသည့်အခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။ စီးပွားရေးလုပ်ငန်းများ၏ ၉၀ ရာခိုင်နှုန်းကျော်သည် MSME လုပ်ငန်းများဖြစ်ပြီး အလုပ်အကိုင်အခွင့်အလမ်းဖန်တီးပေးနိုင်မှုတွင် ၆၀ မှ ၇၀ ရာခိုင်နှုန်းထိရှိပါသဖြင့် MSME လုပ်ငန်းများ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်လာစေရန် အစိုးရ၊ လုပ်ငန်းရှင်နှင့်ပြည်သူတို့က ပူးပေါင်းဆောင်ရွက်ပါက နိုင်ငံတော်တွင် လူမှုစီးပွားဘဝနှင့်အလုပ်အကိုင်အခွင့်အလမ်းများတိုးတက်လာမည်ဖြစ်ပါကြောင်းကို ရေးသားတင်ပြလိုက်ပါသည်။ ။





# မဲစာရင်းများပြည့်စုံမှန်ကန်စေရေး စိစစ်ဆောင်ရွက်နေမှုများအား ကြည့်ရှုစစ်ဆေး



လားရှိုး နိုဝင်ဘာ ၁၂

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့နယ်အတွင်း မဲစာရင်းများ ဒုတိယအကြိမ်ကပ်ထားကြေညာခြင်းမပြုမီ မဲစာရင်းများပြည့်စုံမှန်ကန်စေရေးအတွက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ စိစစ်ဆောင်ရွက်နေမှုအား နိုဝင်ဘာလ ၁၁ ရက်က လားရှိုးမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်နိုင်ဦးနှင့်တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ကြည့်ရှုစစ်ဆေးရာတွင် လားရှိုးမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်နိုင်ဦးက နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအား ရင်းရင်းနှီးနှီးတွေ့ဆုံပြီး ကိုယ်စားလှယ်များ၏ တင်ပြချက်များအပေါ် သက်ဆိုင်ရာဌာနများနှင့်ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

လားရှိုးမြို့နယ်၌ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို ရပ်ကွက် ၁၂ ခု၊ ကျေးရွာအုပ်စုတစ်စု စုစုပေါင်း ၁၃ နေရာတွင် မဲရုံစုစုပေါင်း ၆၆ ရုံဖြင့် ကျင်းပမည်ဖြစ်ကြောင်း၊ ဒုတိယအကြိမ်မဲဆန္ဒရှင်စာရင်းများအား နိုဝင်ဘာလ ၁၅ ရက်မှ ၂၈ ရက်အထိ သက်ဆိုင်ရာနေရာများ၌ ကပ်ထားကြေညာပေးသွားမည်ဖြစ်ကြောင်း မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှသိရသည်။

(၄၀၄)

# ၂၀၂၅ ခုနှစ် အထွေထွေရွေးကောက်ပွဲဆိုင်ရာ လမ်းညွှန်စာအုပ်မိတ်ဆက်

ပဲခူး နိုဝင်ဘာ ၁၂

ပဲခူးမြို့ ရွှေမော်ဓောဘုရားလမ်းရှိ ပဲခူးတိုင်းဒေသကြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးခန်းမ၌ မြန်မာသတင်းမီဒီယာများအတွက် ၂၀၂၅ ခုနှစ် အထွေထွေရွေးကောက်ပွဲဆိုင်ရာလမ်းညွှန်စာအုပ်မိတ်ဆက်ပွဲအား နိုဝင်ဘာလ ၁၁ ရက် နံနက်ပိုင်းကကျင်းပသည်။

ရှေးဦးစွာ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဥက္ကဋ္ဌ ဒေါက်တာတင်ထွန်းဦးက မြန်မာသတင်းမီဒီယာများအတွက် ၂၀၂၅ ခုနှစ် အထွေထွေရွေးကောက်ပွဲဆိုင်ရာလမ်းညွှန်စာအုပ်ထုတ်ဝေရခြင်းများနှင့် ပတ်သက်ပြီး ရှင်းလင်းပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဝင်ဒုတိယဥက္ကဋ္ဌ ဦးခင်မောင်ကျော်ဒင်က ရွေးကောက်ပွဲဆိုင်ရာလမ်းညွှန်စာအုပ်နှင့်ပတ်သက်၍ ထပ်ဆင့်ရှင်းလင်းပြောကြားပြီး သတင်းမီဒီယာသမားများသိသင့်သိထိုက်သည်များကို ရှင်းလင်းပြောကြားသည်။

ယင်းနောက်မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဥက္ကဋ္ဌ ဒေါက်တာတင်ထွန်းဦးက ၂၀၂၅ ခုနှစ် ဒီဇင်ဘာလအတွင်း ကျင်းပမည့်ရွေးကောက်ပွဲဆိုင်ရာအသိပညာပေးစာအုပ်များအား ပဲခူးတိုင်းဒေသကြီးပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ကျင်ကျင်သန်းအားပေးအပ်သည်။

ဆက်လက်၍ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဝင် ပဲခူးတိုင်းအရှေ့ခြမ်းတာဝန်ခံ ဦးဥက္ကာအေးက ပဲခူးတိုင်းဒေသကြီး သတင်းစာဆရာအသင်း တိုင်းဥက္ကဋ္ဌ ဦးဖြိုးကိုလင်းအား ရွေးကောက်ပွဲဆိုင်ရာအသိပညာပေးစာအုပ်များ ပေးအပ်ကြောင်းသိရသည်။**အောင်ဖြိုးလင်း(၄၁၀)**

# မဲစာရင်းပြည့်စုံမှန်ကန်စေရေး ပြန်လည်စိစစ်

ကမမောင်း နိုဝင်ဘာ ၁၂

ကရင်ပြည်နယ် ကမမောင်းမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ၌ မဲပေးပိုင်ခွင့်ရှိပြည်သူများမဲပေးနိုင်ရေး၊ မဲစာရင်းပြည့်စုံမှန်ကန်မှုရှိစေရေးအတွက် ပြန်လည်စိစစ်ခြင်းများဆောင်ရွက်ခြင်းကို နိုဝင်ဘာလ ၁၁ ရက် နံနက်ပိုင်းကဆောင်ရွက်သည်။

ထိုသို့မဲဆန္ဒရှင်စာရင်းများ ပြန်လည်စိစစ်ဆောင်ရွက်ရာတွင် ကမမောင်းမြို့ပေါ်ရပ်ကွက်များရှိ မဲစာရင်းများမှန်ကန်စေရေးအတွက် ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင် ဦးစောမျိုးမြင့်၊ ကမမောင်းမြို့အုပ်ချုပ်ရေးမှူး ဦးသန့်ဇင်ဦး၊ ဖာပွန်မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးအောင်အောင်နှင့် တာဝန်ရှိသူများက မဲစာရင်းများပြည့်စုံမှန်ကန်မှုရှိစေရေး၊ မဲဆန္ဒရှင်စာရင်းများ ကျန်ရှိမှုမဖြစ်ပေါ်စေရေးအတွက် ပေါင်းစပ်ညှိနှိုင်း၍ ဆောင်ရွက်ပေးကြောင်း သိရသည်။

(၄၀၆)



## မြဝတီရုပ်မြင်သံကြားအစီအစဉ် ၁၃-၁၁-၂၀၂၅(ကြာသပတေးနေ့)

၁။ ဝ၆:ဝဝ တရားတော်
ဒါရိုက်တာ-မြတ်တင်အေး
၂။ ဝ၉:ဝဝ ကျန်းမာသုတ
၃။ ၁၁:ဝဝ လူတိုင်းကျန်းမာသိမှတ်စရာ
၄။ ၁၃:ဝဝ ဝေမျှဆွေးနွေးလူငယ့်အရေး
၅။ ၁၈:၃ဝ **ရုပ်မြင်သံကြားဇာတ်လမ်း ပုဂံမှာသာတဲ့လ (ဒုတိယပိုင်း) သရုပ်ဆောင် ရန်အောင်၊ မေသန်းနု**
၆။ ၁၉:ဝဝ **၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ နိုင်ငံရေးပါတီများ၏ ဟောပြောချက်အစီအစဉ်**
၇။ ညဝနာရီသတင်းအပြီး ပန်းပေါင်းစုံစွာအနုပညာ
၈။ အတွေးအမြင်
၉။ ခရီးလည်းသွားစကားလည်းဆို

**MWD Variety Channel**
၁၃-၁၁-၂၀၂၅
(ကြာသပတေးနေ့)

၁။ ဝ၉:၄ဝ လောကကိုအလှဆင်ပန်းတို့ဥယျာဉ်
၂။ ၁ဝ:၃ဝ The Beautiful Land
၃။ ၁၁:၃၅ ကဗျာအလှရသလွင်ပြင်
၄။ ၁၂:၄၅ Variety Choice
၅။ ၁၆:၃၅ ကြယ်ပွင့်များရဲ့ခြေလှမ်းသစ်

# အမျိုးသားနေ့ဇာတိမာန်

❖ ဆောင်းသင်္ကေတ၊ နှင်းမှုန်ကျလျက်
ဖော်ပြချိန်ခါ၊ ဒီဇင်ဘာ၏
တစ်ခါတုန်းက ထိုတစ်ရက်။

❖ မှောင်ထဲကန္တ၊ နယ်ချဲ့ညွှန်သည့်
ကျွန်ပညာရေး၊ လာမပေးဖို့
ဟစ်ကြွေးသောင်းသောင်း၊ ညီညွတ်ကြောင်းကို
ကောင်းသောနိမိတ်၊ ထိုအတိတ်ဖြင့်
ရိပ်ပြကောင်ထင် မြင်ခဲ့ပြီ။

❖ ပညာရေးလှုပ်ရှားမှု၊ အခြေပြုကာ
ပေါင်းစုန္တဲဆင်၊ တိုက်ပွဲဝင်ကြ
ပြည်ခွင်သိမ့်သိမ့် တုန်စေခဲ့။

❖ သည်ယနေ့တိုင်၊ တို့ပိုင်ဆိုင်ထား
မယိုင်လဲပါ၊ ချုပ်ခြာအာဏာ
ရှည်ကြာခိုင်ခံ့၊ မြဲတည်တံ့အောင်
ကြံ့ကြံ့ခံစွာ၊ ထိန်းသိမ်းကာဖြင့်
ကာကွယ်စောင့်ရှောက် ကြရမည်။

❖ မြန်မာပြည်ဖွား၊ တိုင်းရင်းသားတို့
တစ်ပါးသူ့အောက်၊ ဒူးမထောက်ဘူး
မကြောက်မရွံ့ နောက်မတွန့်။

❖ မြန်မာဆိုတာ၊ သစ္စာစောင့်သိ
ကတိတည်ဘိ ခိုင်ခံ့၏။

❖ ကယား၊ ကရင်၊ ချင်း၊ ကချင်နှင့်
တူယှဉ်ဗမာ၊ မွန်လည်းပါဝင်
သာစွပိုင်ပိုင်၊ လက်တွဲမြိုင်ခဲ့
ရခိုင်နှင့်ရှမ်း၊ နှစ်သန်းပေါင်းမက
စည်းလုံးကြသည်၊ မဟုတ်ပြီလော။

❖ သမိုင်းစဉ်ဆက်၊ သွေးစက်အပေါင်း
ထောင်သိန်းသောင်းပင်၊ ခညောင်းပေးဆက်
မြေသက်သည့်တိုင်၊ နိုင်ငံအရေး
သက်ပေးခဲ့သည်၊ မဟုတ်ပြီလော။

❖ အမျိုးသားနေ့၊ စဉ်မမေ့ပါ
မျိုးစေ့ချန်နှံ၊ ဇာတိမာန်ကို
ခံယူဆင့်တိုး၊ ချစ်မြတ်နိုးကာ
မညှိုးဂုဏ်ရောင်၊ ချစ်ကြည်နှောင်သည်
ပြည်ထောင်စုကြီး ငြိမ်းချမ်းဖို့၊
လက်တွဲမဖြုတ် ညီညွတ်လို့
တစ်မျိုးသားလုံး စည်းလုံးစို့။

**မင်းသစ်ဝင်း(ကျောက်တံခါး)**

## နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာနကြေညာချက်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန**
**ကြေညာချက်**

၂၀၂၅ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ခဲ့ကြသူများအတွက် ပထမနှစ် ဝင်ခွင့်ရသူများစာရင်းကို ၁၃-၁၁-၂၀၂၅ ရက်တွင် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန၏ Website: https://www.dtvet.gov.mm နှင့် သက်ဆိုင်ရာအစိုးရနည်းပညာကောလိပ်များတွင် ကြေညာထားမည်ဖြစ်ပါသည်။

**နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန**

## အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာနကြေညာချက်

**သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန**
**အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန**
**ကြေညာချက်**

၂၀၂၅ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ခဲ့ကြသူများအတွက် ပထမနှစ် ဝင်ခွင့်ရသူများစာရင်းကို (၁၃-၁၁-၂၀၂၅) ရက်တွင် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန၏ Website: https://www.dast.edu.mm နှင့် သက်ဆိုင်ရာတက္ကသိုလ်များတွင် ကြေညာထားမည်ဖြစ်ပါသည်။

**အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန**

# စစ်ကိုင်းတိုင်းဒေသကြီး အားကစားအောင်နိုင်ရေးနှင့် ဌာနပေါင်းစုံ အားကစားပြိုင်ပွဲများကျင်းပရေး အစည်းအဝေးကျင်းပ



မုံရွာ နိုဝင်ဘာ ၁၂

စစ်ကိုင်းတိုင်းဒေသကြီး အားကစားအောင်နိုင်ရေးနှင့် ဌာနပေါင်းစုံ အားကစားပြိုင်ပွဲများကျင်းပရေး အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ အားကစားနည်းများအလိုက် ဆပ်ကော်မတီဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အားကစားပြိုင်ပွဲများကို ဝန်ထမ်းများ လုပ်ငန်းခွင်တွင် ကျန်းမာပျော်ရွှင်မှုရှိစေရေးနှင့် ဌာနအချင်းချင်း ချစ်ကြည်ရင်းနှီးမှုရှိရေးအတွက် ကျင်းပရခြင်းဖြစ်ပြီး စည်းလုံးညီညွတ်စွာပါဝင်ယှဉ်ပြိုင်ကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာနမှ တိုင်းဒေသကြီးဦးစီးမှူးက အားကစားအောင်နိုင်ရေးနှင့် ဌာနပေါင်းစုံအားကစားပြိုင်ပွဲများ စည်ကားသိုက်မြိုက်စွာကျင်းပနိုင်ရေးဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြပြီး အားကစားနည်းများအလိုက် ဆပ်ကော်မတီဥက္ကဋ္ဌများက တာဝန်ယူဆောင်ရွက်မည့် လုပ်ငန်းတာဝန်များကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးများနှင့် ဌာနဆိုင်ရာများက တိုင်းဒေသကြီး အားကစားအောင်နိုင်ရေးနှင့် ဌာနပေါင်းစုံ အားကစားပြိုင်ပွဲများ စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေး ဖြည့်စွက်ဆွေးနွေးတင်ပြကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကြောင်းသိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# မန္တလေးမြို့၊ အမှတ်(၁၈)အခြေခံပညာအထက်တန်းကျောင်း၏ မိဘဆရာအသင်းနှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ထူးချွန်ဆုချီးမြှင့်ပွဲပြုလုပ်




အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်မင်းလတ် ဆုရရှိသည့်ကျောင်းသားတစ်ဦးအား ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်စဉ်။

နေပြည်တော် နိုဝင်ဘာ ၁၂

မန္တလေးမြို့၊ နန်းမြို့တွင်းရှိ အမှတ်(၁၈) အခြေခံပညာအထက်တန်းကျောင်း၏ မိဘဆရာအသင်းနှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ထူးချွန်ဆုချီးမြှင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် အဆိုပါကျောင်းခန်းမ၌ ပြုလုပ်ရာ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်မင်းလတ်နှင့် တာဝန်ရှိသူများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ကျောင်းအကျိုးတော်ဆောင်များ၊ ကျောင်းသားမိဘများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ကျောင်းသား၊ ကျောင်းသူများက “ဘက်စုံပညာကိုရည် တို့လှမ်းချီ” သီချင်းဖြင့် သီဆိုဖျော်ဖြေကြသည်။ ထို့နောက် တိုင်းမှူးက အဖွင့်အမှာစကားပြောကြားပြီး တိုင်းမှူးနှင့် တာဝန်ရှိသူများက ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးရရှိကြသူများ၊ ပညာရည်ချွန်ဆုရရှိကြသူများနှင့် မြို့နယ်အဆင့်အားကစားပြိုင်ပွဲများနှင့် ကာယ၊ ဉာဏပြိုင်ပွဲများတွင် ဆုရရှိခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုများ အသီးသီးပေးအပ်ချီးမြှင့်ကြသည်။ ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ကျောင်းသား၊ ကျောင်းသူများ၏ ကပြဖျော်ဖြေမှုများကို ကြည့်ရှုအားပေးကြပြီး တက်ရောက်လာသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(၁၀၀)

# နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်) အရာထမ်းလောင်း(အထူး)သင်တန်းအမှတ်စဉ်(၁၄)သင်တန်းဆင်း

ရန်ကုန် နိုဝင်ဘာ ၁၂

အရာထမ်းလောင်း (အထူး) သင်တန်းအမှတ်စဉ်(၁၄)၏ သင်တန်းဆင်း စစ်ရေးပြအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်) တက္ကသိုလ်စစ်ရေးပြကွင်း(၁)၌ ပြုလုပ်သည်။





သင်တန်းဆင်းပွဲသို့ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဝင်ဦးရဲနိုင်၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်)မှ ပါမောက္ခချုပ်နှင့် ဒုတိယပါမောက္ခချုပ်များ၊ တာဝန်ရှိသူများ၊ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်အလံကို အလေးပြုကြပြီး ပြည်ထောင်စုရာထူးဝန်အဖွဲ့ဝင် ဦးရဲနိုင်အား သင်တန်းဆင်းတပ်ခွဲက အလေးပြုခြင်း၊ ထူးချွန်ဆုရရှိသူများကို ဆုချီးမြှင့်ခြင်းနှင့် အောင်လက်မှတ်ပေးအပ်ခြင်းတို့ကို ဆောင်ရွက်ကြသည်။

ယင်းနောက် ပြည်ထောင်စုရာထူးဝန်အဖွဲ့ဝင် ဦးရဲနိုင်က အရာထမ်းလောင်းများအနေဖြင့် နိုင်ငံ့ဝန်ထမ်းသစ္စာအဓိဋ္ဌာန် (၆)ချက်ကို ဦးထိပ်ပန်ဆင်ပြီး ဝန်ထမ်းစည်းမျဉ်း၊ စည်းကမ်း၊ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့် အမိန့်ညွှန်ကြားချက်များအပြင် နိုင်ငံ့ဝန်ထမ်းကျင့်ဝတ်အပါး (၃၀)ကို ကိုယ်တိုင်စံပြဖြစ်အောင်လိုက်နာပြီး လက်အောက်ဝန်ထမ်းများ လိုက်နာကျင့်ကြံစေရေး ညွှန်ကြားပေးကြရန်၊ “ထမ်းဆောင်ရမည့်တာဝန်၊ စောင့်ထိန်းရမည့်ကျင့်ဝတ်၊ လိုက်နာရမည့်စည်းကမ်း” များနှင့်အညီ ပေးအပ်လာသည့် တာဝန်များကို စေတနာထား၍ ထမ်းဆောင်ကြရန် တိုက်တွန်းမှာကြားသည်။

အဆိုပါသင်တန်း၏ဘွဲ့နှင်းသဘင်အခမ်းအနားကို နိုဝင်ဘာလ ၁၁ ရက်တွင် ရတနာသိဃ်ဘွဲ့နှင်းသဘင်ခန်းမ၌ကျင်းပပြီး နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်)မှ ပါမောက္ခချုပ်က ပြည်သူ့ဝန်ထမ်းစီမံခန့်ခွဲမှု ဘွဲ့လွန်ဒီပလိုမာလက်မှတ်များ ပေးအပ်သည်။ သင်တန်းသို့ သင်တန်းသား ၈၈ ဦး၊ သင်တန်းသူ ၁၂၂ ဦး စုစုပေါင်း ၂၁၀ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ဇူလိုင်လ ၂၁ ရက်မှ နိုဝင်ဘာလ ၁၂ ရက်ထိ ဖြစ်ကြောင်းသိရသည်။

**မြဝတီ**

➤ ရှေ့ဖုံးမှအဆက်

သံရုံးယာယီတာဝန်ခံများ၊ သံတမန်များနှင့် ကုလသမဂ္ဂအဖွဲ့အစည်းမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေက မကြာမီကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို လွတ်လပ်၍ တရားမျှတပြီး အားလုံးပါဝင်သော ရွေးကောက်ပွဲဖြစ်စေရန် ပြင်ဆင်နေမှုများ၊ ရွေးကောက်ပွဲကို အပိုင်းလိုက်ကျင်းပမည့် အစီအစဉ်များ၊ ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်လိုသည့် နိုင်ငံရေးပါတီများ၊ ကိုယ်စားလှယ်လောင်းများအား ကန့်သတ်ထားခြင်းမရှိဘဲ ဥပဒေစည်းမျဉ်းစည်းကမ်းများနှင့်အညီ မှတ်ပုံတင်ခွင့်ပြုခဲ့ခြင်း၊ ပွင့်လင်းမြင်သာသည့် ရွေးကောက်ပွဲဖြစ်စေရန်အတွက် ပြည်တွင်းပြည်ပမှ လေ့လာသူအဖွဲ့များ၊ နိုင်ငံတကာမှ သံတမန်များနှင့် အဖွဲ့အစည်းများအား ဖိတ်ကြားထားခြင်း၊ ပြည်တွင်းပြည်ပမှ မီဒီယာများအား မှတ်ပုံတင်ခွင့်ပြုထားခြင်း၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် ပတ်သက်၍ နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအားလုံးကို ငြိမ်းချမ်းရေးဆွေးနွေးပွဲများတွင် ပါဝင်ရန်နှင့် ထိတွေ့ဆွေးနွေးမှုများမှတစ်ဆင့် နိုင်ငံရေးလုပ်ငန်းစဉ်တွင်ပါဝင်ရန် ဖိတ်ခေါ်မှုအခြေအနေများ၊ နယ်စပ်ဒေသများကိုအခြေပြု၍ ဖြစ်ပေါ်နေသည့် နိုင်ငံဖြတ်ကျော်မှုခင်းများ၊ နယ်စပ်အခြေပြုလက်နက်ကိုင်အဖွဲ့များက ကာစီနို၊ အွန်လိုင်းလောင်းကစားစသည်တို့ကို နိုင်ငံတကာ ရာဇဝတ်ဂိုဏ်းများနှင့်အတူ ကျူးလွန်ဆောင်ရွက်နေမှုများကို တိုက်ဖျက်နေသည့်ကိစ္စများ၊ ၂၀၂၃ ခုနှစ် အောက်တိုဘာလမှစ၍ ၂၀၂၅ ခုနှစ် နိုဝင်ဘာလအထိ နှစ်နှစ်ကျော်ကာလအတွင်း မြန်မာနယ်စပ်သို့ အိမ်နီးချင်းနိုင်ငံမှတစ်ဆင့် တရားမဝင်ရောက်ရှိနေသည့် နိုင်ငံပေါင်း ၅၂ နိုင်ငံမှ နိုင်ငံခြားသား ၆၇၉၈၂ ဦးအား အိမ်နီးချင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများထံသို့ ပြန်လည်လွှဲပြောင်းပေးမှုအခြေအနေများ၊ အိမ်နီးချင်း နယ်စပ်လမ်းကြောင်းများမှ တရားမဝင်ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီမြို့ မဲ့ထော်သလေး KK Park နယ်မြေများတွင် အခိုင်အမာအခြေချ၍ အွန်လိုင်းလိမ်လည်မှုများ ကျူးလွန်နေသည့်ဂိုဏ်းများအား တိုက်ဖျက်ချေမှုန်းနေမှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့ပြင် မြန်မာနိုင်ငံသို့ တရားမဝင်ဝင်ရောက်သူများ၏ ၉၉ ဒသမ ၅ ရာခိုင်နှုန်းမှာ အိမ်နီးချင်းနိုင်ငံများမှတစ်ဆင့် ကုန်းလမ်းမှဝင်ရောက်လာခြင်း၊ ယင်းရာဇဝတ်ဂိုဏ်းများ၊ လက်နက်ကိုင်အဖွဲ့အစည်းများသည် အင်တာနက်၊ လျှပ်စစ်မီး၊ ငွေကြေးလွှဲပြောင်းမှုများကို အိမ်နီးချင်းနိုင်ငံများမှအခြေခံအဆောက်အဦများကို အသုံးပြုဆောင်ရွက်ကြောင်းတွေ့ရှိရသဖြင့် အဆိုပါနယ်စပ်ဖြတ်ကျော်ရာဇဝတ်မှုများကို တိုက်ဖျက်နိုင်ရေးအတွက် အိမ်နီးချင်းနိုင်ငံများ၏ အပြည့်အဝပူးပေါင်းဆောင်ရွက်မှုလိုအပ်ကြောင်း၊ မြန်မာနိုင်ငံ၏ ပကတိမြေပြင်အခြေအနေများကို သံတမန်များအနေဖြင့် သက်ဆိုင်ရာအစိုးရများထံ မှန်ကန်စွာတင်ပြရန် တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ တာဝန်ရှိသူများက အီလက်ထရောနစ်မဲပေးစက်အသုံးပြု၍ မဲပေးပုံနည်းစနစ်အကြောင်း ရှင်းလင်းသရုပ်ပြရာ တက်ရောက်လာသည့် သံတမန်များက Electronic Voting Machine ကို လက်တွေ့စမ်းသပ်အသုံးပြုခြင်း၊ သိရှိလိုသည်များအား မေးမြန်းဆွေးနွေးခြင်းတို့ ဆောင်ရွက်ကြသည်။

ထို့နောက် ပြည်ထဲရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက နယ်စပ်ဖြတ်ကျော်ရာဇဝတ်မှုများ၊ မူးယစ်ဆေးဝါးတိုက်ဖျက်ရာတွင် မြန်မာနိုင်ငံ၌ မထုတ်လုပ်နိုင်သည့် ဓာတုအခြေပြု မူးယစ်ဆေးဝါးများ နယ်စပ်နိုင်ငံများမှတစ်ဆင့် မြန်မာနိုင်ငံသို့ဝင်ရောက်နေမှုများထိန်းချုပ်နိုင်ရေး၊ EAOs များ အဓိကပါဝင်နေပြီး မြန်မာနိုင်ငံ၏ ပြည်တွင်းနိုင်ငံရေးတည်ငြိမ်မှုနှင့် တိုက်ရိုက်သက်ဆိုင်နေခြင်းတို့ကြောင့် အလေးထားဆောင်ရွက်နေကြောင်း၊ ယင်းကို အိမ်နီးချင်းနိုင်ငံများက ဝိုင်းဝန်းထိန်းချုပ်ပေးရန်နှင့် အလေးထားစောင့်ကြည့် အရေးယူဆောင်ရွက်ပေးရန် မေတ္တာရပ်ခံလိုကြောင်း ပြောကြားပြီး အွန်လိုင်းလောင်းကစားဂိုဏ်းများ တိုက်ဖျက်ရာ၌ ထိန်းသိမ်း၍ ပြန်လည်ပို့ဆောင်ခဲ့ရသူအချို့၏ ဖြေကြားချက်များကို ဗီဒီယိုဖြင့် ပြသရှင်းလင်းသည်။

ထို့အတူ KK Park ရှိ အဆောက်အအုံစုစုပေါင်း ၆၂၅ လုံးအနက် ပထမအဆင့်တွင် ၁၄၈ လုံး ဖြိုချဖျက်ဆီးနေမှု၊ ဒုတိယအဆင့်တွင် ၆၂ လုံး၊ တတိယအဆင့်တွင် ၄၂၅ လုံး ဆက်လက်ဖြိုချသွားမည့်အခြေအနေများကို ပြောကြားခဲ့ပြီး ရောက်ရှိနိုင်ငံ၊ မူရင်းနိုင်ငံနှင့် တစ်ဆင့်ခံနိုင်ငံတို့အကြား ပူးပေါင်းဆောင်ရွက်မှု အရေးကြီးကြောင်းဆွေးနွေးခဲ့သည်။

ယင်းနောက် တက်ရောက်လာသည့် သံတမန်များက သိရှိလိုသည်များကိုမေးမြန်းခဲ့ပြီး တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့ကြောင်း သတင်းရရှိသည်။

**မြဝတီ**



ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှတာဝန်ရှိသူများက အီလက်ထရောနစ်မဲပေးစက်အသုံးပြု၍ မဲပေးပုံနည်းစနစ်အကြောင်း ရှင်းလင်းသရုပ်ပြရာ တက်ရောက်လာသည့်သံတမန်များက Electronic Voting Machine ကို လက်တွေ့စမ်းသပ်အသုံးပြုပြီး သိရှိလိုသည်များအား မေးမြန်းဆွေးနွေးစဉ်။

# မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်မှုအစီအစဉ်အရ အကောင်အထည်ဖော်ဆောင်ရွက်မည့် Student's Cultural Exchange Programme ပိတ်ပွဲအခမ်းအနားကျင်းပ

ရန်ကုန် နိုဝင်ဘာ ၁၂

မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်မှုအစီအစဉ်ဖြစ်သော မဲခေါင်-လန်ချန်းအထူးရန်ပုံငွေ (၂၀၂၅)ဖြင့် "Student's Cultural Exchange Programme" ကို နိုဝင်ဘာလ ၉ ရက်မှ ၁၂ ရက်အထိ ရန်ကုန်မြို့ရှိ Summit Parkview Hotel ၌ကျင်းပခဲ့ပြီး ပိတ်ပွဲအခမ်းအနားကို ယနေ့ညနေပိုင်းတွင် ကျင်းပသည်။



အခမ်းအနားတွင် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်က လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးတွင် ယဉ်ကျေးမှုနှင့် ပညာရေးကဏ္ဍဖလှယ်ခြင်းသည် အရေးပါသည့်ကဏ္ဍများထဲက တစ်ခုဖြစ်ကြောင်း၊ နိုင်ငံများအကြား အပြန်အလှန်လေးစားမှု၊ ယုံကြည်မှု၊ တန်းတူရည်တူရှိမှု၊ တစ်ဦးအပေါ်တစ်ဦးအပြန်အလှန်နားလည်ပေးနိုင်မှုတို့အပေါ်အခြေခံထားသည့်နွေးထွေးသောချစ်ကြည်ရင်းနှီးမှုကို ထိန်းသိမ်းရင်း လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးကဏ္ဍပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်ဆောင်ရွက်သွားနိုင်မည်ဟု မျှော်လင့်ကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် တရုတ်နိုင်ငံနှင့်ထိုင်းနိုင်ငံတို့မှ ဆရာနှင့်ကျောင်းသားကိုယ်စားလှယ်များကို အမှတ်တရလက်ဆောင်များပေးအပ်ကာ ကျောင်းသားကိုယ်စားလှယ်တစ်ဦးစီက ကျေးဇူးတင်စကားပြောကြားပြီး ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

အခမ်းအနားသို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးနှင့် ပညာရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ထိုင်းနိုင်ငံနှင့်မြန်မာနိုင်ငံမှကိုယ်စားလှယ်များ၊ ကျောင်းသား၊ ကျောင်းသူများ၊ အခြေခံပညာဦးစီးဌာနမှ ပညာရေးမှူးများနှင့် ကျောင်းအုပ်ကြီးများတက်ရောက်ကြသည်။

ယနေ့နံနက်ပိုင်းတွင် Student's Cultural Exchange Programme တွင်ပါဝင်သော ဆရာ၊ ကျောင်းသား၊ ကျောင်းသူများနှင့် တာဝန်ရှိသူများသည် ဒဂုံမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၊ အမျိုးသားပြတိုက်နှင့် ဝန်ကြီးများရုံးသို့လေ့လာခဲ့ကြပြီး ယဉ်ကျေးမှုဖလှယ်ခြင်းတွင် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန် ဆောင်ရွက်သင့်သောလုပ်ငန်းများ၊ ရှေ့ဆက်ဆောင်ရွက်မည့်လုပ်ငန်းများကို နိုင်ငံအလိုက်ဆွေးနွေးကြသည်။

နိုဝင်ဘာလ ၁၀ ရက်တွင် အခြေခံပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်က ကျောင်းသား၊ ကျောင်းသူများ ယဉ်ကျေးမှုဖလှယ်ရေးအစီအစဉ်နှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး မြန်မာကျောင်းသားကိုယ်စားလှယ်က မြန်မာကျောင်းများ၏ အလေ့အထ၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းစဉ်လာဆိုင်ရာများ၊ တရုတ်နိုင်ငံကျောင်းသားကိုယ်စားလှယ်က Chongqing Education System အလေ့အထဆိုင်ရာများနှင့် ထိုင်းနိုင်ငံကျောင်းသားကိုယ်စားလှယ်က ပညာရေး၊ ရိုးရာယဉ်ကျေးမှု အနုပညာဆိုင်ရာများကို တင်ပြဆွေးနွေးကြပြီး တာဝန်ရှိသူများက အနှစ်ချုပ်ဆွေးနွေးကြသည်။

နိုဝင်ဘာလ ၁၁ ရက်တွင် Student's Cultural Exchange Programme တွင် ပါဝင်သော ဆရာ၊ ကျောင်းသား၊ ကျောင်းသူများနှင့် တာဝန်ရှိသူများသည် ရန်ကုန်ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးအထက်တန်းကျောင်းနှင့် ရွှေတိဂုံစေတီတော်တို့သို့ လေ့လာရေးခရီးသွားရောက်ခဲ့ကြောင်း သိရသည်။

**မြဝတီ**

# မန္တလေးတိုင်းဒေသကြီးအတွင်းရှိ အာမခံအလုပ်သမားများ သဘာဝဘေးအန္တရာယ် ကျရောက်မှုဆိုင်ရာ မိသားစုထောက်ပံ့မှုအကျိုးခံစားခွင့်နှင့် သားသမီးများအား ပညာသင်စရိတ်ဆိုင်ရာ မိသားစုထောက်ပံ့မှုအကျိုးခံစားခွင့်ပေးအပ်ခြင်းနှင့် အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးဆိုင်ရာ နှီးနှောဖလှယ်ပွဲကျင်းပ




မန္တလေး နိုဝင်ဘာ ၁၂

မန္တလေးတိုင်းဒေသကြီးအတွင်းရှိအာမခံ အလုပ်သမားများအား သဘာဝဘေး အန္တရာယ်ကျရောက်မှုဆိုင်ရာ မိသားစု ထောက်ပံ့မှုအကျိုးခံစားခွင့်နှင့် သားသမီး များအား ပညာသင်စရိတ်ဆိုင်ရာ မိသားစု ထောက်ပံ့မှု အကျိုးခံစားခွင့်ပေးအပ်ခြင်းကို ယနေ့နံနက်ပိုင်းတွင်မန္တလေး မြို့တော်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ အလုပ်သမားဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကျော် ဟိုး၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် နှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ အလုပ်သမား ဝန်ကြီးဌာနမှတာဝန်ရှိသူများနှင့် အရာထမ်း၊ အမှုထမ်းများ၊ အလုပ်ရှင်၊ အလုပ်သမား ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက လူမှုဖူလုံ ရေးအဖွဲ့အနေဖြင့် ၂၀၁၂ ခုနှစ် လူမှုဖူလုံရေး ဥပဒေတွင်ပါရှိသည့် အာမခံစနစ် ခြောက်မျိုး အနက် နိုင်ငံ၏အခြေအနေနှင့်ကိုက်ညီ ဆောင်ရွက်နေသော အာမခံစနစ်သုံးမျိုးမှ စုစုပေါင်းအကျိုးခံစားခွင့် ၁၅ မျိုးကိုရရှိ ခံစားရမည်ဖြစ်ပြီး ကျန်းမာရေးနှင့် လူမှုရေး စောင့်ရှောက်မှုအာမခံစနစ် ထည့်ဝင်ကြေး ပေးသွင်းထားရှိပါက မိသားစုထောက်ပံ့မှု အကျိုးခံစားခွင့်ဖြစ်သည့် သဘာဝဘေး အန္တရာယ်ကျရောက်မှုဆိုင်ရာ အကျိုးခံစားခွင့် နှင့် ပညာသင်စရိတ်ခံစားခွင့်များကိုရရှိမည် ဖြစ်ကြောင်း၊ မန္တလေးလျှင်ဘေးသင့်ခဲ့သည့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ လူမှုဖူလုံ ရေးအဖွဲ့တွင် မှတ်ပုံတင်ထားသောအလုပ် ဌာန ၇၄၃၀ ခု၊ အာမခံအလုပ်သမား ၁၂၁၃၃၀ ဦး ကို သဘာဝဘေးအန္တရာယ်ကျရောက်မှု ဆိုင်ရာအကျိုးခံစားခွင့် ၄၀ ရာနှုန်းထုတ်ပေး သည့် ယနေ့အခမ်းအနားတွင် အာမခံ အလုပ်သမား ၂၅၅၃၄ ဦးအတွက် ငွေကျပ် ၂၀၂၀ ဒသမ ၃၁၉ သန်းကို ပေးအပ်သွားမည် ဖြစ်ကြောင်း၊ မန္တလေးတိုင်းဒေသကြီးအတွင်း စုစုပေါင်း အာမခံအလုပ်သမား ၇၈၃၄၂ ဦး အတွက် ငွေကျပ် ၆၂၃၆ ဒသမ ၅၄၆ သန်းကို Online Payment စနစ်ဖြင့် အာမခံအလုပ် သမားများ၏လက်ဝယ်အရောက် စနစ်တကျ ပေးအပ်နိုင်ခဲ့ပြီး လျှောက်ထားလာသည့် အလုပ်သမားများ၏ ၉၉ ဒသမ ၁၆ ရာနှုန်းကို ခွင့်ပြုထုတ်ပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း။

ထို့ပြင် ခွင့်ပြုပေးရန်ကျန်ရှိသည့် အာမခံ အလုပ်သမား ၂၂၉ ဦးတို့၏ သားသမီး ၃၃၃ ဦး တို့အတွက် ပညာသင်စရိတ် ငွေကျပ် ၁၂ ဒသမ ၁၀၈ သန်းကို ခွင့်ပြုထုတ်ပေးမည် ဖြစ်ကြောင်းနှင့် မန္တလေးတိုင်းဒေသကြီး အတွင်းရှိ အာမခံအလုပ်သမား ၁၁၂၁၉ ဦး တို့၏ သားသမီး ၁၅၂၁၃ ဦးတို့အတွက် ပညာသင်စရိတ်စုစုပေါင်းငွေကျပ် ၅၉၈ ဒသမ ၉၀၅ သန်းကို ထောက်ပံ့ပေးအပ်ပြီးဖြစ်၍ လျှောက်ထားသည့် အလုပ်သမားများ၏ ၉၅ ဒသမ ၃၆ ရာနှုန်းကို ထုတ်ပေးနိုင်ခဲ့ပြီး ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ထံသို့ သဘာဝဘေးအန္တရာယ် ကျရောက်မှုဆိုင်ရာ မိသားစုထောက်ပံ့မှုအကျိုးခံစားခွင့် ၄၀ ရာနှုန်း ငွေကျပ် ၂၀၂၀ ဒသမ ၃၁၉ သန်းနှင့် ပညာသင်စရိတ်ထောက်ပံ့ကြေး ငွေကျပ် ၁၂ ဒသမ ၁၀၈ သန်းကို လွှဲပြောင်းပေးအပ် ခဲ့ပြီး မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်က ကျေးဇူးတင်စကားပြောကြားသည်။

ယင်းနောက် အလုပ်သမားရေးရာအငြင်း ပွားမှုဖြေရှင်းရေးဆိုင်ရာ နှီးနှောဖလှယ်ပွဲ ဖွင့်ပွဲကို အဆိုပါခန်းမ၌ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီး၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ ကိုယ်စားလှယ်များ၊ အလုပ်သမားအဖွဲ့ချုပ် များ၊ ခုံသမာဓိကောင်စီဝင်များ၊ အထက် မြန်မာပြည်ရှိတိုင်းဒေသကြီး/ပြည်နယ်များမှ ခုံသမာဓိအဖွဲ့ဝင်များ၊ မြို့နယ်ညှိနှိုင်း ဖျန်ဖြေရေးအဖွဲ့ဝင်များ တက်ရောက်ကြ သည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက အမှာ စကားပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ် က မန္တလေးတိုင်းဒေသကြီးအတွင်း မြို့နယ် ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့များကို ဖွဲ့စည်း တာဝန်ပေးအပ်ထားမှု အခြေအနေများ၊ အလုပ်သမားရေးရာ လုပ်ငန်းညှိနှိုင်းရေး ကော်မတီ(WCC)ဖြင့် ဖြေရှင်းဆောင်ရွက် ပေးခြင်းကြောင့် အငြင်းပွားမှုများလျော့နည်း လာသည့်အခြေအနေများနှင့် တက်ရောက် သူများက မိမိတို့၏အတွေ့အကြုံများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးအဖြေရှာကြ စေလိုကြောင်းပြောကြားပြီး ပထမပိုင်း အစီအစဉ်ကိုရုပ်သိမ်းကာ ဒုတိယပိုင်းအစီ အစဉ်ဆွေးနွေးပွဲများကို ဆက်လက်ကျင်းပ ခဲ့ကြောင်း သိရသည်။

**မြဝတီ**

# ကရင်သက္ကရာဇ် ၂၇၆၅ ခုနှစ် ကရင်အမျိုးသား နှစ်သစ်ကူးပွဲတော်ကို စည်ကားသိုက်မြိုက်စွာကျင်းပမည်

ဘားအံ နိုဝင်ဘာ ၁၂



၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၁၉ ရက်တွင် ကျရောက်မည့် ကရင်သက္ကရာဇ် ၂၇၆၅ ခုနှစ် ကရင်အမျိုးသားနှစ်သစ်ကူးနေ့နှင့် ကောက်သစ်စားပွဲကို ဘားအံမြို့ အမှတ်(၄) ရပ်ကွက် သီရိကွင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း ယမန်နေ့ မွန်းလွဲ ၂ နာရီက ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်း အဝေးခန်းမ(၂)၌ကျင်းပသည့် ကျင်းပရေး ဦးစီးကော်မတီနှင့်အထောက်အကူပြုလုပ်ငန်း ကော်မတီများ၏လုပ်ငန်းညှိနှိုင်းအစည်းအဝေး မှသိရသည်။

အဆိုပါပွဲတော်ကို ကရင်အမျိုးသား အလံတင်အခမ်းအနား၊ နှစ်သစ်ကူးနေ့အခမ်း အနား၊ ကောက်သစ်စားပွဲတို့နှင့်အတူ ပွဲတော်မတိုင်မီ ကြိုဆိုဂုဏ်ပြုသောအားဖြင့် လမ်း၊ တံတား၊ အခြေခံအဆောက်အဦ ဖွင့်ပွဲများ၊ အားကစားပြိုင်ပွဲများ၊ ကရင် တိုင်းရင်းသားတို့၏ ပဒေသာအကအလှ များဖြင့် ဖျော်ဖြေသည့်ခံပွဲများ၊ ပျော်ပွဲရွှင်ပွဲ များဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွား မည်ဖြစ်ပြီး ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက ကရင် အမျိုးသား နှစ်သစ်ကူးနေ့အခမ်းအနားကို အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်း ကော်မတီအသီးသီးကိုဖွဲ့စည်းတာဝန်ပေးအပ် ထားပြီး ယခုအစည်းအဝေးတွင် လိုအပ် သည်များ၊ ဖြည့်ဆည်းဆောင်ရွက်ပေးရမည့် ကိစ္စရပ်များနှင့် ဆုံးဖြတ်အတည်ပြုပေးရမည့် ကိစ္စရပ်များကို တင်ပြဆွေးနွေးပေးကြစေလို ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးများက ကရင် အမျိုးသားနှစ်သစ်ကူးနေ့နှင့် ကောက်သစ် စားပွဲအောင်မြင်စွာကျင်းပနိုင်ရေး ကြိုတင် ပြင်ဆင်ဆောင်ရွက်မည့် အစီအမံများကို သက်ဆိုင်ရာကဏ္ဍများအလိုက် ဆွေးနွေး တင်ပြကြပြီး ကျင်းပရေးအထောက်အကူပြု လုပ်ငန်းကော်မတီအတွင်းရေးမှူးများက သက်ဆိုင်ရာလုပ်ငန်းကော်မတီအလိုက် ပြင်ဆင်ဆောင်ရွက်ထားရှိမှုနှင့် ဆုံးဖြတ် အတည်ပြုပေးရမည့်ကိစ္စရပ်များကို ဆွေးနွေး တင်ပြကြကာ တက်ရောက်လာသူများက ဝိုင်းဝန်းအကြံပြု ဆွေးနွေးတင်ပြကြရာ ဆွေးနွေးတင်ပြမှုများအပေါ် ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ်က ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေး ပြီး နိဂုံးချုပ်အမှာစကားပြောကြားသည်။

ဆက်လက်၍ နှစ်(၇၀)ပြည့် ကရင် ပြည်နယ်နေ့အထိမ်းအမှတ် ဒုံးအကပြိုင်ပွဲ တွင် ဆုရရှိကြသော ဒုံးအဖွဲ့များက ပြန်လည် ကပြဖျော်ဖြေတင်ဆက်သည့်အခမ်းအနားကို ယမန်နေ့ညပိုင်းက ဘားအံမြို့ သီရိကွင်း ဒုံးစင်မြင့်၌ကျင်းပရာ ဒုံးအဖွဲ့ ခြောက်ဖွဲ့က ဖားစည်၊ ကျွဲချို၊ အိုးစည်၊ ဘင်၊ နှဲ၊ မောင်း၊ စည်း၊ ဝါး၊ လင်းကွင်းတို့ကို တီးမှုတ်ကြပြီး ကရင်တိုင်းရင်းသားတို့၏ လူနေမှုဘဝများ၊ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းများ၊ ခေတ်ကာလအတွင်း ကြုံတွေ့နေရသည့် အခြေအနေများကို ရေးစပ်သီကုံးထားသည့် ကရင်တေးသီချင်းများကို သံပြိုင်သီဆို၍ မြူးကြွသွက်လက်မြိုင်ဆိုင်စွာ ပြန်လည်ကပြ သီဆိုဖျော်ဖြေခဲ့ကြပြီး ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင် နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ နာယက၊ ပြည်နယ်တရားလွှတ်တော်တရား သူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာ များ၊ ဒေသခံတိုင်းရင်းသားပြည်သူများ ကြည့်ရှု အားပေးခဲ့ကြကာ ဂုဏ်ပြုဆုငွေများပေးအပ် ချီးမြှင့်ကြသည်။

နှစ်(၇၀)ပြည့် ကရင်ပြည်နယ်နေ့အခမ်း အနားကို ဒုံးအကပြိုင်ပွဲများ၊ ပျော်ပွဲရွှင်ပွဲများ၊ အားကစားပြိုင်ပွဲများ၊ ပြပွဲ၊ ပြိုင်ပွဲများ၊ ဒေသ အစားအစာနှင့်မုန့်ဈေးရောင်းပွဲများ၊ နိုင်ငံကျော် တေးသံရှင်များနှင့် ဒေသခံတိုင်းရင်းသား တေးသံရှင်များပါဝင်သည့် စင်တင်တေးဂီတ ဖျော်ဖြေပွဲများ ထည့်သွင်းကျင်းပခဲ့ရာ အနယ်နယ်အရပ်ရပ်မှ လာရောက်လည်ပတ် သူများ၊ ဒေသခံပြည်သူများ စည်ကား များပြားစွာပါဝင်ဆင်နွှဲခဲ့ကြကြောင်း သိရ သည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၂၂°c | / | ၃၃°c |
| ရန်ကုန် | ၂၄°c | / | ၃၅°c |
| မန္တလေး | ၂၀°c | / | ၃၄°c |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

## မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ

နေပြည်တော် နိုဝင်ဘာ ၁၂

တနင်္သာရီတိုင်းဒေသကြီးတွင် မိုးတိမ်တောင်များဖြစ်ထွန်းမှုအားကောင်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုး ပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့်မိုးလေဝသဖြစ်စဉ်များဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင် ပါရန် အကြံပြုအပ်ပါသည်။

(မိုး/ဇလ)

MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# All sown acreage of sesame harvested in Sagaing Township



SAGAING November 12

In Sagaing Township, during this year's monsoon cropping season, farmers were able to cultivate rainfed sesame on 24,727 acres. Harvesting of these sesame fields began in August and, as of today, all acres have been fully harvested, with yields exceeding 10 baskets per acre.

"This year, during the monsoon cropping season in Sagaing Township, sesame was cultivated on 24,727 acres. All of these fields have now been fully harvested. Compared to previous seasons, the cultivated area has increased significantly. We also provided support to expand sesame cultivation, improve yield rates, and promote cultivation using GAP techniques," said U Myo Thant Aung, Head of the Sagaing Township Agriculture Department.

This year, farmers in Sagaing Township received guidance from the township agriculture department on expanding sesame cultivation, adopting proper cultivation techniques, using GAP methods, planting high-quality seeds, and cultivating varieties with good yield potential.

Crops produced under GAP methods are of higher quality and fetch better prices compared to those grown using conventional methods. Moreover, they can be sold not only in domestic markets but also exported internationally. Farmers who adopt GAP cultivation methods are expected to gain greater economic benefits, improving both their income and their overall socio-economic well-being.

**SMK**

# Plan underway to grow more than 9,000 acres of green gram in Kalay Township

KALAY November 12

Local authorities have earmarked cultivation of more than 9,000 acres of green gram in Kalay Township of Sagaing Region in coming cold season, according to the township Agriculture Department.

For the 2025–2026 winter crop season, it is reported that 9,190 acres of green gram are planned to be cultivated in Kalay Township, with cultivation scheduled to take place from October to December this year.

Daw Marn Ewe, Head of the Kalay Township Agriculture Department, said: "This year, we have planned to grow over 9,000 acres of green gram in Kalay Township during the winter crop season. Efforts will be made to meet the full target acreage."

The Kalay Township Agriculture Department will provide technical awareness to green gram farmers on using suitable and quality seed varieties for the region, adopting proper cultivation methods, preventing pest infestations, applying fertilizers systematically, and improving crop yields.

During this year's monsoon crop season, various types of pulses were cultivated in the township, and efforts were made in cooperation with farmers to ensure good yield and quality through the use of quality seeds, application of inputs, and post-harvest handling technologies.**SK**

# Merchants from Dedaye Township supply large volume of octopus to Yangon market

DEDAYE November 12

Businesspersons from Dedaye Township of Ayeyawady Region sent a large volume of octopus to Yangon market said Daw Swe Swe, the owner of fishery product trading depot in Dedaye Township.

Dedaye Township managed to export and sell up to 70,000 viss of octopus to the Yangon market .Yangon buyers are said to be actively purchasing the octopus from this region.

"The local seafood products are being smoothly transported and sold to the Yangon market, which is the main market for our exports. During the past month, we exported and sold up to 70,000 viss of octopus. The prices vary depending on their freshness, size, and weight." said Daw Swe Swe.



Octopus exported from Dedaye Township currently sold at around Ks-295,000 per viss for long-sized octopus and Ks-285,000 per viss for short-sized ones. With the strong sales and transport of octopus and other seafood products from the region, local fishery workers, seafood traders, trading house owners, merchants, and truck rental operators are all reportedly enjoying good business and steady employment. **SK**

# Plan underway to grow more than 3,000 acres of lima bean in Kalay District this year

KALAY November 12

Arrangements are being made to grow more than 3,000 acres of lima bean in Kalay District of Sagaing Region this year, according to the district Agriculture Department.

During the 2025–2026 winter cropping season, a total of 3,250 acres of lima beans are planned for cultivation in Kalay District, with 2,311 acres in Kalay Township and 939 acres in Mingin Township, according to the district's agricultural plan. The cultivation period is scheduled to take place from October to December this year, it was learned.

"This year, for the winter cropping season in Kalay District, we have planned to cultivate more than 3,000 acres of lima beans. We will make efforts to ensure that the cultivation meets the planned acreage. Lima beans are cultivated only in the winter season, and the crop has been thriving successfully. Because lima beans fetch good market prices, farmers are keen to grow them," said U Aung, Head of the District Department of Agriculture, Kalay District.

During this year's monsoon cropping season, local farmers in Kalay District cultivated lima beans as a main crop, while some also practiced intercropping to earn additional income.

The Township Departments of Agriculture in Kalay District are currently providing technical assistance to farmers cultivating various types of beans—helping them improve crop yields, use quality and pure seed varieties, and apply appropriate cultivation techniques. In addition, the departments are conducting awareness programmes on the preparation and use of natural pesticides for pest prevention and on timely harvesting practices.

**SMK**

# Mawlaik Township plants more than 18,000 acres of rainfed paddy this year

MAWLAIK November 12

According to the district Agriculture Department, farmers from Mawlaik Township have planted 18,965 acres of rainfed paddy in Mawlaik Township of Sagaing Region this year.

During the 2025–2026 monsoon crop season, Mawlaik Township has planned to cultivate 19,500 acres of rainfed paddy. Cultivation began in June this year, and as of now, a total of 18,965 acres have already been planted, according to reports.

"This year, Mawlaik Township plans to grow over 19,000 acres of rainfed paddy during the monsoon crop season. So far, more than 18,000 acres have been cultivated, and efforts are ongoing to complete the remaining planned acreage. We are providing the necessary techniques and seed varieties to support the farmers. Field visits are also being conducted to ensure that farmers can plant the paddy in time," said Daw Kywe Kywe Hlaing, Head of the Mawlaik District Agriculture Department.

The relevant township agriculture department, in collaboration with local farmers, is working to ensure systematic cultivation of rainfed paddy without any difficulties during this monsoon season.

In Mawlaik Township, farmers growing rainfed paddy are being provided with agricultural techniques, awareness programmes on pest prevention, and guidance to prevent crop damage or loss. They are also being educated on post-harvest handling to ensure that the harvested paddy is stored properly under cover in a timely manner.



This year, the rainfed paddy fields in Mawlaik Township are reported to be thriving. To ensure high yields, the township agriculture department and staff are carrying out field activities to provide technical support on selecting quality and pure seed varieties, preventing pest infestations, weeding and thinning, removing mixed varieties, and applying fertilizers systematically.

**SK**

# More than 2,000 acres of maize harvested in Katha District



KATHA November 12

Local farmers have so far harvested 2,503 acres of maize planted in monsoon in Katha District of Sagaing Region, according to the district Agriculture Department.

During the monsoon crop season, a total of 6,774 acres of maize and sweet corn were cultivated in Katha District. Harvesting of maize fields began in August this year, and as of now, 883 acres of maize and 1,620 acres of sweet corn have been harvested. The yields were over 40 baskets of maize per acre for seed maize and over 12,000 ears per acre for sweet corn, according to reports.

"This year, a total of 6,774 acres of maize and sweet corn were cultivated in Katha District during the monsoon crop season. Harvesting is currently underway, and so far, more than 2,000 acres have been harvested. We have carried out educational activities and awareness programmes to ensure healthy and successful maize production and to prevent pest and disease outbreaks," said Daw Khin Myat Myat Oo, Head of the Katha District Agriculture Department.

By township, the areas where maize and sweet corn have been harvested this year are 605 acres of maize and 512 acres of sweet corn in Katha Township, 650 acres of sweet corn in Indaw Township, 278 acres of maize and 130 acres of sweet corn in Htigyaing Township, and 328 acres of sweet corn in Banmauk Township, totalling 2,503 acres.

This year, the township agriculture departments under Katha District have provided farmers cultivating seed maize and sweet corn with training courses, demonstration field shows, and awareness programmes on preventive measures against fall armyworm, integrated pest management, and proper use of pesticides and insecticides for crops such as maize, ginger, and chili.

Maize in Katha District yields over 50 baskets per acre, with a cultivation cost of around Ks-500,000 per acre, while sweet corn yields about 15,000 ears per acre, with a cultivation cost of over Ks-500,000 per acre.

**SMK**

# More than 10,000 acres of cotton planted in Monywa Township this year

MONYWA November 12

Monywa Township Agriculture Department said that local farmers have planted 16,270 acres of cotton as monsoon crops in Monywa Township of Sagaing Region this year.

During the 2025–2026 monsoon crop season, Monywa Township planned to cultivate 17,837 acres of cotton. Planting began in May this year, and as of now, 16,270 acres have already been cultivated, according to reports.

"This year, Monywa Township planned to grow over 17,000 acres of cotton during the monsoon crop season. So far, more than 16,000 acres have been planted, and efforts are underway to achieve the full targeted acreage. To help farmers easily grow quality and pure cotton varieties in time for the planting season, we have been providing them with quality cotton seeds," said U Soe Thet Aung, Head of the Monywa Township Agriculture Department.

This year, the Monywa Township Agriculture Department has been conducting training courses for cotton farmers to ensure they have access to quality and pure seed varieties, to prevent pest and disease infestations, and to promote correct cultivation methods for higher yields. Technical support is also being provided to meet the needs of local cotton growers.

It is reported that cotton cultivation costs around Ks-350,000 per acre, with an average yield of about 1,000 viss per acre.

Since cotton can be intercropped with other crops such as onions (before harvest) and green gram (after harvest), farmers are able to generate additional income from diversified cropping.

Cotton is being successfully cultivated and produced in 19 townships across the Sagaing Region, including Sagaing, Monywa, Yinmabin, Shwebo, and Kanbalu districts.

**SK**

# Monywa Township to grow over 9,000 acres of winter seed corns and millets

MONYWA November 12

A total of 9,022 acres of seed corns and millets will be cultivated in Monywa Township, Monywa District, Sagaing Region during the upcoming winter crops planting season, according to the Department of Agriculture for Monywa Township.

In the 2025-2026 winter crops planting season, Monywa Township plans to plant 1,082 acres of seed corns and 7,940 acres of millets, totaling 9,022 acres, and planting will begin from October this year until December.

"We will provide education to help corn crops grow successfully and prevent the spread of pests and diseases," said U Soe Thet Aung, head of the Department of Agriculture for Monywa Township.

More than 50 baskets of seed corns are produced per acre, and the cost of planting per acre of seed corns is Ks-500,000. A total of 15,000 corn ears of millets are produced per acre, and the cost of planting per acre is over Ks-500,000.

**SMK**

# India and Pakistan spar after blast rocks Islamabad

ISLAMABAD November 12

India has denied Pakistani allegations of involvement in a suicide bomb attack outside a district court complex in Islamabad that killed at least 12 people on Tuesday.

A day earlier, an explosion had left more than a dozen dead in Delhi.

Pakistani Prime Minister Shehbaz Sharif linked the Islamabad blast to other recent attacks in the country, saying on Tuesday that they were the worst examples of "Indian state terrorism" in the region. He also called on the world to "condemn such nefarious conspiracies of India."

Reacting to Sharif's allegations, Indian Foreign Ministry spokesman Randhir Jaiswal called the charges "baseless and unfounded," and described the Pakistani leadership as "obviously delirious."

"It is a predictable tactic to concoct false narratives against India in order to deflect attention of its own public," Jaiswal said on Tuesday. "The international community is well aware of the reality and will not be misled by Pakistan's desperate diversionary ploys."

The Islamabad blast occurred while the Sri Lankan cricket team, the target of an armed attack in March 2009 by gunmen in Pakistan, was playing a match in Rawalpindi, barely 10 miles from the court complex.

Pakistani Defence Minister Khawaja Asif claimed the Islamabad attack was orchestrated from Afghanistan.

"We are in a state of war," Asif said on Tuesday. "Bringing this war to Islamabad is a message from Kabul, to which Pakistan has the full power to respond."

India has not blamed Pakistan for the Monday attack in Delhi, where an explosion in a car near the historic Red Fort left 13 people dead and injured over 20 others. Indian Home Minister Amit Shah has said security agencies were probing "all angles" and would "hunt down each and every culprit behind this incident."

**RT**

# Russian, Iranian top diplomats share views on current issues in phone call

MOSCOW November 12

Russian Foreign Minister Sergey Lavrov has held a telephone conversation with his Iranian counterpart, Abbas Araghchi, to exchange views on current issues, the Russian Foreign Ministry said on Wednesday.

"At the initiative of the Iranian side, a telephone conversation took place between Russian Foreign Minister Sergey Lavrov and Iranian Foreign Minister Abbas Araghchi. The foreign ministers exchanged views on current bilateral and regional issues," the ministry said in a statement.

The ministers also called on Kabul and Islamabad to continue dialogue to resolve differences through diplomatic means, the statement read.

**Sputnik**

# All 20 Turkish soldiers confirmed dead after military cargo plane crash in Georgia



ANKARA November 12

All 20 Turkish military personnel on board a C-130 cargo aircraft have died after the plane crashed in Georgia near the border with Azerbaijan, the Turkish Defence Ministry announced Tuesday.

Turkish and Georgian authorities launched coordinated search-and-rescue efforts immediately following the crash report, the defence ministry said.

The aircraft, en route from Azerbaijan to Türkiye, lost radar contact 27 minutes after entering Georgian airspace before crashing approximately 5 kilometers from the Azerbaijani border in Georgia's Signagi region, according to Georgia's Ministry of Internal Affairs.

A large security perimeter was established around the crash site, with numerous ambulances and firefighting teams deployed to the scene, the semi-official Anadolu Agency reported.

Video footage from Turkish news outlets showed the aircraft descending in a spiral while trailing a plume of white smoke.

Turkish President Recep Tayyip Erdogan and Georgian Prime Minister Irakli Kobakhidze discussed ongoing search-and-rescue joint efforts in a phone call Tuesday evening, the Turkish presidency said.

The crashed aircraft was a C-130, a long-serving transport plane in the Turkish Air Force since 1964. To modernize its aging fleet, Türkiye recently announced a deal to procure 12 C-130J Super Hercules aircraft from the United Kingdom.

**Xinhua**

# 5.3-magnitude earthquake shakes Cyprus, no injuries reported

NICOSIA November 12

A strong earthquake registering 5.3 on the Richter scale struck Cyprus on Wednesday, causing some damage but no injuries, authorities said.

The Geological Survey Department reported that the tremor occurred at about 11:31 a.m. local time, with its epicenter located roughly 20 kilometers northeast of the western tourist city of Paphos, at a depth of 15 kilometers.

Christodoulos Hadjigeorgiou, director of the department, said that continuous seismic activity was recorded more than two hours later, but he considered the initial tremor to be the main shock.

The jolt was felt across Cyprus and in Lebanon, approximately 300 kilometers east of the epicenter.

Civil Protection authorities reported that some houses in a village near the epicenter were damaged, but no injuries occurred. Telecommunications were temporarily disrupted, and several rocks fell from hills onto the highway leading to Paphos and other roads.

Cyprus is located in the eastern Mediterranean along the Cyprus Arc, at the boundary between the Eurasian and African tectonic plates. In 1953, a strong earthquake struck Paphos, measuring about M6.5, killing approximately 40 people, injuring around 100, and destroying multiple villages. In recent decades, Cyprus and its offshore areas have continued to experience moderate to strong earthquakes.

**Xinhua**

# Israel reopens Zikim crossing to allow aid trucks into N. Gaza

JERUSALEM November 12

Israel said on Wednesday it has reopened the Zikim crossing to allow humanitarian aid trucks into northern Gaza.

"Today, the Zikim crossing has been opened for the entry of humanitarian aid trucks into the Gaza Strip," said a statement from the office of the Coordinator of Government Activities in the Territories (COGAT), a body under Israel's Defence Ministry responsible for carrying out the government's civilian and humanitarian policies in the Palestinian territories.

The statement added that the aid would be delivered by the United Nations and international organizations after undergoing "thorough security inspections" by the Land Crossings Authority of the Defence Ministry, and that the move followed a "directive of the political echelon."

Aid delivery to Gaza has been hampered by intensive Israeli security inspections and strict restrictions on permitted goods, humanitarian officials say.

Even after trucks enter the enclave, distributing supplies remains difficult due to widespread infrastructure destruction and the risk of looting.

The ceasefire that took effect on Oct. 10 has not completely stopped Israeli attacks in Gaza, with Israeli forces continuing demolitions in areas under their control. At least 245 people have been killed since the truce began, bringing the total death toll from Israeli attacks since October 7, 2023 to at least 69,185, according to Gaza's health authorities.

**Xinhua**

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Four everyday foods which spike your blood sugar just as much as a handful of sweets

It's not just sugary sweets and fizzy drinks that can send our blood sugar levels through the roof.

Carbs such as bread, pasta and potatoes, plus some fruits and vegetables, can have the same effect, increasing the risk of a number of serious health issues, an anti-sugar campaigner warns the Daily Mail.

Insulin is a hormone that controls blood sugar levels by signalling cells to absorb glucose from the bloodstream.

The Glycemic Index (GI) is a measure of how quickly foods raise blood sugar levels, ranked on a scale of 1-100.

One example of a high GI food is pasta. The carbohydrates in pasta break down relatively quickly in the gut, releasing sugar which can lead to blood sugar spikes in some individuals.

Foods with a low GI intake including vegetables, wholegrains, legumes and some fruits taking longer to digest, resulting in a more controlled sugar release and fewer spikes.

'This is because fibre slows digestion by plugging up the pylorus—the part of the stomach that connects to the small intestine.

'This "fibre-plug" acts like a filter and slows down digestion so eventually when you get to the carbs they have to get through the filter so you don't get that spike and then the crash.

Generally, people also have better blood sugar control in the mornings, so Bennett advises restricting your eating window and avoiding eating too close to bed to minimise spikes, promote weight loss and boost longevity.




**Breakfast cereals**

'Cereals are the main culprits for really quick blood sugar spikes,' Bennett said.

One bowl of cornflakes has even been shown to have the same effect on blood sugar levels as more than eight teaspoons of sugar—inadvertently causing a significant spike before you've even started your day.

But yoghurt, nuts, eggs and bacon are rich in protein and healthy fats, helping reduce the body's blood sugar response to high GI foods.

For example, whilst a slice of toast on its own will result in a sharp rise in blood sugars, adding eggs—high in protein and fat—and even some spinach or balance should keep you fuller for longer, resulting in a flatter sugar release and fewer spikes.

One study even found that eating nuts reduced blood sugar spikes after participants ate a slice of white processed bread.

**Rice**

Brown rice is often regarded as being healthier than its white counterpart because it is naturally higher in fibre, magnesium and other nutrients—but it's still a carbohydrate and can have an effect on blood sugar levels.

Cauliflower is a smart swap, Bennett says, as it has a very low GI and can be chopped finely and turned into rice or tabbouleh.

Furthermore, if it is roasted or mashed, cauliflower can become an easy swap for potatoes, too.

Not a cauliflower fan? Quinoa, a Peruvian grain, is another great option.

It is significantly more nutrient-dense than rice, and contains all nine essential amino acids—the compounds that make up protein.

Like rice, quinoa is naturally gluten-free, and like for like there isn't much difference in calories.

However, quinoa has slightly more dietary fibre and protein than brown rice, and it is considered a better source of iron and magnesium, among other vitamins.

**Potatoes**

Mash, chips, waffles, dauphinoise... potatoes are a cornerstone of the British diet, but they can wreak havoc on our blood sugar, says Bennett.

It's their high carbohydrate content which makes them such a savoury sugar bomb, but it's also connected to how they are prepared and what they are served with.

Eating cooled, boiled potatoes can create resistant starch, which has a lower impact on blood sugar—the opposite of tucking into a steaming jacket potato, even before piling on the toppings.

Dishing up potatoes as part of a meal with protein, fibre, and healthy fats can help slow digestion and create a more gradual release of glucose into the bloodstream.

Bennett suggests ditching potatoes for a different vegetable entirely, but if swapping your weekly pile of roasties for a portion of cauliflower doesn't appeal, he suggests turning to one of the most underappreciated vegetables in British cuisine—celeriac.

The bulbous root of a celery plant, it is naturally rich in vitamins B, C and K, potassium magnesium, manganese and nitrates.

It's also packed full of fibre—more so than potatoes in a like for like serving—and similar to the humble spud, it's very versatile.

It can be mashed, boiled and roasted, and even better, it actually has a flavour of its own, Bennett says.

**Tropical fruits**

Having a piece of fruit as an afternoon snack is a no-brainer when it comes to making healthy lifestyle changes, but Bennett urges people to remember that not all fruits are created equal.

Tropical fruits, such as bananas, mangoes and pineapples, can cause blood sugar spikes, so it's better to opt for a handful of berries.

Some studies have found that raspberries can reduce blood sugar responses when eaten with a high carb breakfast.

Separate research looked at the effects of blackberries in obese men. The participants added 600g of blackberries every day to a high-fat diet.

After just one week, their blood sugar levels improved, compared with their levels after eating a high-fat diet that didn't include blackberries.

'When you're at a point when you're trying to lose weight, certain fruits are better than others,' Bennett explains.

Despite their sugar-spiking tendencies, which depends on how ripe they are, Bennett admits he would prefer his five children to snack on a banana rather than an ultra-processed cereal bar.

Unripe bananas have a lower GI of around 30-40 because they contain more resistant starch, while ripe bananas' GI hovers around 51, and an overripe fruit's soars to 60.

**Mail Online**

## နျူကလီးယားဓာတ်အားပေးစက်ရုံမှာ အလုပ်လုပ်မယ့် လူတူစက်ရုပ် Hoxo



နျူကလီးယားဓာတ်အားပေးစက်ရုံတွေဆိုတာ လူသားတစ်ဦးအတွက် အင်မတန်အန္တရာယ်များပါတယ်။ စက်ရုပ်အတွက်ဆိုရင်တော့ ဒီအန္တရာယ်တွေက မပြောပလောက်ပေမယ့်လူတွေလိုမျိုးတော့စဉ်းစားတွေးခေါ်နိုင်စွမ်းရှိမှာမဟုတ်ပါဘူး။

ဒီအချိန်မှာ ပြင်သစ်နိုင်ငံရှိ Capgemini နဲ့ Orano ကုမ္ပဏီတို့ပူးပေါင်းကာ လူတူစက်ရုပ်တစ်မျိုးကို ထုတ်ဖော်မိတ်ဆက်ပြသလိုက်ပါတယ်။ ဒီစက်ရုပ်ရဲ့နာမည်က Hoxo ဖြစ်ပါတယ်။ သူ့ကိုဖန်တီးရခြင်းရဲ့ အဓိကရည်ရွယ်ချက်က နျူကလီးယားဓာတ်အားပေးစက်ရုံတွေမှာ အလုပ်လုပ်နိုင်စေဖို့ဖြစ်ပါတယ်။ ဒီလိုအလုပ်လုပ်နိုင်စေဖို့အတွက်လည်း သူ့ကိုဉာဏ်ရည်တုနည်းပညာထည့်သွင်းပေးထားပါတယ်။ ဒါ့အပြင် အဆင့်မြင့်မားလှတဲ့ စက်ရုပ်လှုပ်ရှားမှုတွေလည်းပါဝင်ပါတယ်။

Hoxo မှာ AI နည်းပညာအပြင် အဆင့်မြင့်အာရုံခံကိရိယာများ၊ အလိုအလျောက်သွားလာမှုစနစ်များကိုပေါင်းစပ်ထားတာဖြစ်တဲ့အတွက် နျူကလီးယားဓာတ်ရောင်ခြည်သင့်နိုင်ခြေရှိတဲ့ ပတ်ဝန်းကျင်အခြေအနေမျိုးမှာ လူသားများကိုယ်စားလုပ်ငန်းတာဝန်များကို လုပ်ဆောင်နိုင်စေမှာဖြစ်ပြီး လူသားများနဲ့လည်း ပေါင်းစည်းဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။ **Ref: IE**

**ကိုထက်**

## လျှပ်စစ်ကားလောကထဲကိုပါ ထပ်မံတိုးဝင်လာတဲ့ တိုယိုတာရဲ့ဂန္ထဝင် ဟိုင်းလပ်ပစ်ကပ်

ဟိုင်းလပ်ပစ်ကပ်ကားတွေဆိုတာက တိုယိုတာရဲ့ ဂန္ထဝင်ကားတွေလို့တောင်မှ တင်စားနိုင်ပါတယ်။ သူတို့ကို စထုတ်တဲ့အချိန်ကနေစပြီး အခုအချိန်အထိ ဘက်စုံအသုံးပြုနိုင်နေဆဲဖြစ်တာကြောင့် နာမည်ကျော်တဲ့ ကုန်တင်ယာဉ်များလည်းဖြစ်ပါတယ်။





ယနေ့ကမ္ဘာမှာ သယ်ယူပို့ဆောင်ရေးကဏ္ဍက လျှပ်စစ်စွမ်းအင်သုံးကားများဆီ ပြောင်းလဲလာချိန်မှာ ဟိုင်းလပ်ပစ်ကပ်ကလည်း အရင်လိုမျိုး လောင်စာအင်ဂျင်သုံးကားတစ်စီးအနေနဲ့ နောက်မှာမနေခဲ့ပါဘူး။ လျှပ်စစ်ကားလောကထဲ လျှပ်စစ်စွမ်းအင်အသုံးပြု ဟိုင်းလပ်ပစ်ကပ်အနေနဲ့ ထပ်မံတိုးဝင်လာတာတွေ့ရပါတယ်။

တိုယိုတာကုမ္ပဏီက နဝမမျိုးဆက် ဟိုင်းလပ်ပစ်ကပ်ကို မကြာသေးခင်ကပဲ ထုတ်ဖော်ပြသလိုက်ပါတယ်။ ဒီမျိုးဆက်မှာ လုံးလုံးလျားလျားပြောင်းလဲသွားတာက လှုပ်ရှားသွားလာမှုအားလုံးအတွက် ဘက်ထရီများကိုသာ အသုံးပြုလာတာဖြစ်ပါတယ်။

တိုယိုတာကုမ္ပဏီအနေနဲ့ ဖြစ်နိုင်ခြေရှိတဲ့လမ်းကြောင်းများကို လျှောက်လှမ်းလာနေတဲ့အတွက် ဟိုက်ဒရိုဂျင်စွမ်းအင်သုံး ဟိုင်းလပ်ပစ်ကပ်များကိုလည်း ၂၀၂၈ ခုနှစ်မှာ ထုတ်လုပ်သွားဖို့ရှိနေတယ်လို့ဆိုပါတယ်။ **Ref: AE**

**ကိုထက်**

## တရုတ်ရဲ့ မျိုးဆက်သစ်လေယာဉ်တင်သင်္ဘောမှာ စွမ်းအားမြင့်လေဆာနဲ့ Rail gun များပါဝင်လာနိုင်ခြေရှိနေ





တရုတ်နိုင်ငံက ပြည်တွင်းဖြစ်နျူကလီးယားစွမ်းအင်သုံး မျိုးဆက်သစ်လေယာဉ်တင်သင်္ဘောများမှာ စွမ်းအားပြင်းလေဆာလက်နက်များအပြင် လျှပ်စစ်သံလိုက်လှိုင်း Rail gun များကိုလည်း တပ်ဆင်လာနိုင်ခြေရှိနေတယ်လို့ဆိုပါတယ်။ ဒီလက်နက်စနစ်တွေကိုဖန်တီးဖို့ အမေရိကန်နိုင်ငံကလည်း ကြိုးစားခဲ့ဖူးပါတယ်။ ဒါပေမဲ့ ကုန်ကျစရိတ်များလွန်းတာကြောင့် အဲဒီအစီအစဉ်ကိုလက်လျှော့ခဲ့တာပါ။

လျှပ်စစ်သံလိုက်လှိုင်း Rail gun များဆိုတာ ဒုံးကျည်ကဲ့သို့သောခဲယမ်းများကို ပစ်ခတ်နိုင်စေဖို့အတွက် ယမ်းမှုန့်အစား သံလိုက်စွမ်းအားကိုအသုံးပြုထားတာဖြစ်ပါတယ်။ ဒီစနစ်က အရှိန်အားဖြင့်လည်း အလွန်မြန်ဆန်တယ်။ ရောက်ရှိနိုင်စွမ်းရှိတဲ့အကွာအဝေးကလည်း များပြားလှပါတယ်။ ပစ်ခတ်မှုအတွက် ဆူညံသံကလည်း မရှိသလောက်နည်းပါးပါတယ်။

ဒီအကြောင်းကို တရုတ်အမျိုးသားကာကွယ်ရေးတက္ကသိုလ်မှစစ်ရေးသုတေသီနဲ့ ပါမောက္ခ လျန်ဖန်းက မကြာသေးခင်က ထုတ်လွှင့်သွားတဲ့ CCTV သတင်းဌာနရဲ့ အင်တာဗျူးတစ်ခုမှာ ပြောဆိုခဲ့တာဖြစ်ပါတယ်။ **Ref: IE**

**ကိုထက်**

## တရုတ်က ကမ္ဘာ့ပထမဆုံးအဖြစ် သက်ရှိအပင်များမှ မြေရှားသတ္တုများထုတ်ယူနိုင်

တရုတ်နိုင်ငံမှ သုတေသနပညာရှင်များက ကမ္ဘာ့ပထမဆုံးအဖြစ် သက်ရှိအပင်များမှ မြေရှားသတ္တုများကိုထုတ်ယူလိုက်နိုင်တယ်လို့ ထုတ်ပြန်ထားပါတယ်။ သူတို့က အမြဲစိမ်းဖန်းပင်ဖြစ်တဲ့ Blechnum orientale ရဲ့တစ်သျှူးတွေထဲကနေ အဖိုးတန်လှတဲ့ သတ္တုတစ်မျိုးဖြစ်တဲ့ မိုနာဇိုက်ပမာဏအနည်းငယ်ကို ထုတ်ယူနိုင်ခဲ့တာဖြစ်တယ်လို့ဆိုပါတယ်။

အခုလိုမျိုးထုတ်ယူနိုင်ခြင်းဟာ ယနေ့ခေတ်မှာ မရှိမဖြစ်လိုအပ်တဲ့မြေရှားဒြပ်စင်များကို တိုက်ရိုက်ထုတ်ယူနိုင်စေမယ့် နည်းလမ်းများအတွက် လမ်းစတစ်ခုဖြစ်တယ်လို့ ကွမ်ကျိုးဘူမိဓာတုတက္ကသိုလ်ရဲ့ ထုတ်ပြန်ချက်ထဲမှာ ဖော်ပြထားပါတယ်။

ယနေ့ခေတ်အသုံးပြုနေတဲ့ လျှပ်စစ်နဲ့ဆက်စပ်တဲ့ပစ္စည်းများမှာ မြေရှားဒြပ်စင်များကိုထည့်သွင်းအသုံးပြုရပါတယ်။ ဒီလိုအသုံးပြုရတဲ့အတွက် မြေရှားဒြပ်စင်များက မရှိမဖြစ်အရေးပါလာတဲ့ဒြပ်စင်များဖြစ်လာပါတယ်။ ဒီလိုအချိန်မှာ မြေရှားဒြပ်စင်များကိုကုန်သွယ်ခြင်းက နိုင်ငံများကြားမှာ အရေးပါတဲ့ကုန်သွယ်မှုလည်းဖြစ်လာပါတယ်။

အခုသက်ရှိအပင်ကနေထုတ်ယူရရှိတဲ့ မိုနာဇိုက်ဆိုတာကလည်း စီရီယံ၊ လန်သာနမ်၊ နီယိုဒိုင်မီယံတို့လိုမျိုး မြေရှားဒြပ်စင်တွေထဲမှာတွေ့ရလေ့ရှိတဲ့ ဖော့စဖိတ်ဒြပ်စင်တစ်မျိုးဖြစ်ပါတယ်။ ဒီဒြပ်စင်တွေရဲ့ ဂုဏ်သတ္တိက အလွန်မြင့်မားလှတဲ့အရည်ပျော်အမှတ်ရှိခြင်း၊ တိုက်စားခြင်းနဲ့ဓာတ်ရောင်ခြည်သင့်ခြင်းကြောင့် ပျက်စီးမှုကို ခံနိုင်ရည်ရှိခြင်းတို့ဖြစ်ပါတယ်။ **Ref: IE**

**ကိုထက်**



## လျှပ်စစ်ဓာတ်အားနဲ့အတူ နေ့စဉ် ဟိုက်ဒရိုဂျင်လီတာ ၂၅၀ ကိုပါ ထုတ်လုပ်ပေးမယ့် ဆိုလာဟိုက်ဒရိုဂျင်ဥယျာဉ်

ဘယ်ဂျီယံနိုင်ငံရှိ ကုမ္ပဏီလေးခုက ကမ္ဘာ့ပထမဆုံးသော ဆိုလာဟိုက်ဒရိုဂျင်ဥယျာဉ်ကိုတည်ဆောက်ဖို့အတွက် ပူးပေါင်းဆောင်ရွက်ဖို့ သဘောတူလက်မှတ်ထိုးလိုက်ပါပြီ။ ဒီစီမံကိန်းကနေထွက်ပေါ်လာမှာက ဆိုလာစွမ်းအင်သုံးလျှပ်စစ်ဓာတ်အားထုတ်လုပ်မှုနဲ့ ဟိုက်ဒရိုဂျင်ထုတ်လုပ်မှုတို့ဖြစ်ပါတယ်။





အဲဒီဥယျာဉ်ကြီးကို ဘယ်ဂျီယံနိုင်ငံရှိ ဝယ်လိုနီယာမြို့မှာ တည်ဆောက်သွားမှာပါ။ အခုလိုမျိုး ပူးပေါင်းတည်ဆောက်မှုရဲ့ ရည်ရွယ်ချက်က အစိမ်းရောင်ဟိုက်ဒရိုဂျင်ကို ရိုးရှင်းသောနည်းလမ်း၊ ကုန်ကျစရိတ်သက်သာသောနည်းလမ်း၊ ထွက်ရှိမှုပမာဏများပြားသောနည်းလမ်းတို့နဲ့ ထုတ်လုပ်နိုင်တယ်ဆိုတာကို ထုတ်ဖော်ပြလိုခြင်းဖြစ်တယ်လို့ဆိုပါတယ်။

သူတို့အနေနဲ့ ဟိုက်ဒရိုဂျင်ထုတ်လုပ်မယ့်နည်းလမ်းက နေရောင်ခြည်နဲ့လေထဲကနေ ဟိုက်ဒရိုဂျင်ကိုတိုက်ရိုက်ထုတ်ယူသွားမှာဖြစ်ပြီး ထုတ်ယူနိုင်တဲ့ပမာဏကလည်း တစ်ရက်ကိုလီတာ ၂၅၀ အထိရှိမယ်လို့ထုတ်ပြန်ထားပါတယ်။ ဆိုလာနဲ့ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုက ၂ မဂ္ဂါဝပ်အထိထွက်ရှိမယ်လို့လည်း သိရပါတယ်။ ဒီစီမံကိန်းသာအောင်မြင်ခဲ့ရင် သန့်ရှင်းစွမ်းအင်နဲ့လောင်စာကို တစ်ချိန်တည်းမှာ ထုတ်လုပ်နိုင်မှုဖြစ်လာမှာပါ။ **Ref: IE**

**ကိုထက်**

## ဂျော်ဂျီယာနိုင်ငံ၌ တူကီယဲနိုင်ငံ၏ စစ်လေယာဉ်တစ်စင်း ပျက်ကျမှုဖြစ်ပွား စစ်သည် ၂၀ သေဆုံး

**အန်ကာရာ၊ စစ်ရေး**

ဂျော်ဂျီယာနိုင်ငံ၌ တူကီယဲနိုင်ငံ၏စစ်လေယာဉ်တစ်စင်းပျက်ကျမှုဖြစ်ပွားခြင်းကြောင့် စစ်သည်အယောက် ၂၀ သေဆုံးသွားကြောင်းနှင့် ထိုကိစ္စနှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးမှုများကို လုပ်ဆောင်လျက်ရှိကြောင်း တူကီယဲတာဝန်ရှိသူများက နိုဝင်ဘာလ ၁၂ ရက်တွင် ထုတ်ပြန်ထားသည်။

တူကီယဲနိုင်ငံမှ C-130 အမျိုးအစားစစ်သုံးကုန်တင်လေယာဉ်သည် အဇာဘိုင်ဂျန်နိုင်ငံမှ တူကီယဲနိုင်ငံသို့ထွက်ခွာလာစဉ် နိုဝင်ဘာလ ၁၁ ရက်တွင် ဂျော်ဂျီယာနိုင်ငံ၌ ပျက်ကျခြင်းဖြစ်သည်။ ယခုကဲ့သို့ လေယာဉ်ပျက်ကျမှုသည် တူကီယဲနိုင်ငံအတွက် ၂၀၂၀ ပြည့်နှစ်နောက်ပိုင်း လူသေဆုံးမှုအများဆုံးသော လေယာဉ်ပျက်ကျမှုတစ်ခုဖြစ်လာသည်။

ယခုပျက်ကျသည့် C-130 အမျိုးအစားကုန်တင်လေယာဉ်သည် ကမ္ဘာတစ်ဝန်းရှိ တပ်မတော်အများအပြားအသုံးပြုနေသည့် အင်ဂျင်လေးလုံးတပ် ကုန်တင်လေယာဉ်ဖြစ်ကြောင်းသိရသည်။ **Ref: BP**

## အမေရိကန်လေယာဉ်တင်သင်္ဘော ကာရေဘီယံပင်လယ်သို့ရောက်ရှိ ဗင်နီဇွဲလားက တပ်မတော်ကို အသင့်ပြင်ဆင်စုဖွဲ့ခိုင်းထား



**ဝါရှင်တန်၊ စစ်ရေး**

အမေရိကန်ရေတပ်မှ လေယာဉ်တင်သင်္ဘောသည် ကာရေဘီယံပင်လယ်သို့ နိုဝင်ဘာလ ၁၁ ရက်တွင်ရောက်ရှိလာပြီဖြစ်ကြောင်း အမေရိကန်တပ်မတော်က ထုတ်ပြန်ထားသည်။ အမေရိကန်တပ်မတော်သည် ယခင်ကတည်းက စစ်သင်္ဘောများကို ကာရေဘီယံပင်လယ် အတွင်း ဖြန့်ကြက်၍ မူးယစ်ဆေးဝါးကုန်ကူးမှုများကို တိုက်ဖျက်မှုလုပ်ဆောင်နေခြင်းဖြစ်သည်။

ယခုအခါ ကမ္ဘာ့အကြီးဆုံးလေယာဉ်တင်သင်္ဘောဖြစ်သည့် Gerald R. Ford ဦးဆောင်သော တိုက်ခိုက်ရေးအုပ်ကိုပါ ဖြန့်ကြက်လိုက်သောကြောင့် ကာရေဘီယံပင်လယ်၌ အမေရိကန်ရေတပ်ကစစ်သည်အင်အား ၁၅၀၀၀ ကျော်ကို နေရာချထားပြီးဖြစ်လာသည်။ ထိုစစ်သည်အင်အားက ပြီးခဲ့သည့်နှစ်ပေါင်း ၃၀ အတွင်း ယင်းဒေသ၌ အင်အားအများဆုံးသောဖြန့်ကြက်မှုဖြစ်လာသည်။

တစ်ချိန်တည်းမှာပင် ဗင်နီဇွဲလားနိုင်ငံကလည်း တပ်မတော်အနေဖြင့် ဖြစ်လာနိုင်သော ရန်ပြုတိုက်ခိုက်မှုများကို တုံ့ပြန်နိုင်ရေးအတွက် အသင့်ပြင်ဆင်စုဖွဲ့ထားရန် ကာကွယ်ရေးဝန်ကြီးက ညွှန်ကြားထားသည်။

ယခုကဲ့သို့ အမေရိကန်နှင့်ဗင်နီဇွဲလားတို့ကြား တင်းမာမှုများမြင့်တက်လာခြင်းနှင့်ပတ်သက်၍ နိုင်ငံတကာအသိုင်းအဝိုင်းနှင့်အဖွဲ့အစည်းအသီးသီးကလည်း စိုးရိမ်ပူပန်ပြီး အပြစ်တင်ရှုတ်ချကြောင်း ထုတ်ပြန်ထားသည်ဟုသိရသည်။

**Ref: Xinhua**

## ပြီးခဲ့သည့်နှစ်အတွင်း ထိုင်းနိုင်ငံသား ၁၀ ဦးလျှင် ၆ ဦးက ငွေကြေးလိမ်လည်ခံရ ဘတ် ၁၁၀ ဘီလီယံဆုံးရှုံး

**ဘန်ကောက်၊ ပြည်တွင်းရေး**

ထိုင်းနိုင်ငံ၌ ပြီးခဲ့သည့်နှစ်တွင်ပြည်သူ ၁၀ ဦးလျှင် ၆ ဦးကငွေကြေးလိမ်လည်ခံရပြီး ၎င်းတို့၏စုစုပေါင်းဆုံးရှုံးမှုမှာ ဘတ် ၁၁၀ ဘီလီယံအထိရှိကြောင်း တစ်ကမ္ဘာလုံးဆိုင်ရာ လိမ်လည်မှုတိုက်ဖျက်ရေးအဖွဲ့က ထုတ်ပြန်ထားသည်။

အဆိုပါပမာဏသည် တစ်နှစ်အတွင်း အလိမ်ခံရသည့် စံချိန်တင်ငွေကြေးပမာဏဖြစ်ကြောင်းနှင့် ယင်းကဲ့သို့အလိမ်ခံရခြင်းက ထိုင်းနိုင်ငံ၏ခရီးသွားလုပ်ငန်းအပေါ် ထိခိုက်စေကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ထို့ပြင် လူကုန်ကူးမှုများနှင့် အွန်လိုင်းလိမ်လည်မှုများကြောင့် နိုင်ငံတကာခရီးသွားများအနေဖြင့် စိုးရိမ်မှုများဖြစ်ပေါ်ရကြောင်း၊ ယင်းကဲ့သို့စိုးရိမ်မှုနှင့်အတူ ဘေးကင်းလုံခြုံစိတ်ချရမှုရှိသည့် ခရီးသွားနေရာဖြစ်သည်ဟူသော ထိုင်းနိုင်ငံ၏ပုံရိပ်ကို ထိခိုက်စေကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်ဟုသိရသည်။

**Ref: ST**

## ပီရူးနိုင်ငံတောင်ပိုင်း၌ ဘတ်စကားတစ်စီး လျှိုထဲထိုးကျ အနည်းဆုံး လူ ၃၇ ဦး သေဆုံး

**လီမာ၊ မတော်တဆမှု**

ပီရူးနိုင်ငံတောင်ပိုင်း၌ ဘတ်စကားတစ်စီးလျှိုထဲထိုးကျသွားရာ အနည်းဆုံးလူ ၃၇ ဦးသေဆုံးကြောင်း ဒေသတွင်းတာဝန်ရှိသူများက နိုဝင်ဘာလ ၁၂ ရက်တွင်ထုတ်ပြန်ထားသည်။ သေဆုံးသူများအနက် ၃၆ ဦးသည် အခင်းဖြစ်နေရာ၌ပင် ပွဲချင်းပြီးသေဆုံးသွားခြင်းဖြစ်ပြီး ကျန်တစ်ဦးမှာမူ ဆေးရုံရောက်မှသေဆုံးခြင်းဖြစ်ကြောင်း အခင်းဖြစ်နေရာရှိကယ်ဆယ်ရေးအဖွဲ့ဝင်များကပြောသည်။

အဆိုပါဘတ်စကားသည် နိုဝင်ဘာလ ၁၂ ရက်နံနက်အစောပိုင်းတွင် ပနာမယ်ရီကာနာဆာအမြန်လမ်းကြီး၌မောင်းနှင်နေစဉ် ဖန်ကားတစ်စီးကိုတိုက်မိပြီးနောက် လမ်းကြောင်းပြောင်းကာ လျှိုထဲသို့ထိုးကျသွားခြင်းဖြစ်ကြောင်း အာကီပါဒေသကျန်းမာရေး တာဝန်ရှိသူတစ်ဦးက ကယ်ဆယ်ရေးသမားများ၏ပြောဆိုချက်ကို ကိုးကား၍ပြောထားသည်။ **Ref: ST**

## ထိုင်းစစ်သည်များက ကမ္ဘောဒီးယားရွာသားများကို ပစ်ခတ်မှုကြောင့် လူငါးဦးဒဏ်ရာရရှိဟုဆို



**ဖနွမ်းပင်၊ စစ်ရေး**

ကမ္ဘောဒီးယားနိုင်ငံနှင့် ထိုင်းနိုင်ငံတို့ကြား လက်ရှိဖြစ်ပွားနေသော နယ်စပ်ပဋိပက္ခတွင် ထိုင်းစစ်သည်များက ကမ္ဘောဒီးယားရွာသားများကို ပစ်ခတ်မှုကြောင့် လူငါးဦးဒဏ်ရာရရှိကြောင်း ကမ္ဘောဒီးယားပြန်ကြားရေးဝန်ကြီးက နိုဝင်ဘာလ ၁၂ ရက်တွင်ပြောသည်။

"ဘန်တီမင်ချေးပြည်နယ် အူချရော့ခရိုင် အူဘေးချွန်းကျေးရွာအုပ်စု ပရေးချွန်းကျေးရွာမှာရှိတဲ့ ရွာသားတွေကို ထိုင်းစစ်သည်တွေကပစ်ခတ်တဲ့အတွက် အရပ်သားငါးဦး ဒဏ်ရာရရှိခဲ့တယ်လို့ ဒေသတွင်းတာဝန်ရှိသူများရဲ့ ကနဦးသတင်းပို့ချက်အရသိရပါတယ်" ဟု ပြန်ကြားရေးဝန်ကြီးက လူမှုကွန်ရက်တွင် ရေးထားခြင်းဖြစ်သည်။

ပြီးခဲ့သည့်နှစ်ရက်က နှစ်နိုင်ငံနယ်စပ်၌ မြေမြှုပ်မိုင်းပေါက်ကွဲမှုကြောင့် ထိုင်းစစ်သည်နှစ်ဦးဒဏ်ရာရရှိသည့်အတွက် ကမ္ဘောဒီးယားနိုင်ငံနှင့်ရရှိထားသော ပူးတွဲငြိမ်းချမ်းရေးကြေညာချက်ကို ရပ်ဆိုင်းကြောင်း ထိုင်းဝန်ကြီးချုပ်ကပြောပြီးနောက် ယခုကဲ့သို့ပစ်ခတ်မှုများ ပြန်လည်ဖြစ်ပွားခြင်းဖြစ်သည်။

သို့သော် ကမ္ဘောဒီးယားစစ်သည်များက ထိုင်းနယ်မြေအတွင်းသို့ပစ်ခတ်လာခြင်းကြောင့် တုံ့ပြန်ပစ်ခတ်ခြင်းသာဖြစ်ကြောင်း ထိုင်းတပ်မတော်မှပြောရေးဆိုခွင့်ရှိသူကပြောထားသည်ဟုသိရသည်။

**Ref: Xinhua**

## ၂၀၅၀ ပြည့်နှစ်တွင် ကမ္ဘာတစ်ဝန်း၌ လေအေးပေးစက်လိုအပ်ချက် ၃ ဆမြင့်တက်မည်

**ဂျီနီဗာ၊ ရာသီဥတု**

၂၀၅၀ ပြည့်နှစ်အရောက်တွင် ကမ္ဘာတစ်ဝန်း၌ လေအေးပေးစက်လိုအပ်ချက်သည် လက်ရှိပမာဏထက် ၃ ဆမြင့်တက်လာမည်ဖြစ်ကြောင်း ကုလသမဂ္ဂကသတိပေးချက်ထုတ်ပြန်ထားသည်။

ကမ္ဘာတစ်ဝန်း၌ လူဦးရေမြင့်တက်လာမှု၊ ချမ်းသာကြွယ်ဝသူများပြားလာမှုနှင့် ရာသီဥတုပူပြင်းလာမှုတို့ကြောင့် လေအေးပေးစက်လိုအပ်ချက် မြင့်မားလာမည်ဖြစ်ကြောင်း ကုလသမဂ္ဂ၏သဘာဝပတ်ဝန်းကျင်အစီအစဉ်က ထုတ်ပြန်ထားခြင်းဖြစ်သည်။

လက်ရှိအသုံးပြုနေသော လေအေးပေးစက်များသည် သဘာဝပတ်ဝန်းကျင်အပေါ် ဆိုးကျိုးသက်ရောက်စေသောကြောင့် ထိုကဲ့သို့လေအေးပေးစက်လိုအပ်ချက် မြင့်မားလာပါက ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုသည်လည်း ပိုမိုမြင့်တက်လာမည်ဖြစ်ကြောင်း ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။

ထို့ကြောင့် ပိုမိုအကျိုးရှိသည့်အပြင် ရေရှည်အသုံးပြုနိုင်သော လေအေးပေးစနစ်များကို တီထွင်ကြံဆဖန်တီးရန်နှင့် သွယ်ဝိုက်သောနည်းလမ်းဖြင့် အပူချိန်မြင့်တက်မှုကိုလျှော့ချရန်လိုအပ်ကြောင်း၊ ယင်းသို့ဆောင်ရွက်နိုင်ပါက တစ်ကမ္ဘာလုံးဆိုင်ရာ ရာသီဥတုရည်မှန်းချက်ကိုပါ အကောင်အထည်ဖော်နိုင်မည်ဖြစ်ကြောင်းထုတ်ပြန်ချက်တွင်တိုက်တွန်းထားသည်။ **Ref: BP**



# ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်နှင့် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်တို့၌ ပထမနှစ်သင်တန်းတက်ရောက်မည့် ကျောင်းသား၊ ကျောင်းသူများ ပြည်နယ်ဝန်ကြီးချုပ်ထံမှ သြဝါဒခံယူ

စစ်တွေ နိုဝင်ဘာ ၁၂

၂၀၂၅-၂၀၂၆ ပညာသင်နှစ် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်နှင့် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များစွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်တို့၌ ပထမနှစ်သင်တန်းတက်ရောက်မည့် ကျောင်းသား၊ ကျောင်းသူများက ပြည်နယ်ဝန်ကြီးချုပ်ထံမှ သြဝါဒခံယူခြင်းကို ယနေ့မွန်းလွဲပိုင်းတွင် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ ကျောင်းသား၊ ကျောင်းသူများတက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ ဆောင်ရွက်ရာတွင် တည်ငြိမ်အေးချမ်းရေးသည် များစွာအရေးကြီးကြောင်း၊ တည်ငြိမ်အေးချမ်းမှုရှိမှသာ ဖွံ့ဖြိုးရေးလုပ်ငန်းများကိုဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ မိမိဘဝတိုးတက်အောင်ဆောင်ရွက်ရာတွင် မိမိတို့ကိုယ်တိုင်ကြိုးစားမှ အောင်မြင်မှုများရရှိမည်ဖြစ်ကြောင်း၊ ပညာရေးသည်ဒေသဖွံ့ဖြိုးရေး၊ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအရေးပါသည့်အတွက် ကြိုးစားသင်ယူကြစေလိုကြောင်း၊ မိမိတို့ပြည်နယ်ဂုဏ်တက်စေရန် ထူးချွန်ထက်မြက်သောသူများဖြစ်အောင် ပညာကိုကြိုးစားသင်ယူကြစေလိုကြောင်း၊ သို့မှသာ နောင်တစ်ချိန်တွင် ပြည်နယ်အတွက်၊ နိုင်ငံအတွက် အားကိုးအားထားပြုရသော ထူးချွန်ထက်မြက်သည့် လူတော်လူကောင်းများဖြစ်လာမည်ဖြစ်ကြောင်းနှင့် သင်တန်းများတွင် သင်ကြားပို့ချမှုများကို စိတ်ဝင်တစားဖြင့်သင်ယူကြပြီး မိမိတို့၏ဘဝတိုးတက်ရေးအတွက် ကြိုးစားဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။



ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က ကျောင်းသား၊ ကျောင်းသူများအတွက် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ကြောင်း သိရသည်။

တင်ထွန်း(ပြန်/ဆက်)

# စစ်ကိုင်းမြို့ မြို့မဈေးအတွင်း မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးစစ်ဆေးခြင်းနှင့် မီးငြှိမ်းသတ်နည်းလက်တွေ့သရုပ်ပြသ



**စစ်ကိုင်း နိုဝင်ဘာ ၁၂**

စစ်ကိုင်းမြို့နယ် မီးသတ်ဦးစီးဌာနမှ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ်လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးအဖွဲ့များနှင့်ပူးပေါင်း၍ ယနေ့နံနက်ပိုင်းတွင် မြို့မဈေးကြီးအတွင်း မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် ဈေးဆိုင်ခန်းများအားလိုက်လံစစ်ဆေးခြင်းနှင့် မီးငြှိမ်းသတ်နည်း လက်တွေ့သရုပ်ပြသခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် စစ်ကိုင်းမြို့နယ် မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးဇော်မြင့်ဟန် ဦးဆောင်ကြီးကြပ်မှုဖြင့် သန္တေမီးသတ်တပ်ဖွဲ့ဝင်များက မြို့မဈေးကြီးအတွင်းရှိဈေးဆိုင်ခန်းများတွင် သတ်မှတ်ထားသည့် မီးငြှိမ်းသတ်ရေးပစ္စည်းများ ထားရှိခြင်းနှင့် ကောင်းမွန်ခြင်းရှိ/မရှိ၊ ရေကန်များရေဖြည့်တင်းထားခြင်းရှိ/မရှိ၊ ဆက်သွယ်ရေးစနစ် ကောင်းမွန်စေရေး၊ အဝင်လမ်း၊ အထွက်လမ်းများ ကောင်းမွန်စေရေး၊ လောင်စာသိုလှောင်ထားရှိမှုတို့ကို စစ်ဆေးပြီး မီးသတ်ဆေးဘူးဖြင့်မီးငြှိမ်းသတ်နည်းများကိုလက်တွေ့ပြသကြကြောင်း သိရသည်။ **နေလင်းအောင်(ပြန်ဆက်)**

# တာမွေမြို့နယ်၌ ဒုတိယအကြိမ် မဲဆန္ဒရှင်စာရင်းများပြည့်စုံမှန်ကန်မှု ရှိစေရေး မြေပြင်ကွင်းဆင်းစစ်ဆေး

ရန်ကုန် နိုဝင်ဘာ ၁၂

ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းခရိုင် တာမွေမြို့နယ်၌ ဒုတိယအကြိမ် မဲဆန္ဒရှင်စာရင်းများ ပြည့်စုံမှန်ကန်မှုရှိစေရေး မြေပြင်ကွင်းဆင်းစစ်ဆေးခြင်းကို ယနေ့နံနက်ပိုင်းတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲနှင့် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များပူးပေါင်း၍ တာမွေမြို့နယ် မေတ္တာညွန့်ရပ်ကွက် အဝေရာလမ်းရှိ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ယာယီရုံးခန်းမ၌ ပူးပေါင်းဆောင်ရွက်ကြသည်။



ထိုကဲ့သို့ဆောင်ရွက်ရာတွင် တာမွေမြို့နယ်အတွင်း ဒုတိယအကြိမ် ကပ်ထားကြေညာမည့် မဲဆန္ဒရှင်စာရင်းများ ပြည့်စုံမှန်ကန်မှုရှိစေရေးအတွက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ဝန်ထမ်းများ၊ သက်ဆိုင်ရာရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များပူးပေါင်း၍ ဒုတိယအကြိမ် ကပ်ထားကြေညာမည့်မဲစာရင်းတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ၏ အမည်ပါ/မပါ တိုက်ဆိုင်စိစစ်ခြင်း၊ ပြင်ဆင်ဖြည့်စွက်ခြင်း၊ အတည်ပြုခြင်း၊ မဲစာရင်းတွင်ပါဝင်ပြီး နိုင်ငံသားစိစစ်ရေးကတ်ပြားမရှိသူများအား နေ့ချင်းအပြီး ဆောင်ရွက်ပေးခြင်းတို့ကို မြေပြင်ကွင်းဆင်းဆောင်ရွက်ခဲ့ကြသည်။

တာမွေမြို့နယ်အတွင်း ဒုတိယအကြိမ် ကပ်ထားကြေညာမည့် မဲဆန္ဒရှင်စာရင်းများ ပြည့်စုံမှန်ကန်မှုရှိစေရေးအတွက် မြေပြင်ကွင်းဆင်းစစ်ဆေးခြင်းများ ဆောင်ရွက်နေမှုအခြေအနေများအား သဃ်န်းကျွန်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးဇော်မိုးထိုက်က လိုက်လံကြည့်ရှုစစ်ဆေးပြီး မဲဆန္ဒရှင်ပြည်သူများ စိတ်ပါဝင်စားစွာ ဆန္ဒမဲပေးနိုင်ရေး လှည့်လည်နှိုးဆော်ခြင်းဆိုင်ရာကိစ္စရပ်များ၊ မဲဆန္ဒရှင်ပြည်သူများအနေဖြင့် မဲစာရင်းလာရောက်ကြည့်ရှုရာ၌ အဆင်ပြေချောမွေ့စွာ ကြည့်ရှုနိုင်စေရေးအတွက် လိုအပ်သည်များကိုဖြည့်ဆည်းကူညီဆောင်ရွက်ပေးရန် မှာကြားသည်။

ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းခရိုင် တာမွေမြို့နယ်ရှိ ရပ်ကွက် ၂၀ တွင် မဲရုံပေါင်း ၅၄ ရုံရှိပြီး ဒုတိယအကြိမ် မဲဆန္ဒရှင်ပြည်သူများ၏ အမည်စာရင်းများကို ၂၀၂၅ ခုနှစ် နိုဝင်ဘာလ ၁၅ ရက်မှ ၂၈ ရက်အထိ ၁၄ ရက်ကြာ ကပ်ထားကြေညာသွားမည်ဖြစ်ရာ မြို့နယ်အတွင်း အသက် ၁၈ နှစ်နှင့်အထက် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ မဲဆန္ဒရှင်ပြည်သူဦးရေ ၉၀၇၁၀ ဦးအထိရှိကြောင်း မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ သတင်းရရှိသည်။

နိုင်လင်းအောင်(ပြန်/ဆက်)

# ငဖဲမြို့နယ် အိုးမြေတွင်းကျေးရွာအခြေခံပညာမူလတန်းကျောင်း၌ စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြောပွဲ၊ နံရံကပ်စာစောင်နှင့် ကလေးစာဖတ်ဝိုင်းကွင်းဆင်းဆောင်ရွက်

ငဖဲ နိုဝင်ဘာ ၁၂

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ငဖဲမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်လူမှုဝန်ထမ်းဦးစီးဌာနတို့ပူးပေါင်း၍ စာဖတ်ရှိန်မြှင့်တင်ရေးအသိပညာပေးဟောပြောပွဲ၊ နံရံကပ်စာစောင်ပြပွဲနှင့် ကလေးစာဖတ်ဝိုင်းကို ယနေ့နံနက် ၁၀ နာရီတွင် အိုးမြေတွင်းကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ ငဖဲမြို့နယ် အိုးမြေတွင်းကျေးရွာအခြေခံပညာမူလတန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်ဝင်းဝင်းသိန်းက အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးသက်နောင်ထွန်းက (၁၀၅) နှစ်မြောက်အမျိုးသားအောင်ပွဲနေ့ဖြစ်ပေါ်လာပုံ၊ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးအကြောင်းအရာများ၊ အသိပညာဗဟုသုတတိုးပွားစေရေး စာအုပ်စာစောင်များကို လေ့လာဖတ်ရှုကြရန်၊ မပုကြွယ်နှင့်ခရုငယ်ပုံပြင်ကို ကျောင်းသား၊ ကျောင်းသူများအား အသိပညာပေးပြောကြားသည်။

ဆက်လက်၍ မြို့နယ်လူမှုဝန်ထမ်းဦးစီးဌာနမှ လူမှုဝန်ထမ်း-၃ ဒေါ်နှင်းနွယ်အောင်က ကလေးသူငယ်အခွင့်အရေးဆိုင်ရာ သိကောင်းစရာများကို အသိပညာပေးပြောကြားသည်။

ထို့နောက် ကလေးကြိုက်ရုပ်ပြများ၊ ပုံပြင်စာအုပ်များ၊ တိုင်းရင်းသားရိုးရာပုံပြင်များ၊ တေဇရုပ်ပြစာအုပ်များဖြင့် ကလေးစာဖတ်ဝိုင်းဆောင်ရွက်ကာပြသထားရှိသောလူကုန်ကူးမှုအန္တရာယ်တားဆီးကာကွယ်ရေး၊ ကလေးအလုပ်သမားပပျောက်ရေးနှင့် သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးဆိုင်ရာ အသိပညာပေးနံရံကပ်စာစောင်များကို ပြသဆောင်ရွက်ခဲ့ရာ ဆရာ၊ဆရာမများနှင့်ကျောင်းသား၊ကျောင်းသူများက စိတ်ပါဝင်စားစွာလေ့လာကြည့်ရှုခဲ့ကြကြောင်း သိရသည်။ **မယု(ငဖဲ)**

# မအူပင်မြို့နယ်၌ ဒေသထွက်ငါးသလောက်များ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေ



မအူပင် နိုဝင်ဘာ ၁၂

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် မအူပင်မြို့နယ်၌ ဒေသထွက်ငါးသလောက်များ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း မအူပင်မြို့နယ်မှ ရေထွက်ကုန်ပစ္စည်းများရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူ ဒေါ်သီတာ၏ပြောပြချက်အရ သိရသည်။

မအူပင်မြို့နယ်၌ ယခုနှစ် နိုဝင်ဘာလပထမပတ်မှစ၍ ငါးသလောက်များ ဝယ်လိုအားကောင်းလာကာ အရောင်းအဝယ်ကောင်းမွန်နေကြောင်း၊ အဆိုပါငါးသလောက်များ တစ်ရက်လျှင် ပိဿာ ၅၀၀၀ ခန့်အထိ အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

"လက်ရှိ အရောင်းအဝယ်ဖြစ်နေတဲ့ငါးသလောက်တွေက ဒေသထွက်ငါးတွေပါ။ ငါးသလောက်တွေ အရောင်းအဝယ်ကောင်းနေပါတယ်။ ဒေသဈေးကွက်အပြင် ရန်ကုန်ဈေးကွက်ကပါ ဝယ်လိုအားကောင်းလာလို့ အရောင်းအဝယ်ကောင်းနေတာပါ။ ဒီဘက်ကနေတင်ပို့တဲ့ ငါးသလောက်တွေကို ဒေသတွင်းဈေးကွက်အပြင် တခြားဒေသတွေကို ပြန်လည်တင်ပို့ရောင်းချနေပါတယ်"ဟု ဒေါ်သီတာကပြောသည်။

မအူပင်မြို့နယ်၌ ဒေသထွက်ငါးသလောက်များ အရွယ်အစားပေါ်မူတည်၍ ဈေးနှုန်းအသီးသီးရှိကြောင်း သိရသည်။

သုတကျော်

# တွံတေးမြို့နယ်တွင် အဆိုးဝါးဆုံးပုံစံဖြင့် ခိုင်းစေခြင်းခံရသည့် ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးဟောပြော



ရန်ကုန် နိုဝင်ဘာ ၁၂

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ်တွင် အဆိုးဝါးဆုံးပုံစံဖြင့် ခိုင်းစေခြင်းခံရသည့် ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးဟောပြောပွဲကို နိုဝင်ဘာလ ၁၁ ရက်က အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန တော်ဝင်စန္ဒကူးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးခင်မောင်မြင့်က အဖွင့်အမှာစကားပြောကြားပြီး တွံတေးခရိုင် အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ဇာဇာယမင်းဦးက မိတ်ဆက်စကားပြောကြားသည်။ ထို့နောက် ရန်ကုန်တောင်ပိုင်းခရိုင် လူမှုဝန်ထမ်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်စိမ်းလဲ့ရည်က ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးဟောပြောပွဲကျင်းပရခြင်း၏ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တွံတေးမြို့မရဲစခန်းမှ ဒုတိယရဲမှူးအောင်မျိုးနိုင်၊ တွံတေးမြို့နယ်ဥပဒေရုံးမှ ဒုတိယဥပဒေအရာရှိ ဦးတင်လက်ဝေတို့က ကလေးသူငယ်ဆိုင်ရာဥပဒေများ၊ ကလေးအလုပ်သမားဆိုင်ရာအသက်အရွယ်ကန့်သတ်ချက်များ၊ အဆိုးဝါးဆုံးပုံစံဖြင့်အလုပ်ခိုင်းစေခြင်း၊ ကလေးအလုပ်သမားဖြစ်ပေါ်စေသည့်အကြောင်းအရာများ၊ ကလေးအလုပ်သမားအဖြစ်ခိုင်းစေမှုများ လျော့နည်းပပျောက်စေရန် အကောင်အထည်ဖော်ဆောင်ရွက်နေမှုများ၊ ဥပဒေအရ တရားဝင်အလုပ်လုပ်ကိုင်ခွင့်ရှိသည့် ကလေးအလုပ်သမားများအား ဥပဒေနှင့်အညီ ထိရောက်စွာအကာအကွယ်ပေးရန်အချက်များကို ဟောပြောကြသည်။

ဆက်လက်၍ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဒုတိယဦးစီးမှူး ဒေါ်ငယ်ငယ်ထွေးက ဈေးဆိုင်ခန်းများဆိုင်ရာစည်းကမ်းသတ်မှတ်ချက်များ၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ဖြူဖြူဝင်းက ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသော လုပ်ငန်းရှင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် လူမှုရေးအသင်းအဖွဲ့များက သိရှိလိုသည်များကိုမေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားပေးကြကြောင်း သိရသည်။

မျိုးလှိုင်(တွံတေး)

# ကြို့ပင်ကောက်မြို့နယ် သပြေရုံကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်းခွင့်ပြုငွေ ဆဋ္ဌမအကြိမ်ပြန်လည်ထုတ်ချေး

ကြို့ပင်ကောက် နိုဝင်ဘာ ၁၂

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ကြို့ပင်ကောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သပြေရုံကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းခွင့်ပြုငွေ ဆဋ္ဌမအကြိမ်ပြန်လည်ထုတ်ချေးခြင်းကို နိုဝင်ဘာလ ၁၂ ရက်တွင် ဆောင်ရွက်သည်။

ထိုသို့ထုတ်ချေးပေးရာတွင် ကြို့ပင်ကောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်သီသီအောင်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းဖြင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ၊ တခြားမိသားစုဝင်ငွေတိုးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားပြီး ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ခွင့်ပြုငွေ ငွေကျပ် ၃၆၃ သိန်းကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၀၆ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ငါးဦး၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ တစ်ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၁၂ ဦးအတွက် စီမံကိန်းခွင့်ပြုငွေ ငွေကျပ် ၃၆၃ သိန်းကို တစ်ဦးချင်းလက်ဝယ်အရောက် ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

သန်းလွင်(မကွေး)

# ခရမ်းမြို့နယ် အခြေခံပညာအထက်တန်းကျောင်းခွဲ(တမံကြီး) ၌ စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှုအခမ်းအနားကျင်းပ



ရန်ကုန် နိုဝင်ဘာ ၁၂

ရန်ကုန်တိုင်းဒေသကြီး သန်လျင်ခရိုင် ခရမ်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်းကျင်းပသည့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှုအခမ်းအနားကို နိုဝင်ဘာလ ၁၁ ရက်က ခရမ်းမြို့နယ် အခြေခံပညာ အထက်တန်းကျောင်းခွဲ (တမံကြီး)၌ ကျင်းပသည်။

အခမ်းအနားတွင် အခြေခံပညာအထက်တန်းကျောင်းခွဲ (တမံကြီး) မှ လက်ထောက်ကျောင်းအုပ်ဆရာမကြီး ဒေါ်သက်သက်ခိုင်က အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်နှင်းဝေက စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှုအခမ်းအနား ကျင်းပရခြင်း၏ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး လူငယ်နှင့်စာဖတ်ခြင်း၏ အကျိုးကျေးဇူးခေါင်းစဉ်ဖြင့် အသိပညာပေးဟောပြောသည်။

ဆက်လက်၍ မြို့နယ်အားကစားနှင့်ကာယပညာဦးစီးဌာန ဦးစီးမှူး ဦးဇော်စွမ်းခိုင်က လူငယ်နှင့်အားကစားခေါင်းစဉ်ဖြင့်ဟောပြောပြီး မြို့နယ်စားသုံးသူရေးရာဦးစီးဌာနမှ တာဝန်ခံ ဒေါ်ကျော့ကေခိုင်က လူငယ်နှင့်စားသုံးသူဆိုင်ရာအခွင့်အရေးနှင့် တာဝန်များအကြောင်းကို ဟောပြောသည်။

ထို့နောက် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှုအဖြစ် ကဗျာရွတ်ဆိုပြိုင်ပွဲ၊ ပုံပြောပြိုင်ပွဲ၊ ဉာဏ်စမ်းရည်ပြိုင်ပွဲနှင့် ဂိမ်းပြိုင်ပွဲများကို ဆက်လက်ကျင်းပရာ ကျောင်းသား၊ ကျောင်းသူများက ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲတွင် ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများ အသီးသီးချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

ချမ်းမြေ့

# (၈၁)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲစာမူများ ဖိတ်ခေါ်ခြင်း

၁။ ၂၀၂၆ ခုနှစ်၊ (၈၁)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲဝင်ရန် စာမူများဖိတ်ခေါ်အပ်ပါသည်။ ဆုရရှိသော ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်းများအား မြဝတီရုပ်မြင်သံကြားတွင် ထုတ်လွှင့်ပြသသွားမည်ဖြစ်ပြီး ကဗျာနှင့်ဝတ္ထုများအား စာအုပ်အဖြစ် စီစဉ်ထုတ်ဝေသွားမည်ဖြစ်ပါသည်။

၂။ **ပြိုင်ပွဲဝင်စာမူများတွင် ပါဝင်ရမည့်အချက်များ**

( က ) မြန်မာနိုင်ငံဟူ၍ ဖြစ်တည်ပေါ်ပေါက်လာသည့်အချိန်မှစပြီး တပ်မတော်သည် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ခဲ့သည့်အဖွဲ့အစည်းတစ်ရပ်အဖြစ် ခိုင်ခိုင်မာမာရပ်တည်ခဲ့ကြောင်း၊ ခေတ်အဆက်ဆက် သမိုင်းအဆက်ဆက်တွင် အမျိုးသားရေးကို မည်သည့်အခါမျှ သစ္စာမဖောက်ခဲ့သည့်အပြင် စွန့်လွှတ်စွန့်စားခြင်း၊ အနစ်နာခံခြင်းများစွာဖြင့် ပြည်တွင်းပြည်ပရန်ဟူသမျှကို ချေမှုန်းသုတ်သင်နိုင်ခဲ့သည့် အစဉ်အလာကောင်းများရှိကြောင်း၊ နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်တော်လှန်ရေးကာလများတွင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အတူ လက်တွဲတိုက်ပွဲဝင်ကာ မြန်မာ့လွတ်လပ်ရေးအတွက် အသက်သွေးချွေးများစွာ ပေးဆပ်ခဲ့သည့်အကြောင်းများကို ထည့်သွင်း ရေးသား၊ စပ်ဆိုဖွဲ့နွဲ့သီကုံးနိုင်သည်။

( ခ ) ထို့ပြင် တိုင်းပြည်တွင် အရေးကြုံအခက်အခဲပေါ်ပေါက်လာတိုင်း တည်ငြိမ်ဖြောင့်မတ်စွာသုံးသပ်လျက် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားကာ လုပ်ဆောင်သင့်လုပ်ဆောင်ထိုက်သည်များကို ပြတ်ပြတ်သားသား လုပ်ဆောင်ခဲ့ကြောင်း၊ ပြည်ထောင်စုတိုင်းရင်းသားပေါင်းစုံဖြင့်ဖွဲ့စည်းထားသော ပြည်ထောင်စုတပ်မတော်ကြီးဖြစ်သည့်အားလျော်စွာ ပြည်ထောင်စုကြီးထာဝရငြိမ်းချမ်းရေးရရှိရေး၊ တစ်တိုင်းပြည်လုံး ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် တပ်မတော်ခေါင်းဆောင်အဆက်ဆက်တို့ကြိုးပမ်းဆောင်ရွက်ခဲ့၊ ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်သူလူထုအကျိုးစီးပွားအတွက် အားချိန်နားချိန်မရှိဘဲ အချိန်ပြည့်တိုင်းပြည်တာဝန်ကို ကျေပွန်စွာထမ်းဆောင်လျက်ရှိကြောင်းများကိုလည်း ထည့်သွင်းရေးသားဖော်ကျူးနိုင်သည်။

( ဂ ) အထက်ပါအချက်များထဲက အချက်တစ်ခုခုကိုဖြစ်စေ အများအပြားကိုဖြစ်စေထည့်သွင်းဖွဲ့ဆိုရေးသားနိုင်ပါသည်။

၃။ **စစ်ချီသီချင်း၊ စစ်သည်တေးသီချင်းကဏ္ဍသတ်မှတ်ချက်များ**

( က ) တပ်မတော်နှင့်သက်ဆိုင်ပြီး စိတ်ဓာတ်တက်ကြွဖွယ်စာသားများပါဝင်ရမည်။

( ခ ) တပ်မတော်၏ဂုဏ်ရည်၊ တပ်မတော်သားတို့၏ဘဝကို ထင်ဟပ်ဖော်ပြနိုင်စွမ်းရှိရမည်။

( ဂ ) တေးသီချင်းတစ်ပုဒ် ကြာမြင့်ချိန် ၃ မိနစ်ထက်မနည်း ၅ မိနစ်ထက်မများ ဖြစ်ရမည်။

( ဃ ) အသံသွင်းပြီးသီချင်းခွေနှင့်အတူ သီချင်းစာသား Note မိတ္တူ ၃ စုံပေးပို့ရမည်။

( င ) ပြိုင်ပွဲဝင်များအနေဖြင့် သံစုံတီးဝိုင်းဖြင့် တီးခတ်အသံသွင်းရန်အခက်အခဲရှိပါက နီးစပ်ရာတိုင်းစစ်ဌာနချုပ်များရှိ စစ်တီးဝိုင်းများတွင် သွားရောက်တီးခတ်၍ အသံသွင်းနိုင်သည်။

၄။ **ကဗျာ(အလွတ်တန်း/ဝါသနာရှင်)စာမူကဏ္ဍ သတ်မှတ်ချက်များ**

( က ) မြန်မာဂန္ထဝင်ကဗျာရေးထုံးနှင့် ကိုက်ညီသည့်ကဗျာဖြစ်ရမည်။

( ခ ) ကဗျာ(အလွတ်တန်း)တွင် ပါဒ ၃၀၀ မှ ၄၀၀ အတွင်း၊ ကဗျာ(ဝါသနာရှင်)တွင် ပါဒ ၂၅၀ မှ ၃၀၀ အတွင်း ပါဝင်ရမည်။ (လေးလုံးစပ်ကဗျာတွင် စာလုံးလေးလုံးသည် တစ်ပါဒဖြစ်ပြီး အချိုးကဗျာတွင် စာကြောင်းတစ်ကြောင်းသည် တစ်ပါဒဖြစ်သည်။)

( ဂ ) ကဗျာတွင် မိမိယှဉ်ပြိုင်လိုသည့်အဆင့်ကို(အလွတ်တန်းအဆင့်)၊ (ဝါသနာရှင်အဆင့်)ဟူ၍ သိသာစွာရေးသားဖော်ပြရမည်။

( ဃ ) ယှဉ်ပြိုင်သူတစ်ဦးတည်းက ကဗျာ(အလွတ်တန်းအဆင့်)နှင့်ကဗျာ(ဝါသနာရှင်အဆင့်) နှစ်မျိုးစလုံးတွင် တစ်ပြိုင်နက်ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုရ။

( င ) အမျိုးသားစာပေဆု(ကဗျာ)၊ စာပေဗိမာန်စာမူဆု(ကဗျာ)၊ ပခုက္ကူဦးအုံးဖေစာပေဆု(ကဗျာ)ရရှိပြီးသူများ၊ ယခင်တပ်မတော်နေ့အထိမ်းအမှတ် စာမူပြိုင်ပွဲများတွင် ကဗျာ(ပထမ၊ ဒုတိယ၊ တတိယ)ဆုရရှိဖူးသူများအနေဖြင့် ကဗျာ(အလွတ်တန်းအဆင့်)တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်။

၅။ **ဝတ္ထုတို/ဝတ္ထုရှည် (အလွတ်တန်း/ဝါသနာရှင်) စာမူကဏ္ဍ သတ်မှတ်ချက်များ**

( က ) ဝတ္ထုတို၊ ဝတ္ထုရှည်အင်္ဂါရပ်များနှင့်ညီညွတ်ရမည်။

( ခ ) ရသမြောက်စွာရေးဖွဲ့ရမည်ဖြစ်ပြီး စကားပြေရေးဟန်နှင့်စကားပြောရေးဟန် ရောနှောရေးသားခြင်းမပြုရ။

( ဂ ) ဝတ္ထုတိုတွင် စာလုံးရေ ၆၀၀၀ မှ ၈၀၀၀ အကြား သတ်မှတ်သည်။ ဝတ္ထုရှည်တွင် စာလုံးရေ ၅၀၀၀၀ အောက်မနည်းစေရ၊ ၆၀၀၀၀ ထက်မများစေရ။

( ဃ ) ဝတ္ထုတို/ဝတ္ထုရှည်တွင် မိမိယှဉ်ပြိုင်လိုသည့်အဆင့်ကို (အလွတ်တန်းအဆင့်)၊ (ဝါသနာရှင်အဆင့်)ဟူ၍ သိသာစွာရေးသားဖော်ပြရမည်။

( င ) ယှဉ်ပြိုင်သူတစ်ဦးတည်းက ဝတ္ထုတို/ဝတ္ထုရှည်(အလွတ်တန်းအဆင့်)နှင့် (ဝါသနာရှင်အဆင့်)နှစ်မျိုးစလုံးတွင် တစ်ပြိုင်နက်ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုရ။

( စ ) အမျိုးသားစာပေဆု(ဝတ္ထုတို/ဝတ္ထုရှည်)၊ စာပေဗိမာန်စာမူဆု(ဝတ္ထုတို/ဝတ္ထုရှည်)၊ ပခုက္ကူဦးအုံးဖေစာပေဆု(ဝတ္ထုတို/ဝတ္ထုရှည်)ရရှိပြီးသူများ၊ ယခင်တပ်မတော်နေ့အထိမ်းအမှတ် စာမူပြိုင်ပွဲများတွင် ဝတ္ထုတို/ဝတ္ထုရှည် (ပထမ၊ ဒုတိယ၊ တတိယ) ဆုရရှိဖူးသူများအနေဖြင့် ဝတ္ထုတို/ဝတ္ထုရှည် (အလွတ်တန်းအဆင့်)တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်။

၆။ စာမူများကို A4 ဆိုဒ်တစ်မျိုးတည်းတွင် စာမျက်နှာတစ်ဖက်တည်း၌သာ ရှင်းလင်းပီသသော လက်ရေးဖြင့်ဖြစ်စေ၊ ကွန်ပျူတာစာလုံး (Pyidaungsu Font စာလုံးအရွယ်အစား ၁၃)ဖြင့်ဖြစ်စေ ရေးသားရိုက်နှိပ်ပြီး ခိုင်ခံ့သေသပ်စွာချုပ်လုပ်၍ ၃ စုံစီပေးပို့ရမည်။

၇။ စာမူများတွင် ကိုယ်တိုင်ရေးသားကြောင်း၊ မည်သည့်စာနယ်ဇင်းတွင်မှ ပုံနှိပ်ဖော်ပြဖူးခြင်းမရှိကြောင်းနှင့် မည်သည့်ပြိုင်ပွဲတွင်မှ ဆုရရှိဖူးခြင်းမရှိကြောင်းဝန်ခံချက်ပါရှိရမည်။

၈။ စာမူရှင်များ၏နေရပ်လိပ်စာအပြည့်အစုံနှင့် ဆက်သွယ်ရန်ဖုန်းနံပါတ်တို့ကို ထည့်သွင်းဖော်ပြရမည်။

၉။ ဆုချီးမြှင့်ခြင်းခံရပါက ကိုယ်တိုင်တက်ရောက်ဆုယူနိုင်သူဖြစ်ကြောင်း ကတိပြုချက်ပါရှိရမည်။

၁၀။ စာမူများကို ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်နောက်ဆုံးထား၍ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးသို့ ပေးပို့ရမည်။

၁၁။ **စစ်ချီသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| ( က ) | ပထမဆု | ၁,၀၀၀,၀၀၀ ကျပ် |
| ( ခ ) | ဒုတိယဆု | ၈၀၀,၀၀၀ ကျပ် |
| ( ဂ ) | တတိယဆု | ၇၀၀,၀၀၀ ကျပ် |
| ( ဃ ) | စတုတ္ထဆု | ၆၀၀,၀၀၀ ကျပ် |
| ( င ) | ပဥ္စမဆု | ၅၀၀,၀၀၀ ကျပ် |

၁၂။ **စစ်သည်တေးသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| ( က ) | ပထမဆု | ၁,၀၀၀,၀၀၀ ကျပ် |
| ( ခ ) | ဒုတိယဆု | ၈၀၀,၀၀၀ ကျပ် |
| ( ဂ ) | တတိယဆု | ၇၀၀,၀၀၀ ကျပ် |
| ( ဃ ) | စတုတ္ထဆု | ၆၀၀,၀၀၀ ကျပ် |
| ( င ) | ပဥ္စမဆု | ၅၀၀,၀၀၀ ကျပ် |

၁၃။ **ကဗျာ(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| ( က ) | ပထမဆု | ၅၀၀,၀၀၀ ကျပ် |
| ( ခ ) | ဒုတိယဆု | ၄၀၀,၀၀၀ ကျပ် |
| ( ဂ ) | တတိယဆု | ၃၀၀,၀၀၀ ကျပ် |
| ( ဃ ) | စတုတ္ထဆု | ၂၀၀,၀၀၀ ကျပ် |
| ( င ) | ပဥ္စမဆု | ၁၅၀,၀၀၀ ကျပ် |

၁၄။ **ကဗျာ(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| ( က ) | ပထမဆု | ၇၀၀,၀၀၀ ကျပ် |
| ( ခ ) | ဒုတိယဆု | ၅၀၀,၀၀၀ ကျပ် |
| ( ဂ ) | တတိယဆု | ၄၀၀,၀၀၀ ကျပ် |
| ( ဃ ) | စတုတ္ထဆု | ၃၀၀,၀၀၀ ကျပ် |
| ( င ) | ပဥ္စမဆု | ၂၀၀,၀၀၀ ကျပ် |

၁၅။ **ဝတ္ထုတို(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| ( က ) | ပထမဆု | ၅၀၀,၀၀၀ ကျပ် |
| ( ခ ) | ဒုတိယဆု | ၄၀၀,၀၀၀ ကျပ် |
| ( ဂ ) | တတိယဆု | ၃၀၀,၀၀၀ ကျပ် |
| ( ဃ ) | စတုတ္ထဆု | ၂၀၀,၀၀၀ ကျပ် |
| ( င ) | ပဥ္စမဆု | ၁၅၀,၀၀၀ ကျပ် |

၁၆။ **ဝတ္ထုတို(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| ( က ) | ပထမဆု | ၇၀၀,၀၀၀ ကျပ် |
| ( ခ ) | ဒုတိယဆု | ၅၀၀,၀၀၀ ကျပ် |
| ( ဂ ) | တတိယဆု | ၄၀၀,၀၀၀ ကျပ် |
| ( ဃ ) | စတုတ္ထဆု | ၃၀၀,၀၀၀ ကျပ် |
| ( င ) | ပဥ္စမဆု | ၂၀၀,၀၀၀ ကျပ် |

၁၇။ **ဝတ္ထုရှည်(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| ( က ) | ပထမဆု | ၇၀၀,၀၀၀ ကျပ် |
| ( ခ ) | ဒုတိယဆု | ၆၀၀,၀၀၀ ကျပ် |
| ( ဂ ) | တတိယဆု | ၅၀၀,၀၀၀ ကျပ် |
| ( ဃ ) | စတုတ္ထဆု | ၄၀၀,၀၀၀ ကျပ် |
| ( င ) | ပဥ္စမဆု | ၃၀၀,၀၀၀ ကျပ် |

၁၈။ **ဝတ္ထုရှည်(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| ( က ) | ပထမဆု | ၁,၀၀၀,၀၀၀ ကျပ် |
| ( ခ ) | ဒုတိယဆု | ၇၀၀,၀၀၀ ကျပ် |
| ( ဂ ) | တတိယဆု | ၆၀၀,၀၀၀ ကျပ် |
| ( ဃ ) | စတုတ္ထဆု | ၅၀၀,၀၀၀ ကျပ် |
| ( င ) | ပဥ္စမဆု | ၄၀၀,၀၀၀ ကျပ် |

၁၉။ ပြိုင်ပွဲအသီးသီးတွင် ဆုရရှိသူများအား အခမ်းအနားဖြင့် ဂုဏ်ပြုချီးမြှင့်မည်ဖြစ်သည်။

**ပြိုင်ပွဲကျင်းပရေးကော်မတီ**

# အဲဗာတန်အသင်းနှင့်ကစားမည့် ပရီးမီးယားလိဂ်ပွဲစဉ်ကိုရွှေ့ဆိုင်းပေးရန် ပရီးမီးယားလိဂ်အဖွဲ့ချုပ်ထံ အာဆင်နယ်အသင်း တောင်းဆို

လန်ဒန် နိုဝင်ဘာ ၁၂

အာဆင်နယ်အသင်းက အဲဗာတန်အသင်းနှင့် ကစားမည့် ပရီးမီးယားလိဂ်ပွဲစဉ်ကို ရွှေ့ဆိုင်းပေးရန် ပရီးမီးယားလိဂ်အဖွဲ့ချုပ်ထံ တောင်းဆိုခဲ့ကြောင်း သိရသည်။

အာဆင်နယ်အသင်းသည် ပရီးမီးယားလိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၇)အဖြစ် လာမည့်ဒီဇင်ဘာလ ၂၁ ရက်တွင် အဲဗာတန်အသင်းအိမ်ကွင်း၌ သွားရောက်ကစားရမည် ဖြစ်ပြီး အဆိုပါပွဲစဉ်ကို တစ်ရက်စောပြီး ဒီဇင်ဘာလ ၂၀ ရက်တွင်ကစားရန် တောင်းဆိုခဲ့ခြင်းဖြစ်သည်။

အာဆင်နယ်အသင်းသည် အဲဗာတန်အသင်းနှင့် ကစားပြီး နှစ်ရက်အကြာ ဒီဇင်ဘာလ ၂၃ ရက်တွင် ကာရာဘောင်းဖလားပွဲစဉ်အဖြစ် ခရစ္စတယ်ပဲလေ့စ် အသင်းနှင့်ကစားရမည်ဖြစ်သည့်အတွက် အချိန် တစ်ရက်ခြားပြီးရရှိရန် အဲဗာတန်အသင်းနှင့်ပွဲစဉ်ကို ရွှေ့ဆိုင်းပြီး ဒီဇင်ဘာလ ၂၀ ရက်တွင် ကစားခွင့်ပေး ရန်တောင်းဆိုခဲ့ခြင်းဖြစ်သည်။

အစောပိုင်းက အာဆင်နယ်အသင်းနှင့် ခရစ္စတယ်ပဲလေ့စ်အသင်းတို့ကစားမည့် ကာရာဘောင်းဖလား ပွဲစဉ်အဖြစ် ဒီဇင်ဘာလ ၁၆ ရက်တွင် ကစားရမည်ဖြစ်သော်လည်း ခရစ္စတယ်ပဲလေ့စ်အသင်းသည် ကာရာ ဘောင်းဖလားပွဲစဉ်အပါအဝင် ငါးရက်အတွင်း သုံးပွဲ ကစားရမည့်အခြေအနေကြောင့် အာဆင်နယ်အသင်း နှင့် ကာရာဘောင်းဖလားပွဲစဉ်ကို ရွှေ့ဆိုင်းပေးရန် တောင်းဆိုခဲ့ရာမှ ပြိုင်ပွဲကျင်းပရေးကော်မတီက ဒီဇင်ဘာလ ၁၆ ရက်မှ ၂၃ ရက်သို့ ရွှေ့ဆိုင်းပေးခဲ့ ခြင်းဖြစ်သည်။

ယခုအခါ အာဆင်နယ်အသင်းကလည်း အဲဗာတန် အသင်းနှင့်ကစားပြီးလျှင် နှစ်ရက်ခြားပြီး ခရစ္စတယ် ပဲလေ့စ်အသင်းနှင့် ကာရာဘောင်းဖလားပွဲစဉ်ကစား ရမည်ဖြစ်သည့်အတွက် အဲဗာတန်အသင်းနှင့်ပွဲစဉ် ကို တစ်ရက်စောကစားခွင့်ပေးရန် တောင်းဆိုခဲ့ခြင်း ဖြစ်ပြီး ပရီးမီးယားလိဂ်အဖွဲ့ချုပ်ကလည်း ရွှေ့ဆိုင်း ခြင်း ရှိ၊မရှိကို ပြန်လည်စိစစ်ပြီး ဆုံးဖြတ်မည်ဖြစ် ကြောင်း သိရသည်။

***Ref;Football London***

# ဂျိမ်းရိုဒရီဂွက်ဇ်က လီအွန်အသင်းနှင့်စာချုပ်ဖျက်သိမ်းကာ လမ်းခွဲပြီးနောက် ကလပ်အသင်းသစ်ရှာဖွေလျက်ရှိ

မက္ကဆီကို နိုဝင်ဘာ ၁၂

မက္ကဆီကိုကလပ် လီအွန်အသင်းနှင့် စာချုပ် ဖျက်သိမ်းကာ လမ်းခွဲပြီးနောက် ကလပ်အသင်း လက်မဲ့ဖြစ်နေသည့် ကွင်းလယ်ကစားသမား ဂျိမ်းရိုဒရီ ဂွက်ဇ်က အသင်းသစ်ရှာဖွေနေပြီး ဥရောပသို့ ပြန်လည် ပြောင်းရွှေ့ရန်ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။

အသက် ၃၄ နှစ်အရွယ် ဂျိမ်းရိုဒရီဂွက်ဇ်သည် လီအွန်အသင်းနှင့် ယခုဘောလုံးရာသီအကုန်မှသာ စာချုပ်သက်တမ်းကုန်ဆုံးမည်ဖြစ်သော်လည်း စာချုပ် သက်တမ်းမကုန်ဆုံးမီ စာချုပ်ဖျက်သိမ်းကာလမ်းခွဲ ပြီးနောက် ကလပ်အသင်းလက်မဲ့ဖြစ်နေခြင်းဖြစ် သည်။

ဂျိမ်းရိုဒရီဂွက်ဇ်သည် ပရော်ဖက်ရှင်နယ်ကစား သမားဘဝက ဥရောပထိပ်တန်းကလပ်အသင်းကြီး များဖြစ်သည့် ပေါ်တိုအသင်း၊ မိုနာကိုအသင်း၊ ရီးယဲလ် မက်ဒရစ်အသင်း၊ ဘိုင်ယန်မြူးနစ်အသင်း၊ အဲဗာတန် အသင်းတို့တွင် အဆင့်ဆင့်ပြောင်းရွှေ့ကစားခဲ့သူ ဖြစ်သည်။

ဂျိမ်းရိုဒရီဂွက်ဇ်သည် ရီးယဲလ်မက်ဒရစ်အသင်း နှင့်အတူ အကောင်းဆုံးခြေစွမ်းပြနိုင်ခဲ့သော်လည်း နောက်ပိုင်းနှစ်များတွင် ဒဏ်ရာပြဿနာများနှင့် ရုန်းကန်ခဲ့ရပြီးနောက် ၂၀၂၂ ခုနှစ်က အဲဗာတန်အသင်း မှ ထွက်ခွာပြီးနောက် အယ်ရေယန်အသင်း၊ ဆာ ပေါ်လိုအသင်း၊ ဗယ်ကာနိုအသင်းနှင့် လီအွန်အသင်း တို့ထံ အဆင့်ဆင့်ထပ်မံပြောင်းရွှေ့ကစားခဲ့ခြင်းဖြစ် သည်။

ဂျိမ်းရိုဒရီဂွက်ဇ်က အိမ်ရှင်အဖြစ်ကျင်းပမည့် ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် မက္ကဆီကိုအသင်းနှင့် အတူပါဝင်ကစားလိုသည့်အတွက် ကမ္ဘာ့ဖလားပြိုင်ပွဲ မတိုင်မီ အသင်းတစ်သင်းတွင် ပြောင်းရွှေ့ကစားခွင့် ရရန်ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။

***Ref;Goal.com***




# နည်းပြလောကသို့ ပြန်လည်ဝင်ရောက်မည်ဖြစ်ကြောင်း နည်းပြဇီဒန်းအတည်ပြုခဲ့ပြီး လီဗာပူးအသင်းနှင့်သတင်းများထွက်ပေါ်နေ



လန်ဒန် နိုဝင်ဘာ ၁၂

ရီးယဲလ်မက်ဒရစ်အသင်းနှင့် လမ်းခွဲပြီးနောက် ကလပ်အသင်းလက်မဲ့ဖြစ်နေသည့် နည်းပြ ဇီဒန်း သည် နည်းပြလောကသို့ ပြန်လည်ဝင်ရောက်မည် ဖြစ်ကြောင်းအတည်ပြုခဲ့ပြီး လီဗာပူးအသင်းနှင့် သတင်းများထွက်ပေါ်နေကြောင်း သိရသည်။

အသက် ၅၃ နှစ်အရွယ် နည်းပြဇီဒန်းသည် ပရော် ဖက်ရှင်နယ်ကစားသမားဘဝမှအနားယူခဲ့ပြီးနောက် ၂၀၁၃ ခုနှစ်က ရီးယဲလ်မက်ဒရစ်အသင်း လက်ထောက် နည်းပြအဖြစ် နည်းပြလောကသို့ စတင်ဝင်ရောက်ခဲ့သူ ဖြစ်သည်။

ထို့နောက် နည်းပြဇီဒန်းသည် ၂၀၁၆ ခုနှစ်က ရီးယဲလ်မက်ဒရစ်အသင်းနည်းပြအဖြစ် ခန့်အပ်ခံရပြီး နောက် အသင်းကိုအောင်မြင်မှုများရယူပေးနိုင်ခဲ့ကာ စပိန်လာလီဂါဖလားနှင့် ချန်ပီယံလိဂ်ဖလားတို့ကို ဆွတ်ခူးပေးနိုင်ခဲ့သော်လည်း ၂၀၁၈ ခုနှစ်က အသင်း နည်းပြရာထူးမှ နုတ်ထွက်ခဲ့ခြင်းဖြစ်သည်။

နည်းပြဇီဒန်းသည် ရီးယဲလ်မက်ဒရစ်အသင်းနည်းပြ ရာထူးမှ နုတ်ထွက်ပြီးနောက် ၂၀၁၉ ခုနှစ်က ရီးယဲလ် မက်ဒရစ်အသင်းကို ဒုတိယအကြိမ် ထပ်မံတာဝန်ယူ ကိုင်တွယ်ခဲ့ပြီး အသင်းကို ဆုဖလားများဆွတ်ခူးပေး နိုင်ခဲ့သော်လည်း ၂၀၂၁ ခုနှစ် မေလက အသင်း နည်းပြရာထူးမှ ထပ်မံနုတ်ထွက်ခဲ့ပြီးနောက် လက်ရှိ အချိန်ထိ ကလပ်အသင်းလက်မဲ့ဖြစ်နေခြင်းဖြစ်သည်။

ရီးယဲလ်မက်ဒရစ်အသင်းမှ နုတ်ထွက်ပြီးနောက် နည်းပြ ဇီဒန်းကို ဥရောပထိပ်တန်းကလပ်အသင်းများ က နှစ်စဉ်ကမ်းလှမ်းမှုများ လုပ်ဆောင်ခဲ့ကြသော် လည်း နည်းပြဇီဒန်းက အစောပိုင်းက ကလပ်အသင်း များထက် ပြင်သစ်အသင်းကိုသာ ကိုင်တွယ်လိုသည့် အတွက် ကမ်းလှမ်းမှုများကို ငြင်းပယ်ခဲ့ခြင်းဖြစ်သည်။

သို့သော် ပြင်သစ်နိုင်ငံဘောလုံးအဖွဲ့ချုပ်က ပြင်သစ် အသင်းနည်းပြအဖြစ် နည်းပြ ဒက်ချမ့်ကို ၂၀၂၆ကမ္ဘာ့ ဖလားပြိုင်ပွဲအထိ တာဝန်ပေးအပ်ထားသည့်အတွက် နည်းပြဇီဒန်းအနေဖြင့် ကလပ်အသင်းတစ်သင်းကို တာဝန်ယူကိုင်တွယ်ရန် ပြင်ဆင်လာခြင်းဖြစ်သည်။

လက်ရှိတွင် လီဗာပူးအသင်းသည် နည်းပြဆလော့ လက်အောက်တွင် ရလဒ်များမတည်မငြိမ်ဖြစ်နေ သည့်အတွက် နည်းပြအပြောင်းအလဲလုပ်ဆောင်လို နေပြီး လီဗာပူးအသင်း နည်းပြသစ်အဖြစ် နည်းပြ ဇီဒန်းက ရေပန်းစားလျက်ရှိနေကြောင်း သိရသည်။

***Ref;Fabrizio Romano***

# ကော်လီနာက ပယ်နယ်တီစည်းမျဉ်းကို ပြောင်းလဲရန်စီစဉ်

ဇူးရစ် နိုဝင်ဘာ ၁၂

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ) ဒိုင်ကော်မတီအကြီး အကဲကော်လီနာက လက်ရှိဘောလုံးလောကတွင် ကျင့်သုံးနေသည့် ပယ်နယ်တီစည်းမျဉ်းကို ပြောင်းလဲ ရန် စီစဉ်နေကြောင်း သိရသည်။

လက်ရှိဘောလုံးလောကတွင် ပွဲကစားချိန်အတွင်း ရရှိသည့် ပယ်နယ်တီကန်သွင်းမှုကို ဂိုးသမားများ၏ ပုတ်ထုတ်ရာမှ ပြန်ထွက်လာခဲ့သည့်ဘောလုံးအား ကန်သွင်းသည့်ကစားသမားများအနေဖြင့် ထပ်မံ ကန်သွင်းပြီး ဂိုးသွင်းယူနိုင်သည့် စည်းမျဉ်းကိုအသုံး ပြုနေခြင်းဖြစ်သည်။

သို့သော် ကော်လီနာက အဆိုပါစည်းမျဉ်းကို အပြောင်းအလဲလုပ်ဆောင်လိုနေပြီး ဂိုးသမားပုတ်ထုတ် ရာမှပြန်ထွက်လာသည့်ဘောလုံးကို ကန်သွင်းသည့် ကစားသမားများအနေဖြင့် ထပ်မံကန်သွင်းခွင့်မရ သည့်စည်းမျဉ်းသစ်ကို ပြောင်းလဲလိုခြင်းဖြစ်သည်။

ကော်လီနာက "ပယ်နယ်တီကန်သွင်းသူများအနေ နဲ့ ဂိုးသမားပုတ်ထုတ်လို့ပြန်ထွက်လာတဲ့ဘောလုံးကို ကန်သွင်းတဲ့ကစားသမားတွေအနေနဲ့ ထပ်မံကန်သွင်း တာက တရားမျှတမှုမရှိဘူးလို့ခံစားရပါတယ်" ဟု ပြောကြားခဲ့ကြောင်း သိရသည်။

***Ref;Fotmob***

# တရားမဝင် သစ်မျိုးစုံ၊ စက်သုံးဆီများ၊ စားသောက်ကုန်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ယာဉ်များနှင့် လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များ ဖမ်းဆီးရမိ



လိုင်စင်မဲ့မော်တော်ယာဉ် (Toyota Alphard 2012 Model)

စစ်ကိုင်းတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။



လိုင်စင်မဲ့မော်တော်ဆိုင်ကယ်

ဧရာဝတီတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။



လိုင်စင်မဲ့မော်တော်ဆိုင်ကယ်

မွန်ပြည်နယ်၌ ဖမ်းဆီးရမိမှု။

**နေပြည်တော် နိုဝင်ဘာ ၁၂**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **နိုဝင်ဘာလ ၆ ရက်နှင့် ၇ ရက်**တို့တွင် စစ်ကိုင်းမြို့၊ ရတနာပုံတံတားပူးပေါင်းစစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့မော်တော်ယာဉ်(၂)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၀၀၀၀၀၀)နှင့် မုံရွာမြို့၊ အောင်ချမ်းသာရပ်ကွက်၌ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း(၉)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ်၄၅၉၈၀၀၀)တို့ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ မုံရွာမြို့နယ်၊ ကွေ့ကြီးရပ်ကွက်၌ တရားမဝင် စက်သုံးဆီ ဒီဇယ်ဆီ (ချက်ဆီ) (၄၅)ဂါလန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၈၅၀၀၀)ကို ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေအရလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၁၈၃၀၀၀)**ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် မွန်ပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **နိုဝင်ဘာလ ၈ ရက်နှင့် ၉ ရက်**တို့တွင်ပေါင်မြို့နယ်နှင့်ဘီးလင်းမြို့နယ်တို့အတွင်း၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ် (၂)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ မော်လမြိုင်မြို့၊ လှိုင်ရပ်ကွက်၊ လှိုင်ဈေးလမ်း၊ အမှတ်(၁၁၁/A)ရှိ ဂိုဒေါင်(၁)လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း (၁၂)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၁၆၂၃၈၆၀၀)ကို အမြန်စီမံခန့်ခွဲရန်လိုအပ်သော ကုန်ပစ္စည်းများဆိုင်ရာ လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ ဂိုဒေါင်ပိုင်ရှင်အား ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၂၂၂၃၈၆၀၀)** ကို ဖမ်းဆီးအရေးယူ ဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **နိုဝင်ဘာလ ၅ ရက်**တွင် တွံတေးမြို့နယ်၊ ဘုရားကြီးကျေးရွာ၌ တရားမဝင် အခြားသစ် (သုည ဒသမ ၆၇၅)တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၁၀၀၀၀)ကို သစ်တောဥပဒေအရလည်းကောင်း၊ **နိုဝင်ဘာလ ၆ ရက်**တွင် ရွှေပြည်သာမြို့နယ်၊ အမှတ်(၁၃)ရပ်ကွက်၌ လိုင်စင်မဲ့မော်တော်ယာဉ်(၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၈၁၀၀၀)** ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဧရာဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **နိုဝင်ဘာလ ၇ ရက်**တွင် ဟင်္သာတမြို့နယ်၊ ဥယျာဉ်မြောက်ရပ်ကွက်၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ် (၁)စီး **(ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

၂၀၂၅ ခုနှစ်၊ **နိုဝင်ဘာလ ၅ ရက်မှ ၉ ရက်အထိ** ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ (၁၀)မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၆၈၀၂၆၀၀)**ကို ဖမ်းဆီးရမိခဲ့သည်။ ထိုကဲ့သို့ တရားမဝင်တင်သွင်းလာမှုများကြောင့် တရားဝင်တင်သွင်းသည့်ကုန်သည်လုပ်ငန်းရှင်များအတွက် ဈေးကွက်ယှဉ်ပြိုင်နိုင်မှုစွမ်းအားကျဆင်းခြင်းနှင့် ထိခိုက်နစ်နာမှုများဖြစ်ပေါ်နိုင်စေပြီး နိုင်ငံတော်အတွက် ရသင့်ရထိုက်သည့်အခွန်ဘဏ္ဍာ ဆုံးရှုံးနစ်နာခြင်းများ ဖြစ်ပေါ်စေနိုင်သည်။ သို့ဖြစ်ပါ၍ တရားမဝင်ကုန်စည်တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများမှ ယခုထက် ပိုမိုတားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သတင်းရရှိသည်။

မြဝတီ

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေနေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၃-၁၁-၂၀၂၅ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၆၁၀ | ၂၇၂၀ | ၂၆၉၀ | ၂၆၂၀ | ၂၇၃၀ | ၂၇၄၅ | ၂၇၆၀ | ၂၆၈၀ | ၄၅၀၅ | ၂၉၇၀ | ၂၆၉၅ | ၂၉၂၅ | ၂၇၆၅ | ၂၇၃၀ | ၂၇၅၅ | ၃၀၁၀ |
| 95 Ron | ၂၆၈၅ | ၂၈၀၀ | ၂၇၆၅ | ၂၇၀၀ | ၂၈၀၅ | ၂၈၂၀ | ၂၈၄၀ | ၂၇၅၅ | ၄၅၆၀ | ၃၀၅၀ | ၂၇၇၅ | ၃၀၁၀ | ၂၈၄၅ | ၂၈၁၀ | ၂၈၃၅ | ၃၀၉၀ |
| HSD (500 ppm) | ၂၅၁၀ | ၂၆၂၀ | ၂၅၉၀ | ၂၅၂၅ | ၂၆၃၀ | ၂၆၄၅ | ၂၆၆၀ | ၂၅၈၀ | - | ၂၈၇၅ | ၂၅၉၅ | ၃၂၆၅ | ၂၆၇၀ | ၂၆၃၅ | ၂၆၅၅ | ၂၉၁၀ |
| HSD (50 ppm) | ၃၀၄၅ | ၃၁၆၀ | ၃၁၂၅ | ၃၀၆၀ | ၃၁၆၅ | ၃၁၈၀ | ၃၂၀၀ | ၃၁၁၅ | ၄၈၃၀ | ၃၄၁၀ | ၃၁၃၅ | ၃၃၁၅ | ၃၂၀၅ | ၃၁၇၀ | ၃၁၉၀ | ၃၄၅၀ |
| HSD (10 ppm) | ၃၀၄၅ | ၃၁၆၀ | ၃၁၂၅ | ၃၀၆၀ | ၃၁၆၅ | ၃၁၈၀ | ၃၂၀၀ | ၃၁၁၅ | - | ၃၄၁၀ | ၃၁၃၅ | ၃၃၁၅ | ၃၂၀၅ | ၃၁၇၀ | ၃၁၉၀ | ၃၄၅၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၄၅၀ | ၂၅၃၃ |
| 95 Ron | ၂၅၂၆ | ၂၆၁၁ |
| HSD (500 ppm) | ၂၃၅၄ | ၂၄၃၁ |
| HSD (50 ppm) | ၂၈၇၅ | ၂၉၆၂ |
| HSD (10 ppm) | ၂၈၇၅ | ၂၉၆၂ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇-၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

## (၁၂-၁၁-၂၀၂၅) ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား( ၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ (၅,၉၈၀,၀၀၀)**ကျပ်ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

## နေပြည်တော်၊ ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ တရားမဝင်သစ်များ ဖမ်းဆီးရမိ

**နေပြည်တော် နိုဝင်ဘာ ၁၂**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနသည်တရားမဝင်သစ်နှင့်သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးရေးအား ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြုစောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ် (Community Monitoring and Reporting System–CMRS) အပါအဝင်နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ **နိုဝင်ဘာလ ၃ ရက်မှ ၉ ရက်**အထိ နေပြည်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီးသစ်တောဦးစီးဌာနများမှပေးပို့လာသောစာရင်းများအရ တရားမဝင် **ကျွန်း (၆ ဒသမ ၆၃၂၁)တန်၊ သစ်မာ (၇ ဒသမ ၀၇၁၀)တန်၊ အခြား (၄၃ ဒသမ ၂၂၉၇ )တန်၊ စုစုပေါင်း( ၅၆ ဒသမ ၉၃၂၈ )တန်၊ ယာဉ်/ယန္တရားလေးစီး၊ တရားခံခုနစ်ဦး** ဖမ်းဆီးရမိခဲ့ကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။

မြဝတီ

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်


၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG ၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။


ကျန်းမာရေးဝန်ကြီးဌာန
ပြည်သူ့ကျန်းမာရေးဦးစီးဌာန

## ရာသီတုပ်ကွေးနှင့် ကိုဗစ် - ၁၉ ရောဂါ စသည့် လတ်တလော အသက်ရှူလမ်းကြောင်း ဆိုင်ရာရောဂါများ မိမိကစ၍ ကာကွယ်ပါ။



ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဗဟိုကူးစက်ရောဂါတိုက်ဖျက်ရေးဌာနခွဲနှင့် ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲတို့ ပူးပေါင်းပြုစုသည်။
(၂၀၂၅ခုနှစ် ၊ ဇွန်လ)

## ရာသီတုပ်ကွေးနှင့် ကိုဗစ် - ၁၉ ရောဂါ စသည့် လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများ မိမိကစ၍ ကာကွယ်ပါ။




- မိုးရာသီတွင် ရာသီတုပ်ကွေးရောဂါနှင့် ကိုဗစ်- ၁၉ ရောဂါစသည့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ကူးစက်ရောဂါများ ပိုမိုကူးစက်ဖြစ်ပွားနိုင်ပါသည်။
- ကိုဗစ်-၁၉ ရောဂါအား ကမ္ဘာ့ကပ်ရောဂါအဖြစ် သတ်မှတ်ထားခြင်း မရှိတော့ဘဲ ရာသီတုပ်ကွေး ရောဂါကဲ့သို့ ဒေသတွင်း ပုံမှန်ကူးစက် ဖြစ်ပွားတတ်သည့် ရောဂါအဖြစ်သာ သတ်မှတ်ထားပါသည်။
- အဆိုပါရောဂါများ ကူးစက်ဖြစ်ပွား/သေဆုံးမှုများမှ ကြိုတင်ကာကွယ်နိုင်ရန် ပြည်သူလူထုအနေဖြင့် ပူးတွဲပါအချက်များကိုသတိပြုလိုက်နာဆောင်ရွက်ကြရန်လိုအပ်ပါသည်။

### စနစ်ကျစွာ ပါးစပ်နှင့်နှာခေါင်းစည်း (Mask) တပ်နည်း



ပါးစပ်နှင့်နှာခေါင်းကို
လုံခြုံစွာဖုံးအုပ်ပါ။



အဖုံးပါသော အမှိုက်ပုံးထဲတွင်သာ စွန့်ပစ်ပါ။



စနစ်တကျ လက်ဆေးပါ။

### သတိပြုလိုက်နာရမည့် အချက်များ

(၁) လတ်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါလက္ခဏာများဖြစ်သော ဖျားခြင်း၊ နှာစေးခြင်း၊ နှာချေခြင်း၊ ချောင်းဆိုးခြင်း၊ လည်ပင်းနာခြင်းစသည့် လက္ခဏာများရှိသူများအနေဖြင့် မိမိမှ အခြားသူများသို့ ကူးစက်မှုမရှိစေရေးအတွက် –


ရောဂါကာကွယ်ရေးနည်းလမ်းများကို ကိုယ်တိုင်လိုက်နာဆောင်ရွက်ပါ၊ အခြားသူများကိုလိုက်နာရန်တိုက်တွန်းပြောကြားပေးပါ။

## ရာသီတုပ်ကွေးနှင့် ကိုဗစ် - ၁၉ ရောဂါ စသည့် လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများ မိမိကစ၍ ကာကွယ်ပါ။

(က) လူထူထပ်သောနေရာများသို့သွားခြင်းမှရှောင်ကြဉ်ခြင်းနှင့် မဖြစ်မနေသွားရောက်ရန်ရှိပါက ပါးစပ်နှင့်နှာခေါင်းစည်း (Mask) အား စနစ်တကျ ဝတ်ဆင်ခြင်း၊



(ခ) ပါးစပ်နှင့်နှာခေါင်းစည်း ဝတ်ဆင်ထားခြင်း မရှိချိန်၌ နှာချေ၊ ချောင်းဆိုးပါက လက်ကိုင်ပဝါ/ တံတောင်ကွေးဖြင့် လုံအောင်အုပ်၍ နှာချေ၊ ချောင်းဆိုးခြင်း၊



(ဂ) ရောဂါလက္ခဏာပြင်းထန်ပါကနီးစပ်ရာဆေးရုံ၊ ကျန်းမာရေးဌာနသို့ ချက်ချင်းပြသ၍ ဆေးကုသမှုခံယူခြင်း။



(၂) တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများဖြစ်သည့် လက်ကိုရေနှင့်ဆပ်ပြာ သို့မဟုတ် ရေမလိုလက်သန့်စင် ဆေးရည် (Hand sanitizer) ဖြင့် မကြာခဏ စနစ်တကျ ဆေးကြောခြင်း၊




(၃) ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများသည် ကိုဗစ်-၁၉ ရောဂါ မျိုးရိုးဗီဇကွဲများ ကူးစက်ဖြစ်ပွားခြင်းနှင့် ရောဂါလက္ခဏာပြင်းထန်မှုနှင့် အသက်ဆုံးရှုံးမှုတို့မှ ထိရောက်စွာ ကာကွယ်ပေးသည့်အတွက် ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်း ကာကွယ်ဆေး ထိုးနှံမှုခံယူခြင်း။





ရောဂါကူးစက်ခံရပါက ရောဂါပြင်းထန်နိုင်ခြေနှင့် အသက်ဆုံးရှုံးနိုင်ခြေမြင့်မားသည့်

- အသက် ၆၀နှစ် နှင့် အထက် အသက်အရွယ်ကြီးသူများ၊
- ဆီးချိုရောဂါ၊ နှာတာရှည်အဆုတ်ရောဂါ၊ ကင်ဆာရောဂါရှိသူများ၊
- ကိုယ်ဝန်ဆောင်ကာလ ၃ လနှင့်အထက် ကိုယ်ဝန်ဆောင်မိခင်များအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံမှုကို မဖြစ်မနေခံယူပါ။




ရောဂါကာကွယ်ရေးနည်းလမ်းများကို ကိုယ်တိုင်လိုက်နာဆောင်ရွက်ပါ၊ အခြားသူများကိုလိုက်နာရန်တိုက်တွန်းပြောကြားပေးပါ။



ထာဝရလှပသော အပြုံးအတွက်
Fluoride ပါဝင်သောကြောင့် သွားများကို ဖြူဖွေးတောက်ပစေပါသည်။
DENTOMEC
Ca
A
B
C
Q10
FDA အမှတ်-2212 PCE 0013
DENTIST RECOMMENDED
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၆၉၉၀၂၇၀၈၅၊ ၀၉ ၄၂၈၀၅၅၁၆၉
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇




"အေးမြကြည်လင် စိတ်ပျော်ရွှင် ကျန်းမာလန်းဆန်း နေပြည်တော်သောက်ရေသန့်အစွမ်း"
NAY PYI TAW
NAYPYITAW
နေပြည်တော်သောက်ရေသန့်စက်ရုံ
ရာဇဌာနီလမ်းမကြီး၊ ပုဗ္ဗသီရိမြို့နယ်၊
ဖုန်း - ၀၉ ၆၇၀၇၀၀၀၀၁၊ ၀၉ ၆၆၆၁၁၈၆၄၆
STARMART Nay Pyi Taw
ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။
ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇
STARMART nine mile Showroom
(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART
မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale
၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။
ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄




ငွေပင်လယ်မွေးမြူရေးနှင့်ရေလုပ်ငန်းကုမ္ပဏီလီမိတက် Ngwepinlae Livestock Breedings & Fisheries Co., Ltd
ငါး/ပုစွန် ပြုပြင်အေးခဲထုတ်လုပ်ခြင်း (အအေးခန်းစက်ရုံ)
အဆင့်မြင့်ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးကုမ္ပဏီ
လိုင်းတွန့်စက္ကူဘူးထုတ်လုပ်ရေးစက်ရုံ
ADDRESS : NO. 55/61, STRAND ROAD,BOTAHTAUNG TOWNSHIP, YANGON, MYANMAR
FAX : 951-397480, 397481 E-MAIL : ngwepinlae.headoffice@gmail.com WEBSITE : ngwepinlae.com




မြန်မာလင်း(န်)အင်(န်)ဒဲဗလော့(ပ်)မင့်(တ်)လီမိတက်
Myanmar Land and Development Limited
အဆင့်မြင့်နည်းပညာဖြင့် ပစ္စည်းအစစ်အမှန်သုံးကာ မြန်-ကောင်း-သက်သာ စိတ်တိုင်းကျစွာဖြင့် ဆောက်လုပ်ပေးမှာ MLDL ပါ
ဆက်သွယ်ရန်
Myanmar Land and Development Limited၊ အမှတ်(၁/၂)၊ သိရိရတနာလမ်း၊ ဒွာညိုပန်းအဝိုင်းအနီး၊ဇဝနသိဒ္ဓိရပ်ကွက်၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်။
ဖုန်း - ၀၆၇ ၃၄၃၅၁၈၀၊ ၀၆၇ ၃၄၃၅၁၈၂၊ ၀၆၇ ၃၄၃၅၁၈၅၊ ၀၆၇ ၃၄၃၅၁၈၃၊ Fax - ၀၆၇ ၃၄၃၅၁၈၈၊ Email; myanmarland2005@gmail.com

❖ ကျွန်တော်တို့အနေနဲ့ ငြိမ်းချမ်းရေးဖော်ဆောင်ရာမှာ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နဲ့ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)လမ်းကြောင်းကို အမိကကိုင်စွဲပြီး လျှောက်လှမ်းလျက်ရှိပါတယ်။ ငြိမ်းချမ်းရေးဖော်ဆောင်ရာမှာလည်း ပြည်ပစွက်ဖက်မှုမရှိဖို့လိုသလို ပြည်တွင်းကအဖျက်အမှောင့်ပယောဂတွေ ကင်းကင်းရှင်းရှင်းနဲ့လုပ်ဆောင်နိုင်ဖို့လည်း လိုပါတယ်။

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ ဇွန် ၂၅ ရက်နေ့တွင်ပြုလုပ်သော ငြိမ်းချမ်းရေးဖိုရမ် – Peace Forum 2025 ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# ရှေးဟောင်းအမွေအနှစ် ဂုတ်ထိပ်တံတားကြီး အောင်မြင်စွာပြင်ဆင်ပြီးစီး

## ယခင်ပြင်ဦးလွင်ဘူတာမှ ဂုတ်ထိပ်ဘူတာသို့ပြေးဆွဲပေးလျက်ရှိသော ရှုခင်းကြည့် RBE ရထားများကိုလည်း မကြာမီပြန်လည်ပြေးဆွဲပေးသွားနိုင်တော့မည်

နေပြည်တော် နိုဝင်ဘာ ၁၂

၂၀၂၅ ခုနှစ် ဩဂုတ်လ ၂၄ ရက်တွင် သောင်းကျန်းသူများ၏မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်းခံခဲ့ရသည့် ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့နယ်ရှိရှေးဟောင်းအမွေအနှစ် ဂုတ်ထိပ်တံတားကြီး၏ပျက်စီးသွားသောအစိတ်အပိုင်းများကို မြန်မာ့မီးရထားအင်ဂျင်နီယာများက ရှေးမူရင်းလက်ရာဒီဇိုင်းအတိုင်း အောင်မြင်စွာပြန်လည်ပြင်ဆင်ပြီးစီးခဲ့ပြီးဖြစ်သဖြင့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦး၊ ဒုတိယဝန်ကြီး ဦးအောင်မြိုင်နှင့် မြန်မာ့မီးရထားမှတာဝန်ရှိသူများပါဝင်သောအဖွဲ့သည် ယမန်နေ့က ဂုတ်ထိပ်တံတားကြီးပေါ်၌ ရထားစမ်းသပ်မောင်းနှင်နေခြင်းအား သွားရောက်စစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့ရှိ ကွန်ကရစ်ဇလီဖားစက်ရုံသို့ရောက်ရှိစစ်ဆေးရာ စာမျက်နှာ ၉ ကော်လံ ၁ ➔



အောင်မြင်စွာပြန်လည်ပြင်ဆင်ပြီးစီးခဲ့သည့် ရှေးဟောင်းအမွေအနှစ် ဂုတ်ထိပ်တံတားကြီးအား တွေ့ရစဉ်။

## အာရှအမျိုးသမီးချန်ပီယံလိဂ်ပြိုင်ပွဲ အုပ်စု(စီ) ပွဲစဉ်တွင် အား/ကာသိပ္ပံ(ISPE)အသင်း တိုကျိုဗာဒီဗီလီဇီအသင်းကို ၁ ဂိုး ဂိုးမရှိဖြင့်ရှုံးနိမ့်

ရန်ကုန် နိုဝင်ဘာ ၁၂

၂၀၂၅-၂၀၂၆ ရာသီ အာရှအမျိုးသမီးချန်ပီယံလိဂ်ပြိုင်ပွဲ အုပ်စု(စီ)ပွဲစဉ်တစ်ပွဲဖြစ်သည့် မြန်မာအမျိုးသမီးကလပ် အား/ကာသိပ္ပံ(ISPE)အသင်းနှင့် ဂျပန်အမျိုးသမီးကလပ် တိုကျိုဗာဒီဗီလီဇီအသင်းတို့ ယနေ့ညနေ ၃ နာရီတွင် ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်း၌ ယှဉ်ပြိုင်ကစားကြရာ တိုကျိုဗာဒီဗီလီဇီအသင်းက အား/ကာသိပ္ပံ(ISPE)အသင်းကို ၁ ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။ စာမျက်နှာ ၉ ကော်လံ ၄ ⇨




### အမေရိကန်လေယာဉ်တင်သင်္ဘော ကာရေဘီယံပင်လယ်သို့ရောက်ရှိ ဗင်နီဇွဲလားက တပ်မတော်ကို အသင့်ပြင်ဆင်စုဖွဲ့ခိုင်းထား

စာ - ၂၃ သို့

### လျှပ်စစ်ဓာတ်အားနဲ့အတူ နေ့စဉ် ဟိုက်ဒရိုဂျင်လီတာ ၂၅၀ ကိုပါ ထုတ်လုပ်ပေးမယ့် ဆိုလာဟိုက်ဒရိုဂျင် ဥယျာဉ်

စာ - ၂၂ သို့

MYAWADDY TRADING LIMITED





ပို့ကုန် လယ်ယာထွက်သီးနှံ၊ ဆန်စပါး၊ သကြား၊ရာဘာ၊ရေထွက်ပစ္စည်း၊ အခြားပို့ကုန်အမျိုးမျိုး။
သွင်းကုန် စားအုန်းဆီ၊ လူ့အသုံးအဆောင်၊ ရေနံနှင့်ဓာတုပစ္စည်း၊ဓာတ်မြေဩဇာ၊ ကတ္တရာ။
Tel: 95-01-8373255,8373265,8373267, 8373291
Fax: 95-01-8373257